# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သနား၊ စာနာ၊ မေတ္တာထား**

မိမိချမ်းသာမှုအတွက် သတ္တဝါတို့အား တုတ်လုံခဲတို့ဖြင့် ရိုက်ပုတ်ညှဉ်းဆဲခြင်းက ချမ်းသာမှုကို မရနိုင်။ ထိုသတ္တဝါတို့ကို မရိုက်ပုတ်၊ မညှဉ်းဆဲခြင်းဖြင့်သာလျှင် တမလွန်ဘဝ၌ ချမ်းသာခြင်းကို ရနိုင်၏။ (သတ္တဝါများအပေါ် သနားခြင်း၊ စာနာခြင်း၊ မေတ္တာထားခြင်းတို့ဖြင့် ဆက်ဆံရာ၏။)

**ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၃၁)**


၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက် | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၅၈)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးစိုးရိမ်စရာမရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးမှ သတင်းထုတ်ပြန်ထား

**နေပြည်တော် စက်တင်ဘာ ၂၆**

ဗြိတိန်၊ အမေရိကန်ပြည်ထောင်စုခရီးစဉ်များမှ ယမန်နေ့ညက ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေ စိုးရိမ်စရာ မရှိပါကြောင်း။

ကျွမ်းကျင်သူ ဆရာဝန်ကြီးများဖြင့် ကျန်းမာရေးစစ်ဆေးခဲ့ရာ အမေရိကန်ပြည်ထောင်စုခရီးစဉ်အတွင်း အစီအစဉ်များ များပြားလွန်းနေပြီး နားချိန်နည်းပါးသဖြင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ခရီးစဉ်အတွင်း စားချိန်၊ သောက်ချိန် မမှန်သဖြင့် အစာအိမ်ရောင်ရမ်းခြင်းနှင့် ကွန်ပျူတာအကြည့်များသဖြင့် အရိုးကျီးပေါင်းတက်ခြင်း စသည်တို့ တွေ့ရှိရကြောင်း။

ကျန်းမာရေးအခြေအနေမှာ အထူးစိုးရိမ်ဖွယ်ရာမရှိဘဲ ကောင်းမွန်လျက်ရှိပြီး အချိန်အနည်းငယ် အနားယူရန် လိုအပ်ကြောင်း သိရှိရသည်ဟု နိုင်ငံတော်အတိုင်ပင်ခံရုံးမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ် (သတင်းစဉ်)

# သဘာဝဘေးကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအားနည်းခဲ့ပါက နောက်ဆက်တွဲ ပြဿနာများတွေ့ကြုံနိုင်

**နေပြည်တော် စက်တင်ဘာ ၂၆**

သဘာဝဘေး အဆိုးဆုံးထိခိုက်ခံစားရနိုင်သည့် ဒေသများထဲတွင် အာရှ - ပစိဖိတ်ဒေသသည် ထိပ်ဆုံးက ပါဝင်ပါကြောင်း၊ အာရှ - ပစိဖိတ်တွင် မြန်မာနိုင်ငံသည် ထိပ်ဆုံးမှ ပါဝင်နေသည်ကို ပညာရှင်များက သတိပေးထားပါကြောင်း၊ မိမိတို့အနေဖြင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## မုံရွာ-မြင်းမူ-မန္တလေးကားလမ်းပေါ်၌ ရေကျော်၊ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွား



**မြင်းမူ စက်တင်ဘာ ၂၆**

မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာနှင့် မြောင်လမ်းခွဲကြား မုံရွာ-မြင်းမူ-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် ၅၄/၃ နှင့် ၅၄/၄ ကြား၌ စက်တင်ဘာ ၂၆ ရက် နံနက်က ရေကျော်မှု ဖြစ်ပွားခဲ့သည်။

ရေကျော်နေရာ တစ်ဖက်တစ်ချက်ဆီတွင် ယာဉ်စီးရေ ၁၀၀ ကျော်ခန့် ယာဉ်သွားလာမှုရပ်တန့်ခဲ့ရာ အဆိုပါနေရာသို့ စစ်ကိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြသင်း ဦးစီးအဖွဲ့၊ ခေတ္တမြင်းမူမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး စိန်ဝင်း ဦးစီးအဖွဲ့နှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး စိုးမြင့် ဦးစီးအဖွဲ့တို့က မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လူနှင့်ယာဉ်များ အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ယာဉ်များရှင်းလင်းပေးခြင်း၊ ပစ္စည်းများ ကူညီသယ်ပိုးပေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ နံနက် ၈ နာရီခွဲတွင် ယာဉ်ကြောပွင့်သွားပြီး မော်တော်ယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း သိရသည်။

**ကိုကိုနိုင်(မြင်းမူ)**

## ထစ်ချုန်းမည့်အခြေအနေဖြစ်ပေါ်

**နေပြည်တော် စက်တင်ဘာ ၂၆**

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# အကျင့်ဆိုးတို့ ဖျောက်ဖျက်ကြဖို့ အချိန်တန်

ထားဝယ်-မလွဲတောင် လမ်းချဲ့ရာတွင် သတ်မှတ်စံချိန်စံညွှန်း မညီဘဲ ဆောင်ရွက်ခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ ဆိုင်ရာ အင်ဂျင်နီယာ အဆင့်ဆင့်တို့အား ဆောက်လုပ်ရေးဝန်ကြီးဌာနက အရေးယူသွားမည်ဖြစ်သည်ဟု သိရသည်။ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က ခရီးသွားဟန်လွှဲ ဆိုသလို သွားရင်းလာရင်း ရှောင်တခင်စစ်ဆေးခဲ့ရာမှ အဆိုပါလမ်းပိုင်းတိုးချဲ့သည့်နေရာတွင် စံချိန်မညီ လုပ်ကိုင်ထားသည်များကို တွေ့ခဲ့ရခြင်း ဖြစ်သည်ဟုဆိုရာ တာဝန်ရှိသူအဆင့်ဆင့်တို့၏ တာဝန်ဝတ္တရား ပေါ့လျော့ပျက်ကွက်မှုတို့ ပေါ်လွင်နေသည်။

လမ်းအကျယ်ကို မူလ ၁၈ ပေမှ ၂၄ ပေသို့ အကျယ်ချဲ့ရာတွင် ထပ်ချဲ့သည့် အပိုင်း၌ မြေကို အနက်တစ်ပေတူးပြီး ကျောက်ဖြည့်ရမည့်အစား ခုနစ်လက်မခန့်သာတူးပြီး ကျောက်ဖြည့်ထားသည်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်ဟုလည်း သတင်းတွင် ဖတ်ရှုလိုက်ရသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်တိုင် ရှောင်တခင်စေ့စေ့စပ်စပ် စစ်ဆေးမှုကြောင့်သာ ယခုကိစ္စပေါ်ပေါက်လာရခြင်းဖြစ်ပြီး အမှတ်မထင် ကျော်ဖြတ်သွားခဲ့မည်ဆိုပါက စံချိန်စံညွှန်းမမီဘဲ လမ်းတိုးချဲ့ထားခဲ့သည့် လုပ်ရပ်မှာ အပေါ်ယံဖုံးလွှမ်းထားခဲ့သည့် ကတ္တရာများအောက်တွင် ပြီးပြီးပျောက်ပျောက် ဖြစ်သွားမည်ဖြစ်ပြီး လမ်းအသုံးပြုသည့် မော်တော်ယာဉ်များနှင့် ရာသီဥတုဒဏ်တို့ကြောင့် လမ်းများ ပျက်စီးသည့်အခါမှသာ ပြန်ပေါ်လာမည်ဖြစ်သည်ဟု ခန့်မှန်းကြည့်နိုင်သည်။ လမ်းတံတားများ တည်ဆောက်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် နှစ်စဉ်ကျပ်ငွေ ဘီလီယံများစွာ ကုန်ကျခံ ဆောင်ရွက်နေရသည်များမှာ စံချိန်မမီ ဆောင်ရွက်မှုများဖြင့် ပြည်သူ့ဘဏ္ဍာများကို အလွဲသုံးစားလုပ်ခံရခြင်း၊ ခိုးယူခံနေရခြင်းပင် ဖြစ်သည်။ ဆိုခဲ့ပါကိစ္စတွင် လမ်းတိုးချဲ့ဖောက်လုပ်ရေး လုပ်ငန်း ကန်ထရိုက်များက အရည်အသွေးမပြည့်မီဘဲ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုနိုင်စေကာမူ အမှန်တကယ် တာဝန်ရှိသူမှာ ကြီးကြပ်ကွပ်ကဲ စစ်ဆေးသူ အဆင့်ဆင့်တို့ပင် ဖြစ်သည်။

အောက်ခြေမှ တာဝန်ရှိသူအဆင့်ဆင့်တို့၏ တာဝန်ပျက်ကွက်ပေါ့လျော့မှုများမှာ မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက် အရိုးစွဲနေသည့် အကျင့်ဆိုးတစ်ခုပင် ဖြစ်သည်။ တစ်ခေတ်တစ်ခါက ရထားသံလမ်း၊ ဇလီဖားတုံးများနှင့် ကျောက်ဖြည့်မှုအခြေအနေများ သံလမ်းတစ်လျှောက် လိုက်လံ စစ်ဆေးသည့်အလုပ်ကို ဝန်ကြီးအဆင့်ရှိသူက ဆောင်ရွက်ခဲ့ရကြောင်း ထိုခေတ်သတင်းတစ်ပုဒ်တွင် ဖတ်ရှုခဲ့ရဖူးသည်။ စင်စစ်အားဖြင့် အဆိုပါလုပ်ငန်းတာဝန်မှာ ရထားလမ်းဗိုလ်တစ်ဦး၏ တာဝန်သာဖြစ်ပြီး ရထားလမ်းတစ်လျှောက် လမ်းအဆင့်အတန်း မြင့်မားကောင်းမွန်ရေးတွင်လည်း လမ်းအင်ဂျင်နီယာအဆင့်ဆင့်တို့က တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရမှာဖြစ်သည်။ အထက်ကလူကြီးများ ဆင်းလာမှ ပျာယာခတ်လုပ်ပြကြမည့်အစား မိမိတို့ဆောင်ရွက်ကြရမည့်အလုပ်ကို တာဝန်သိသိ ဆောင်ရွက်ကြရန်မှာ လိုရင်းဖြစ်သည်။

တရားမဝင် ရွှေတူးဖော်မှု၊ တရားမဝင် သတ္တုတူးဖော်မှု၊ တရားမဝင် ကျောက်ထုတ်လုပ်မှုများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ၊ စက်ရုံအလုပ်ရုံများမှ စွန့်ပစ်ဓာတုပစ္စည်းများ၊ ရေဆိုး အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိဒေသခံများ ထိခိုက်နစ်နာနေမှုများ၊ တရားမဝင် သစ်ခိုးထုတ်မှုများကြောင့် ရေဝေရေလဲဒေသများ ပျက်စီးနေမှုများ၊ လူသွားစင်္ကြံနှင့် ယာဉ်သွားလမ်းများပေါ် ကျူးကျော် ဈေးရောင်းချမှုများကြောင့် အများပြည်သူ ယာဉ်အန္တရာယ်နှင့် အနှောင့်အယှက်ဖြစ်ရမှုများအပါအဝင် အများပြည်သူများပင် အလွယ်တကူ မြင်တွေ့သိရှိနေကြရသည့် အကြောင်းအရာများကို ဆိုင်ရာတာဝန်ရှိသူတို့က အဂတိလိုက်စားကာ မသိချင်ယောင်ဆောင်နေခြင်း၊ တာဝန်မကျေပေါ့လျော့စွာဖြင့် မျက်နှာလွှဲနေခြင်း၊ ပြည်သူများအကြား ဝေဖန်မှုများ ကျယ်လောင်သည်ထက် ကျယ်လောင်လာပြီး မီဒီယာများက အုန်းအုန်းကျွက်ကျွက် ရေးသားဖော်ပြသည့်အခါမှ ဝတ်ကျေတန်းကျေ တစ်ပွဲတိုးလုပ်အရေးယူခြင်းစသည့် အကျင့်ဆိုးများမှာ ဖျောက်ဖျက်ကြရန် အချိန်တန်ပြီဖြစ်ပါကြောင်း။ ။




## မြန်မာနိုင်ငံ လူငယ်မူဝါဒ

မြန်မာနိုင်ငံ လူငယ်မူဝါဒတွင် လူငယ်များကိုယ်တိုင် ပါဝင် နိုင်ရေးအတွက် လူငယ်ကိုယ်စား လှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏အသံများ ပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိပါ သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ လူငယ်မူဝါဒ ပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ လူငယ်များ အားလုံးက ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

ထင်သာမြင်သာပြုပြင်စရာ

## ကျောင်းရှေ့လမ်းပေါ်ရှိ ရွက်ဖျင်တဲဈေးဆိုင်များ ရှင်းလင်းဖယ်ရှားပေးစေလို

လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် ဗိုလ်အောင်ကျော် လမ်းမကြီးပေါ်ရှိ အလယ်တန်းကျောင်းခွဲ (မ-၂၂) ရှေ့တွင် လမ်းပေါ်ဈေးသည်များရွက်ဖျင်တဲအမိုးအကာများဖြင့် ဈေးရောင်းချနေမှုကြောင့် ကျောင်းသား ကျောင်းသူများနှင့် မိဘများကျောင်းကြို၊ ကျောင်းပို့အခက် အခဲရင်ဆိုင်နေရကြောင်း သိရသည်။

ထိုနည်းတူ ပိတောက်မြိုင်ဈေးသို့ ဈေးကြို ထော်လာဂျီယာဉ်များ၊ လိုင်စင်မဲ့ ဆိုက်ကားများ ရပ်နားကြသည့်အတွက် ကျောင်းရှေ့တွင် ပိတ်ဆို့နေ၍ အများပြည်သူသွားလာမှု အနှောင့်အယှက်ဖြစ်ပေါ်နေသောကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ကြီးတို့က တာဝန်ရှိသူများထံ တင်ပြခဲ့ရာ ဇွန် ၃ ရက်မှစ၍ ကျောင်းရှေ့ဈေးမရောင်းရန် ဆိုင်းဘုတ်တင်အသိပေးထားပြီး ခြံစည်းရိုးခတ်ထားသော်လည်း စည်းရိုးအချို့ကိုဖျက်၍ ကျောင်းရှေ့တွင် ဆက်လက် ရောင်းချနေမှုများရှိနေသည်။ ကျောင်းသား ကျောင်းသူများနှင့် အများပြည်သူ သွားလာမှုလွယ်ကူစေရန်၊ ကျောင်းရှေ့ လမ်းပေါ်ရှိ စည်းကမ်းမဲ့ ရောင်းချနေသော ဈေးဆိုင်များကို ရှင်းလင်းဖယ်ရှားပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။



(၁၆၄)

## စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး

**တောင်တွင်းကြီး စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှုကြီးမှူး၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်က တောင်တွင်းကြီးမြို့အထက(၁) ပေလေးပင်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာမြင့်က အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးမိုးက သတိပြုဖွယ်ရာစားသောက်ကုန်နှင့် ကုန်ပစ္စည်းများအကြောင်း ဟောပြော၍ ကျောင်းမုန့်ဈေးတန်းရှိ ဈေးဆိုင်များအား ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များ ရောင်းချရေးအတွက် အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(၀၈၅)

## လေးမျက်နှာမြို့နယ်၌ မူခင်းလျော့နည်းကျဆင်းရေး ပညာပေးပြခန်းယာဉ်ပြသ

**လေးမျက်နှာ စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာတွင် စက်တင်ဘာလ တတိယပတ်က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းလှိုင်ဦးစီး၍ တပ်ဖွဲ့ဝင် ၃၁ ဦးတို့ပါဝင်သော မူခင်းပညာပေးပြခန်းယာဉ်ဖြင့် အထကစာသင်ကျောင်းရှေ့၌ ပြသခဲ့ရာ ကျောင်းအုပ်ဆရာမ ကြီး ဒေါ်ခင်အေးနှင့်အတူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များအပါအဝင် ၁၅၅၃ ဦးလာရောက် ကြည့်ရှုလေ့လာကြပြီး မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးကျော်စိုးက မူခင်းကျဆင်းရေးပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မေမိုးသဲ

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၆-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၇.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၇.၁၉ |
| ထိုင်း | တစ်ဘတ် | ၃၅. ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၈. ၄၃ |
| တရုတ် | တစ်ယွမ် | ၁၈၅.၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

# (၆၇)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့အထိမ်းအမှတ်ညော်ခံပွဲသို့ ဒုတိယသမ္မတ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၆**
ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ Banquet Hall ၌ ကျင်းပသည့် (၆၇)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ် ညော်ခံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ညစာစားပွဲတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများက (၆၇)နှစ်မြောက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တည်ထောင်သည့် အထိမ်းအမှတ်အဖြစ် တရုတ်-မြန်မာ နှစ်နိုင်ငံ ပန်းချီပညာရှင်များ ကွင်းဆင်းရေးဆွဲထားသော ပန်းချီလက်ရာများ ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် နှစ်နိုင်ငံသံတမန် စတင်ထူထောင်ခဲ့သည့် ၁၉၅၀ ပြည့်နှစ်မှစတင်၍ နှစ်နိုင်ငံအစိုးရ အဆက်ဆက်တို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးချက်ကို အခြေခံပြီး နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနှင့် အိမ်နီးချင်းကောင်းပီသသော ဆက်ဆံရေးကို ထိန်းသိမ်းမြှင့်တင်ခဲ့ပါကြောင်း။

အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်း အလေးထားဆောင်ရွက်လျက်ရှိသည့် အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု၊ ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖက်ဒရယ်ဒီမိုကရက် နိုင်ငံတည်ဆောက်ရေး ဆောင်ရွက်ချက်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ထောက်ခံအားပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လက်ရှိမြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံလည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပိုမိုကောင်းမွန်ပြီး နှစ်ဖက်အကျိုးရှိစေမည့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် တရုတ်နိုင်ငံအနေဖြင့် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုသစ်များ ပိုမိုလာရောက်နိုင်ရန် ကြိုဆိုကြောင်းကို ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် တရုတ်နိုင်ငံနှင့်အတူ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး ပိုမိုရရှိရန်အတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများ (၆၇)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ် ညော်ခံပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတ၊ တရုတ်သံအမတ်ကြီးနှင့်ဇနီးတို့က (၆၇)နှစ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်နေ့ အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညော်ခံသည်။

အဆိုပါ ညော်ခံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ညော့သည်တော်များ တက်ရောက်ကြသည်။
**(သတင်းစဉ်)**

---

❊ *ရှေ့ဖုံးမှ*

အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ (၂/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေး အဖွင့်အမှာစကားတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယသမ္မတက သဘာဝဘေးကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင် အားနည်းခဲ့ပါက နောက်ဆက်တွဲအကျိုးဆက်များဖြစ်သည့် လူကုန်ကူးမှုဖြစ်စဉ်များ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးနိုင်ခြင်းမရှိသည့်အတွက် ဒေသအတွင်း ငွေကြေးလည်ပတ်မှုရပ်တန့်ပြီး လူငယ်နှင့် လူလတ်ပိုင်းအချို့နေရပ်စွန့်ခွာမှုများ ပြုလုပ်လာကြပါကြောင်း၊ ပြည်တွင်း၌ ကျူးကျော်နေထိုင်မှုပြဿနာများ၊ ပြည်ပသို့ တရားမဝင် သွားရောက် အလုပ်လုပ်ကိုင်ခြင်းကြောင့် တရားမဝင်အလုပ်သမားပြဿနာများ ကြုံတွေ့ရသည့်အပြင် လူမှုစီးပွားဘဝရပ်တည်ရန် ခက်ခဲသည့်အတွက် ရာဇဝတ်မှုကျူးလွန်သည့်ဖြစ်စဉ်များ ဖြစ်ပွားပေါ်ပေါက်လာနိုင်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေခြင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းလာခြင်း စသည့် နောက်ဆက်တွဲပြဿနာများကို ရင်ဆိုင်တွေ့ကြုံနိုင်သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျပူးပေါင်းပြီး ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ပြီးခဲ့သည့် ရေဘေးကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ထိခိုက်မှုအများဆုံးဖြစ်ခဲ့သည့် လယ်ယာစိုက်ပျိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများကို ထိထိရောက်ရောက် ပြန်လည်ထူထောင်ပေးနိုင်ရန် ကော်မတီ၊ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စီမံဆောင်ရွက်ထားရှိမှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ဆွေးနွေးကြစေလိုပါကြောင်း။

စိုက်ပျိုးစရိတ်နှင့် မျိုးများ ထောက်ပံ့ပေးရုံနှင့် ရေဘေးသင့်ပြည်သူများ၏ အခက်အခဲများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြေလည်၍ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိပြီဟု မပြောနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးသီးနှံမပေါ်မီနှင့် အစားထိုးသီးနှံများ ဈေးကွက်သို့ မရောက်ရှိမီကာလအတွင်း ဒေသအခြေအနေနှင့် ကိုက်ညီသော ထောက်ပံ့မှုများကို မည်သို့ဆောင်ရွက်သွားမည်ကိုလည်း ထည့်သွင်းဆွေးနွေးရန် လိုအပ်ပါကြောင်း၊ ထို့ပြင် နှစ်စဉ် ရေကြီးမှု၏ အဓိကဖြစ်သည့် မြစ်ချောင်းများ၊ ဆည်တာတမံများ ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ရမည့် အမျိုးသားအဆင့် စီမံကိန်းတစ်ခု အကောင်အထည်ဖော်နိုင်ရေးအတွက် အကြံပြုဆွေးနွေးကြရန် လိုအပ်ပါကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေများကို အသုံးပြုရာတွင် ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရန်ပုံငွေသုံးစွဲမှု စာရင်းရှင်းတမ်းများအား စာရင်းစစ်ဆေးခံနိုင်ရန် ပြေစာအထောက်အထားများ စနစ်တကျထားရှိရန်နှင့် ခွဲဝေသုံးစွဲခဲ့သည့် ငွေစာရင်းရှင်းတမ်းများကို လစဉ်အမျိုးသားကော်မတီသို့ မပျက်မကွက်တင်ပြကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ကော်မတီ၏ (၁/၂၀၁၆) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ယခုနှစ် မိုးရာသီကာလ ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများအပေါ် ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ မိုးသီးနှံနှင့် ဆောင်းသီးနှံ မစိုက်ပျိုးမီကြားကာလနှင့် အခြားသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်မှုကြားကာလတို့တွင် ပြည်သူတစ်ဦးချင်းနှင့် အိမ်ထောင်စုများအား ကူညီထောက်ပံ့ပေးမှု၊ ရောဝတီမြစ်ကမ်းပါး ကမ်းပြိုတိုက်စားမှု၊ ဧရိယာအနိမ့်ပိုင်းနှင့် ဆက်စပ်ဒေသတို့တွင် နေထိုင်ကြသည့် စီးပွားရေးနိမ့်ကျသူများအား နေရာသစ် ရှာဖွေရွှေ့ပြောင်း အခြေချနေနိုင်ရန် ဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ ဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်နှင့် ဦးဝင်းခိုင်တို့က မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူးက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေသုံးစွဲမှုစာရင်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ငွေကြေးသုံးစွဲမှုအပိုင်းတွင် စာရင်းအင်းအချက်အလက်များ စနစ်တကျဖြစ်ရန် အရေးကြီးသည့်အပြင် ခွင့်ပြုရန်ပုံငွေများ သုံးစွဲရာတွင် လက်တွေ့အကျိုးရှိစေရန် တာဝန်ရှိသူများအနေဖြင့် မြေပြင်အထိ ကွင်းဆင်းစစ်ဆေးကြပ်မတ်သွားရန် လိုအပ်ပါကြောင်း၊ မြစ်ကမ်းပါးပြိုကျသည့် နေရာများမှ ပြည်သူများကို ဘေးလွတ်ရာ ဒေသသို့ ပြောင်းရွှေ့ချထားပေးရာတွင်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများက ညှိနှိုင်းပူးပေါင်း၍ စနစ်တကျ နေရာချထားပေးရန် လိုအပ်ပါကြောင်း၊ မြေယာကိစ္စများ ဆောင်ရွက်ရာတွင် ထိရောက်လျင်မြန်မှုရှိစေရန် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက အထူးအဖွဲ့များ ဖွဲ့စည်း၍ စဉ်ဆက်မပြတ် အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၂၁ ရက်အထိ စုစုပေါင်း ငွေကျပ်သန်းပေါင်း ၅၄၃၉ ဒသမ ၂၂၀ သန်း သုံးစွဲခဲ့ကြောင်း သိရသည်။
**(သတင်းစဉ်)**

---

## သံအမတ်ကြီး ဦးမောင်ဝေအား အိန္ဒိယသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၂၇**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးမောင်ဝေအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်ကြောင်း သိရသည်။
**(သတင်းစဉ်)**

---

## ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ သွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၆**
(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက မန္တလေးပြည်သူ့ဆေးရုံကြီးသွေးလှူဘဏ်ဌာနသို့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ မန္တလေးတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုရဲမှူး လှမြင့် ဦးစီး၍ မန္တလေး၊ တံတားဦးနှင့် ပြင်ဦးလွင် တပ်ဖွဲ့စုတို့မှ တပ်ဖွဲ့ဝင် ၂၅ ဦးတို့သည် စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

---

## မှူခင်းကျဆင်းရေး အသိပညာပေးယာဉ်ဖြင့် လှည့်လည်ပြသ

**မင်းလှ စက်တင်ဘာ ၂၆**
မင်းလှမြို့၌ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအား မှုခင်းကျဆင်းစေရန်အတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး ဇော်ထွန်း ကြီးကြပ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောဝေနှင့်တပ်ဖွဲ့ဝင်များသည် စက်တင်ဘာလ တတိယပတ်က မှုခင်းအသိပညာပေးယာဉ်ဖြင့် လှည့်လည်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်သည် လူစည်ကားရာနေရာ အထက (မြို့ပြင်) မင်းလှ၊ အထက သရက်တပင်၊ အထက စိန်ကန့်လန့်၊ အုတ်တွင်းတာဆုံ စသည့်နေရာများ၌ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

---

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် စက်တင်ဘာ ၂၆** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ **(မိုး/ဇလ)**

# ရေရှည်တည်တံ့ခိုင်မြဲသော ရေအားလျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၂၆**

နိုင်ငံ့ဝန်ထမ်းများ၏ စီမံခန့်ခွဲမှုစွမ်းအား၊ သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ကျွမ်းကျင်မှုစွမ်းအားနှင့် လုပ်ငန်းစွမ်းဆောင်မှု အရည်အသွေးများ ပိုမိုပြည့်ဝစေရေးတို့အတွက် စဉ်ဆက်မပြတ်လေ့လာသင်ယူမှုများ၊ နည်းပညာလက်ဆင့်ကမ်းမျှဝေမှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံချက်များရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ယနေ့နံနက် ၈ နာရီခွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် **"မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ရေအားလျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲအခမ်းအနား"**တွင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ပြောကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနနှင့် ဂျပန်နိုင်ငံ J' Power Co.Ltd တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အခမ်းအနားတွင် ဂျပန်နိုင်ငံ J' Power Co.Ltd မှ Mr. Takayu Ki Niimura က ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များနှင့် နည်းပညာဆိုင်ရာများ ဆွေးနွေး ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်ကျင်းပမည်ဖြစ်ပြီး ရေအားလျှပ်စစ်စီမံကိန်းများ ဖြစ်မြောက်နိုင်စွမ်း စူးစမ်းလေ့လာခြင်း၊ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မှုနှင့် အသုံးပြုမှု ခန့်မှန်းတွက်ချက်ခြင်း၊ မြေမျက်နှာသွင်ပြင်နှင့် ဘူမိဗေဒဆိုင်ရာ အချက်အလက်များ စူးစမ်းလေ့လာခြင်း၊ ဒီဇိုင်းပြုစုရေးဆွဲခြင်းနှင့် စီမံကိန်းအစီအစဉ်များ ရေးဆွဲခြင်း၊ ခန့်မှန်းတန်ဖိုးတွက်ချက်ခြင်း၊ စီးပွားရေးတွက်ခြေကိုက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာများကို ကျွမ်းကျင်ပညာရှင်ကြီးများနှင့် သင်တန်းသားအရာထမ်း ၂၇ ဦးတို့အကြား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးနိုင်သော ဆွေးနွေးပွဲပုံစံဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ နည်းပညာအရည်အသွေး မြှင့်တင်နိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးတင်စိုး | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သင်္ဘောကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) ဒေါ်အေးအေးဝင်း | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်<br>စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန |
| (၃) ဦးအောင်အောင် | ညွှန်ကြားရေးမှူးချုပ်<br>စီမံခန့်ခွဲမှုနှင့်<br>လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၄) ဒေါ်သန်းသန်းဆွေ | ညွှန်ကြားရေးမှူးချုပ်<br>စာရင်းဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၉-၂၀၁၆ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၈း၃၅ - ၂၀၁၆ ခုနှစ်၊ (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (ဝါသနာရှင်(ပထမတန်း) အဆင့်)(အမျိုးသား)
- ၈း၄၀ - ဥပဒေရေးရာအဖြာဖြာ "အတွေ့အကြုံ"
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၅ - မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
- ၁၄း၂၀ - KARAOKE World Championships (KWC) Myanmar 2016 (LEVEL -1) (Group-8)

**ညပိုင်း**

- ၁၆း၁၅ - ၂၀၁၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (ဝါသနာရှင် (ဒုတိယတန်း) အဆင့်)(အမျိုးသား)
- ၁၈း၃၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (တင်ဇာမော်)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **တုံ့မယူလို** (အပိုင်း-၇)
- ၂၀း၀၀ - ပြည်တွင်းသတင်း
  - နိုင်ငံတကာသတင်း
  - မိုးလေဝသအခြေအနေ
  - "မြန်မာပြည်တစ်လွှား ကမ္ဘာ့ခရီးသွား"
  - Yes or No Talk Show (Choice or Degree) (Part-6)
  - နိုင်ငံခြားဇာတ်လမ်းတွဲ
  - "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၆)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# ပုံစံဒီဇိုင်းစုံလင်သည့် သီတင်းကျွတ်ရောင်စုံမီးပုံးများ အရောင်းသွက်လာ

**နေပြည်တော် စက်တင်ဘာ ၂၆**



ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် သီတင်းကျွတ်လပြည့်ရန် နီးကပ်လာပြီဆိုလျှင်ပင် စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ လူနေအိမ်ခြံဝင်းများနှင့် ဈေးဆိုင်ခန်းများ၌ ဆီမီးထွန်းညှိပူဇော်ခြင်း၊ အလှမီးပုံးများနှင့် လျှပ်စစ်မီးပန်းကုံးများချိတ်ဆွဲ၍ အလှဆင်ယင်ထွန်းညှိကာ ဗုဒ္ဓမြတ်စွာဘုရားအား ပူဇော်မှုစလေ့ရှိကြရာ နေပြည်တော် ပျဉ်းမနားမြို့၌ သီတင်းကျွတ် မီးထွန်းပွဲတော် နီးကပ်လာသည်နှင့်အမျှ ပုံစံဒီဇိုင်းမျိုးစုံပါဝင်သည့် သီတင်းကျွတ်ရောင်စုံမီးပုံးများလည်း အရောင်းသွက်လာပြီဖြစ်သည်။

အဆိုပါ သီတင်းကျွတ်ရောင်စုံ မီးပုံးများသည် အနည်းဆုံး ငွေကျပ် ၅၀၀ မှ ၁၅၀၀၀ ဝန်းကျင်အထိ ဈေးနှုန်းများရှိကာ မိမိတို့ကြိုက်နှစ်သက်သည့် ဒီဇိုင်းပုံစံများကို ဈေးနှုန်းအလိုက် စိတ်ကြိုက်ရွေးချယ်၍ ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း**

# ညောင်ဦးမြို့နယ်၌ အိမ်သာကျင်းတူးရာမှ ကျည်ဆန်ဟောင်းများတွေ့ရှိ

**ညောင်ဦး စက်တင်ဘာ ၂၆**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် စဉ့်ကူကျေးရွာ၌ ဦးတင်ဝင်း၏ နေအိမ်နောက်ဘက် ခြံစည်းရိုးအနီး၌ စက်တင်ဘာ ၂၄ ရက်က အိမ်သာကျင်းတူးရာမှ စစ်လက်ကျန်ဟောင်းဟုယူဆရသည့် ကျည်ဆန်ဟောင်းများ တွေ့ရှိခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် စဉ့်ကူကျေးရွာနေ ဦးတင်ဝင်းသည် နေအိမ်နောက်ဘက် ခြံစည်းရိုးအနီး၌ အိမ်သာကျင်းတူးဖော်စဉ် ကျည်အမျိုးအစားမသိ ကျည်ဆန်ထိပ်ဖူးခဲရောင် အခု ၄၀၀၊ ကျည်အမျိုးအစားမသိ သစ်သားကျည်ဆန်ထိပ်ဖူးတပ် တစ်ကတ်လျှင် ငါးတောင့်ပါ ကျည်ကတ် ၅၀ (ယမ်းမပါ)၊ ကျည်အမျိုးအစားမသိ ခဲကျည်ဆန်ထိပ်ဖူးတပ် တစ်ကတ်လျှင် ငါးတောင့်ပါ ကျည်ကတ် နှစ်ခု၊ တစ်ကတ်လျှင် လေးတောင့်ပါ ကျည်ကတ် တစ်ခုတို့ တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ရှိသည့် ကျည်ဆန်ဟောင်းများကို တွေ့ရှိသူ ဦးတင်ဝင်းက စဉ့်ကူတိုက်နယ်ရဲစခန်းသို့ အကြောင်းကြားခဲ့ရာ ရဲအုပ် အောင်မိုးကျော်က လာရောက်ကြည့်ရှုစစ်ဆေးပြီး ညောင်ဦးမြို့နယ် နယ်မြေခံတပ်ရင်းသို့ ဆက်လက်စစ်ဆေးဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မျိုးသန့်မျိုးစေ့ထုတ်လုပ်မှုအသင်း အသင်းဝင်တောင်သူများအား ပံ့ပိုးပစ္စည်းများပေးအပ်

**ရေစကြို စက်တင်ဘာ ၂၆**

ရေစကြိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်ရေသောက်ဧရိယာတွင် မျိုးသန့်မျိုးစေ့ထုတ်လုပ်နိုင်ရန်အတွက် ဝါယာကျေးရွာကွင်းအမှတ် (၉၈) တွင် တောင်သူ ၁၆ ဦးတို့ပေါင်းစု၍ မနောသုခစပါးဧက ၃၀ စိုက်ပျိုးထားရှိကြောင်း သိရသည်။

အဆိုပါ မျိုးသန့် မျိုးစေ့ထုတ်ရန် စိုက်ပျိုးထားသော မနောသုခစပါးဧက ၃၀ ကို မျိုးသန့်မျိုးစေ့ထုတ်လုပ်မှုအသင်း (Seed Grower Association) ကို တောင်သူ ၁၆ ဦးဖြင့် ဖွဲ့စည်း၍ စိုက်ပျိုးထားရှိခြင်းဖြစ်ပြီး ယင်းတောင်သူများအတွက် ပံ့ပိုးပစ္စည်းများဖြစ်သော ပိုးသတ်ဆေးများနှင့် ဇီဝစူပါရွက်ဖျန်းမြေဩဇာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်ကေသွယ်မြင့်က တောင်သူတစ်ဦးချင်းစီအား ပေးအပ်ပြီး အသုံးပြုနည်းများကိုပါ ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

**ဇေထွဏ်းဇော်(ရေစကြို)**



# နဂျပ်ချောင်းရေထိုးကျမှုကြောင့် ရေအားလျှပ်စစ်စက်ရုံနှင့် စိုက်ခင်းများပျက်စီး

**ရေတာရှည် စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် နဂျပ်ကျေးရွာ၌ စက်တင်ဘာ ၂၅ ရက် ည ၈ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အရှေ့ရိုးမတောင်ပေါ်မှ နဂျပ်ချောင်းရေများထိုးကျကာ နဂျပ်ကျေးရွာအထက်ဘက် နှစ်မိုင်ခန့်အကွာ၌ ကျေးရွာမီးလင်းရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေကျပ်သိန်း ၁၈၀ ဖြင့် တည်ဆောက်ထားသော ရေအားလျှပ်စစ်စက်ရုံမှ ရေထုတ်စက် ရေကာနံရံများ၊ မိန်းခုံနှင့် မီးတိုင်၊ မီးကြိုးများ ပျက်စီးသွားခဲ့ကြောင်း၊ ရေလျှံမှုကြောင့် မိုးစပါးစိုက်ခင်းများနှင့် ချောင်းဘေး ဝဲ/ယာ တစ်လျှောက်ရှိ ပဲတီစိမ်းစိုက်ခင်း ဧက ၅၀ ကျော် ဆုံးရှုံးပျက်စီးသွားခဲ့ပြီး နဂျပ်ကျေးရွာ ခရိုင်ချင်းဆက်လမ်းပေါ်တွင် ရေများဖြတ်ကျော်သွားခဲ့သောကြောင့် မြို့နယ်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဒိန်းမတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Peter Lysholt Hansen အား ယနေ့နံနက် ၁၀နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်က တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမည့်အစီအစဉ်များအပါအဝင် ဒိန်းမတ်နိုင်ငံသံရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်လုပ်ငန်းများကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# မိုးရွာသွန်းမှုကြောင့် မြေသားနံရံပြိုကျသော်လည်း လမ်းပုံမှန်အတိုင်းသွားလာနိုင်

**ကျိုက်ထို စက်တင်ဘာ ၂၆**

ကျိုက်ထိုမြို့နယ် ကျောက်ကလပ်ကျေးရွာအုပ်စု အမှတ်(၅)ရပ်ကွက် ရန်ကုန်-မော်လမြိုင် ကားလမ်းဟောင်း သိမ်ဇရပ်ကျေးရွာနှင့် ကျောက်ကလပ်ကျေးရွာအကြား မိုင်တိုင်အမှတ် (၉၉ /၆)နှင့် (၉၉/၇)အကြားတွင် စက်တင်ဘာ ၂၅ ရက် နံနက် ၅ နာရီ မိနစ် ၄၀ က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကားလမ်းဘေးရှိ မြေသားနံရံပြိုကျ၍ ရန်ကုန်-မော်လမြိုင် ကားလမ်းဟောင်း၏ ဝဲဘက်ခြမ်းမှာ အရှည်ပေ ၁၅၀၊ အမြင့် နှစ်ပေခန့်ထိ မြေသားများဖုံးလွှမ်း ပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ပိတ်ဆို့နေသော မြေသားများအား (ခေတ္တ)ရဲတပ်ဖွဲ့မှူး ဒုရဲမှူး သံမရောင်းနှင့် တပ်ဖွဲ့ဝင်များ၊ သိမ်ဇရပ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးသက်ဦးနှင့်အဖွဲ့များ၊ ကျောက်ကလပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိန်ဌေးနှင့်အဖွဲ့များက မြန်မာ့မီးရထားပိုင် JCB မြေကော်စက်၊ ရွှေသံလွင်ကုမ္ပဏီပိုင် JCB မြေကော်စက်တို့ဖြင့် ရှင်းလင်းဖယ်ရှားခဲ့ကြသည်။

မြေသားပြိုကျမှုကြောင့် လူနှင့်တိရစ္ဆာန်၊ ပစ္စည်းများ၊ ယာဉ်များ ထိခိုက်ပျက်စီးမှုမရှိကြောင်းနှင့် လူနှင့်ယာဉ်များ ပုံမှန်အတိုင်း သွားလာနေပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ❐ ကျောဖုံးမှ

ညောင်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းမော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပူးပေါင်းအဖွဲ့က သဲအိတ်များဖြင့် ရေကာပြုလုပ်ကာရံ၍ ရထားမှာ ပုဂံဘူတာသို့ ဆက်လက်ထွက်ခွာသွားနိုင်ရေး ဆောင်ရွက်ခဲ့ကြသည်။

အလားတူ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ခက်လန်းကန်ချောင်းမှ ချောင်းရေများ တောင်ဖက်တန်းကျေးရွာသို့ ဝင်ရောက်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ကြောင်း သိရသည်။

ဆည်မြောင်းဦးစီးဌာနမှ ရေကာတန်းများ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန်အတွက် တိုင်းထွာတွက်ချက်မှုများဆောင်ရွက်လျက်ရှိပြီး ချောင်းရေကြောင့် ပျက်စီးဆုံးရှုံးသွားရသည့် သီးနှံစိုက်ဧကများကို အတိအကျသိရှိနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများမှ စနစ်တကျ စာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

## ● ကျောဖုံးမှ

တဖြည်းဖြည်းနဲ့များလာပြီ။ ကျန်ကလေးတွေပါ ကူးစက်ပြီး ချောင်းဆိုးလာတယ်။ အဲဒါနဲ့ ကျေးရွာလူကြီးတွေနဲ့ တိုင်ပင်ကာ မွန်းလွဲ ၁ နာရီမှာ သုံးဘီးဆိုင်ကယ် ဆံ့သလောက် ကလေး ၁၂ ဦးကို တင်ပြီး တောင်ငူဆေးရုံကြီးကို သွားပြခဲ့တယ်။ ရွာမှာလည်း ဖြစ်နေတဲ့ ကလေးတွေရှိသေးတယ်ဆိုတဲ့အကြောင်း ဆေးရုံက တာဝန်ရှိသူတွေကို ပြောပြခဲ့တာ ပါ" ဟု ရှင်းပြခဲ့သည်။

ယင်းနောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေး ဒုခရိုင်ဦးစီးမှူး ဒေါက်တာစန္ဒာဝင်းက "အဲ့ဒီကျေးရွာမှာ ချောင်းဆိုးတဲ့ ကလေးတွေများပြီး ကျောင်းတက်ပျက်ကွက်နေတယ်ဆိုတာ သိခဲ့ရတယ်။ ဒီမှာ လာပြတဲ့ ကလေးတွေအားလုံးက အဆုတ်ရောင်တဲ့ရောဂါမတွေ့ရှိဘဲ သာမန်ချောင်းဆိုးတဲ့ ရောဂါဆိုတာတွေ့ရတယ်။ အဲဒါနဲ့ ချက်ချင်းပဲ ပြည်သူ့ကျန်းမာရေးဝန်ထမ်း ကျွန်မ အပါအဝင် ကိုးဦးက ရွာကို သွားရောက်ခဲ့တယ်။ လူနာ ၁၀၄ ဦးကို စမ်းသပ်ကုသပေး ခဲ့တယ်။ ကလေးတွေရဲ့ ရောဂါလက္ခဏာအခြေအနေကိုကြည့်ပြီး ကုသခဲ့တယ်။ ကလေးတွေကို သေချာကုသချင်တဲ့အတွက် လိုအပ်တာတွေကို ဓာတ်ခွဲစမ်းသပ်အဖြေရှာဖို့အတွက် ယူလာခဲ့တယ်။ ထွက်လာတဲ့အဖြေပေါ်မှာ ဆက်လက်ကုသသွားမှာပါ။ အဲဒီရွာမှာပဲ ကျန်းမာရေးဝန်ထမ်းတွေက ကာကွယ်ကုသဖို့၊ အသိပညာပေးဖို့ တစ်ပတ်တိတိ ဆေးခန်းဖွင့်ထားပါတယ်" ဟု ရှင်းပြခဲ့သည်။

ချောင်းဆိုးရောဂါခံစားနေရသည့် ကလေးများရှိရာသို့ စက်တင်ဘာ ၂၅ ရက်က လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့ကျန်းမာရေး ဒုတိုင်းဦးစီးမှူးတို့က ကျန်းမာရေးစောင့်ရှောက်အသိပညာပေးခြင်းနှင့် ကုသရေးများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

## မှတ်သားဖွယ်ရာမိုးရေချိန်

**နေပြည်တော် စက်တင်ဘာ ၂၆**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဖြူးမြို့၌ ၄ ဒသမ ၄၁ လက်မ၊ သိမ်ဇရပ်မြို့၌ ၃ ဒသမ ၁၅ လက်မ၊ ချောက်မြို့၌ ၂ ဒသမ ၉၅ လက်မ၊ ရွှေဂူနီးမြို့၌ ၂ ဒသမ ၃၆ လက်မ၊ ငါးသိုင်းချောင်းမြို့၌ ၂ ဒသမ ၀၉ လက်မ၊ ဘီးလင်းမြို့၌ ၂ ဒသမ ၀၅ လက်မ၊ မုံရွာ(ကြေးမုံ)၌ ၂ ဒသမ ၀၁ လက်မ၊ ဟိုင်းကြီးကျွန်းမြို့၌ ၁ ဒသမ ၉၃ လက်မ၊ ဟားခါးမြို့တွင် ၁ ဒသမ ၇၈ လက်မ၊ ပိုင်ကျုံမြို့၌ ၁ ဒသမ ၆၉ လက်မ၊ တောင်ငူမြို့၌ ၁ ဒသမ ၆၅ လက်မ၊ ကော့ကရိတ်မြို့၌ ၁ ဒသမ ၆၁ လက်မတို့ဖြစ်ကြသည်။

**(မိုး/ဇလ)**

# ရွှေဈေးကွက်၊ ငွေဈေးကွက်

**ရန်ကုန် စက်တင်ဘာ ၂၆**



တစ်ပတ်အတွင်း ရွှေဈေးနှုန်းများကို လေ့လာပါက ကမ္ဘာ့ရွှေဈေးမှာ ၂၆ ဒေါ်လာ မြင့်တက်ခဲ့ပြီး မြန်မာ့ရွှေဈေးမှာ ငွေကျပ် ၁၃၅၀၀ ခန့်မြင့်တက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးဝင်းမြင့်က "မြန်မာ့ရွှေဈေး တက်နေရတဲ့အကြောင်းရင်း သုံးချက်ရှိပါတယ်။ ကမ္ဘာ့ရွှေဈေးတက်တာရယ်၊ ပြည်တွင်းဒေါ်လာလဲလှယ်နှုန်း မြင့်မားလာတာရယ် နောက်တစ်ချက်က အောက်တိုဘာ ၁ ရက်မှာ ကမ္ဘာ့ဘဏ်အတိုးနှုန်း လျှော့ချမယ်ဆိုတဲ့ သတင်းရယ်ကြောင့် ဖြစ်ပါတယ်"ဟု သုံးသပ်ပြောကြားခဲ့သည်။

စက်တင်ဘာ ၁၇ ရက် (စနေနေ့)သည် ကမ္ဘာ့ရွှေဈေးကွက်ပိတ်သော်လည်း ယမန်နေ့ ပိတ်ဈေးပေါ်မူတည်၍ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၁၀ ဒေါ်လာ ဖြစ်ခဲ့သည်။ မြန်မာ့ရွှေဈေးအဖွင့်မှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၈၆၉၅၀၀ ဖြစ်သကဲ့သို့ ညနေ ဈေးပိတ်ချိန်၌ ငွေကျပ် ၈၆၇၇၀၀ ဖြစ်ခဲ့သည်။ ယင်းနေ့ဗဟိုဘဏ်၏ငွေကြေးလဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ၁၂၂၃ ကျပ်ဖြစ်သည်ကို တွေ့ရသည်။

စက်တင်ဘာ ၂၀ ရက်တွင် ကမ္ဘာ့ရွှေဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၁၅ ဒေါ်လာဖြင့် စတင်ခဲ့ပြီး ညနေ ဈေးကွက်ပိတ်သည့်အခါ၌ ၁၃၁၇ ဒေါ်လာဖြစ်ခဲ့သည်။ မြန်မာ့ရွှေဈေးမှာ နံနက်ပိုင်းတွင် ငွေကျပ် ၈၇၄၅၀၀ ဖြစ်ပြီး ညနေဈေးပိတ်ချိန်၌ ငွေကျပ် ၈၇၃၅၀၀ ဖြစ်သွားခဲ့သည်။ ခြားနားမှုအနေဖြင့် ကမ္ဘာ့ရွှေဈေးကွက်တွင် နှစ်ဒေါ်လာသာ ခြားနားခဲ့ပြီး မြန်မာ့ရွှေဈေးကွက်၌ ငွေကျပ် ၁၀၀၀ သာ အနိမ့်အမြင့် ဖြစ်ခဲ့သည်။ ယင်းနေ့ ဗဟိုဘဏ် ငွေကြေးလဲလှယ်မှုနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ငွေကျပ် ၁၂၃၀ ဖြစ်ခဲ့သည်။

စက်တင်ဘာ ၂၂ ရက်တွင် ကမ္ဘာ့ရွှေဈေးကွက်အဖွင့်၌ ဒေါ်လာ ၁၃၃၂ ဖြစ်ပြီး ညနေဈေးကွက်ပိတ်ချိန်တွင် တစ်ဒေါ်လာတက်ပြီး ၁၃၃၃ ဖြင့် ပိတ်ခဲ့သည်။ မြန်မာ့ရွှေဈေးနှုန်းအနေဖြင့် အဖွင့်၌ ငွေကျပ် ၈၇၅၀၀၀ ဖြစ်ပြီး ဈေးကွက်အပိတ်၌ ငွေကျပ် ၈၇၈၀၀၀ ဖြစ်၍ ခြားနားမှုငွေကျပ် ၃၀၀၀ ဖြစ်ခဲ့သည်။ ယင်းနေ့ ဗဟိုဘဏ် ငွေကြေးလဲလှယ်မှုနှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် ငွေကျပ် ၁၃၂၅ ဖြစ်ခဲ့သည်။

စက်တင်ဘာ ၂၃ ရက် (သောကြာနေ့)တွင် ကမ္ဘာ့ရွှေဈေးမှာ အဖွင့်၌ ဒေါ်လာ ၁၃၃၄ ဖြစ်ပြီး အဖွင့်အပိတ်အကြားတွင် အပြောင်းအလဲမရှိသော်လည်း မြန်မာ့ရွှေဈေးမှာ အတက်ဘက်သို့ ဦးတည်ကာ ခြားနားမှုများပြားခဲ့သည်။ ကမ္ဘာ့ရွှေဈေးမှာလည်း ညနေ၌ တစ်ဒေါ်လာသာတက်၍ ဒေါ်လာ ၁၃၃၅ ဖြစ်ခဲ့သည်။

စက်တင်ဘာ ၂၆ ရက်တွင် မြန်မာ့ရွှေဈေးမှာ အံ့သြဖွယ်မြင့်တက်လာခဲ့သည်။ တစ်ကျပ်သားလျှင် ငွေကျပ် ၉၀၀၀၀၀ နီးပါးအထိ ဖြစ်လာခဲ့သည်။ စနေ၊ တနင်္ဂနွေနေ့များတွင် ကမ္ဘာ့ရွှေဈေးကွက်ပိတ်ခဲ့ပြီး တနင်္လာနေ့ အဖွင့်မှာလည်း ပြီးခဲ့သော သောကြာနေ့က ပိတ်ခဲ့သည့်အတိုင်း ဒေါ်လာ ၁၃၃၄ ဖြင့်ပင် စခဲ့သည်။ သို့သော် မြန်မာ့ရွှေဈေးမှာ ၈၈၇၀၀၀ ဖြစ်နေခဲ့သည်။

ညနေ ဈေးကွက်ပိတ်ချိန်၌ ကမ္ဘာ့ရွှေဈေးမှာ တစ်ဒေါ်လာသာလျှင် တက်သည်ဆိုရုံတက်ခဲ့သော်လည်း မြန်မာ့ရွှေဈေးမှာ အထက်က ဆိုခဲ့သည့်အတိုင်း အတက်ကြမ်းခဲ့သည်။ တစ်ကျပ်သားလျှင် ငွေကျပ် ၈၉၄၅၀၀ ဖြင့် ပိတ်ခဲ့သည်။ ငွေကြေးလဲလှယ်နှုန်းမှာလည်း ဗဟိုဘဏ်အနေဖြင့် ပြီးခဲ့သော သောကြာနေ့က အတိုင်း ငွေကျပ် ၁၂၃၅ ဖြစ်ခဲ့သည်။

သို့သော် ပြင်ပလဲလှယ်မှုပေါက်ဈေးမှာ ငွေကျပ် ၁၂၆၄ ဖြစ်နေသည်ကို လေ့လာတွေ့ရှိရသည်။ ရွှေဈေးအတက်အကျ အဓိကမှာ ငွေကြေးလဲလှယ်မှု အရှိန်ကြောင့်ဟု ဆိုကြသည်။

ကမ္ဘာ့ရွှေဈေး၊ မြန်မာ့ရွှေဈေး အတက်အကျကို အစဉ်လေ့လာပြီး ပြောလေ့ရှိသော ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း စည်းရုံးရေးမှူး ဦးအေးချိုက "ကမ္ဘာ့ရွှေဈေးရယ်၊ မြန်မာ့ရွှေဈေးရယ်၊ နိုင်ငံခြားငွေ(ဒေါ်လာ) လဲလှယ်မှုရယ် ဒီသုံးပွင့်ဆိုင်မှာ တကယ်တော့ ကမ္ဘာ့ရွှေဈေးတက်လာရင် ဒေါ်လာလဲလှယ်နှုန်းက ကျသွားတဲ့အစဉ်အလာရှိပါတယ်။ အခုက မကျတဲ့အပြင် အတက်ဘက်ကိုပဲ ဦးဆောင်နေပါတယ်။ ဒါကြောင့် တက်တဲ့ဒေါ်လာဈေးကိုပါမှီပြီး မြန်မာ့ရွှေဈေးကလည်း တက်ပြီးရင်းတက်ဆိုသလို ဖြစ်လာနေတယ်" ဟု ၎င်း၏ လေ့လာခဲ့မှုအပေါ် သုံးသပ်ပြောကြားပေးခဲ့သည်။

ပဲ၊ ကား၊ အိမ်ခြံမြေ၊ ရွှေနှင့် ဒေါ်လာဈေးကွက်အတွင်း လှည့်လည်၍ စီးပွားရှာနေသည့် မိတ်ဆွေတစ်ဦးက "အခုက ပဲဈေးလည်း မကောင်းဘူး။ ကားဈေးကွက်ကလည်း မစွံဘူး။ အိမ်ခြံမြေဈေးကွက်က ပိုဆိုးတယ်။ ဒါကြောင့် ရွှေဈေးကွက်ကို လှည့်နေကြတယ်။ ဗဟိုဘဏ် ငွေလဲလှယ်နှုန်းနဲ့ အပြင်ငွေလဲလှယ်နှုန်းကလည်း ကွာတယ်လေ" ဟု တွေ့ဆုံခိုက်ပြောကြားခဲ့သည်။

ရွှေဘုံသာလမ်းမှ ရွှေပွဲစားတစ်ဦးက "အခုဈေးကွက်အတွင်းမှာ ဆိုင်တွေမှာ ရောင်းအားထက် ပြန်ပြီးသွင်းတဲ့ ဝယ်အားက ပိုများနေတယ်။ အချို့ဆိုင်လေးတွေဆို ဈေးဦးမပေါက် တဲ့နေ့ရှိတယ်" ဟု ဆိုပြန်သည်။

စမ်းချောင်းမှ မိတ်ဆွေရွှေလုပ်ငန်းရှင်တစ်ဦး၏ အဆိုအရ ယနေ့ မြန်မာ့ရွှေဈေးကွက်မှာ ကမ္ဘာ့ရွှေဈေးကွက် အတက်၊ အကျနှင့် ဒေါ်လာငွေကြေးလဲလှယ်နှုန်းတို့က ဦးဆောင်လျက်ရှိပြီး မကြာမီ ပွင့်လင်းရာသီသို့ ရောက်ရှိပြီး ရွှေတွင်းလုပ်ကွက်များ ပြန်လည်ကောင်းမွန်လာ၍ ဒေါ်လာလဲလှယ်နှုန်းများပါ ကျဆင်းလာပါက မြန်မာ့ရွှေဈေးနှုန်းမှာ ဧကန်မုချ ကျရမည်ဖြစ်ကြောင်း သုံးသပ်သည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**

# စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးမှုအပေါ် အကြောင်းမဲ့ ငွေကောက်ခံသည့်ကိစ္စအား အမြန်ဆုံးစစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ပေးရန် လယ်သမားများမျှော်လင့်

**ဒလ စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သပြေကုန်းကျေးရွာမှ လယ်သမားကြီးများအား ယခုနှစ် စိုက်ပျိုးရာသီအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ဇွန် ၂၉ ရက်က ရန်ကုန်မြို့ယခင်လယ်ယာနှင့် ဆည်မြောင်းဦးစီးဌာနရှိ စိုက်ပျိုးရေးဘဏ်တွင် ထုတ်ချေးခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက တစ်ဧကလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် အကြောင်းမဲ့ ကောက်ခံခဲ့သည့်အတွက် လယ်သမားများမှာ အဆင့်ဆင့်သို့ တိုင်ကြားထားသော်လည်း ယခုအချိန်အထိ စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ပေးခြင်းမရှိကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးစရိတ် ထုတ်ချေးရာတွင် ကျေးရွာစိုက်ပျိုးစရိတ် ချေးငွေကော်မတီ၏ စေခိုင်းမှုအရဟုဆိုကာ သပြေကုန်းကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးက ငွေကောက်ခံခဲ့ကြောင်း လယ်သမားများက အကျိုးအကြောင်း မေးမြန်းသော်လည်း တိကျသည့်အဖြေကို ပေးနိုင်ခြင်းမရှိကြောင်း၊ လယ်သမားများက အဆိုပါ အကြောင်းမဲ့ ငွေကောက်ခံမှုအား လက်ကိုင်ဖုန်းများဖြင့် ဗီဒီယိုရိုက်ကူးထားသည့် မှတ်တမ်းများလည်းရှိကြောင်း၊ အဆိုပါ ကောက်ခံမှုအား အကျိုးအကြောင်း ခိုင်လုံစွာဖြင့် ရှင်းပြလျှင်ဖြစ်စေ၊ မိမိတို့ တိုင်ကြားထားသည့် အဆိုပါကိစ္စကို လာရောက်စုံစမ်းမေးမြန်းစစ်ဆေးလျှင်ဖြစ်စေ ကျေနပ်နိုင်သော်လည်း ယခုကဲ့သို့ ပြောင်းလဲလာသည့် နိုင်ငံရေးစနစ်တွင် ပွင့်လင်းမြင်သာမှုမရှိဘဲ ထင်သလို ပြုလုပ်နေခြင်းများက လက်ရှိနိုင်ငံတော်အစိုးရအား ပြည်သူများက အထင်အမြင် လွဲမှားစေနိုင်ကြောင်း တိုင်ကြားခဲ့သူ တစ်ဦးဖြစ်သည့် ဦးသန်းအောင်က ပြောသည်။

**(၁၅၅)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်း ပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# လွှတ်တော်ကို စော်ကားတာဟာ ပြည်သူကို၊ နိုင်ငံကို စော်ကားတာဖြစ်သည်

## ■ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး

၁၆-၉-၂၀၁၆ ရက်နေ့တွင် ထုတ်ဝေသော မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ ၉ "ပြည်သူ့သဘောထားစင်မြင့်" ကဏ္ဍတွင် ဆောင်းပါးရှင်ယမင်းမြတ်အေး၏ "မြန်မာ့လူ့အဖွဲ့အစည်းကို ခြိမ်းခြောက်နေသော အကျင့်ပျက်ခြစားမှု" ဟူသော ဆောင်းပါးတစ်ပုဒ်ဖော်ပြသည်ကို ဖတ်ရှုရပါသည်။

ယင်းဆောင်းပါး၏ ဥပဒေပြင်ဆင်ရေး ခေါင်းစဉ်ငယ်အောက်တွင် အောက်ပါစာသားများကို ဖော်ပြထားပါသည်-

**"ထို့အတူ ခြစားမှုတိုက်ဖျက်ရေးဥပဒေသည် ခရိုနီများနှင့် တစ်ချိန်က အာဏာရှိသူများ အကျိုးစီးပွားကို ကာကွယ်ထားကြောင်းနှင့် ပြီးခဲ့သည့် အစိုးရလက်ထက်တွင် ယင်းကဲ့သို့ အကျိုးစီးပွားကာကွယ်သည့် ဥပဒေပေါင်း ၂၃၂ ခုကို အသစ်ပြန်လည်ရေးဆွဲ အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်းလည်း သိရသည်။ ယင်းမှာ အစိုးရသစ်အတွက် ခေါင်းခဲရသည့် ပြဿနာဖြစ်နေသည် - - - - - - -"**

အထက်ဖော်ပြချက်ကို ဖတ်ရှုရသည့်အခါ ပထမအကြိမ် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အထူးစိတ်မကောင်းဖြစ်မိပါသည်။ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် ဆောင်ရွက်ခဲ့သော ဥပဒေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | အသစ်ပြုစုရေးဆွဲသည့်ဥပဒေ | ၄၃ |
| (ခ) | တည်ဆဲဥပဒေကို ရုပ်သိမ်းပြီး အသစ်ရေးဆွဲသည့်ဥပဒေ | ၅၀ |
| (ဂ) | ပြင်ဆင်သည့်ဥပဒေ | ၁၀၃ |
| (ဃ) | ရုပ်သိမ်းသည့်ဥပဒေ | ၁၇ |
| (င) | နှစ်စဉ်ပြဋ္ဌာန်းရသော ဘဏ္ဍာရေးဆိုင်ရာဥပဒေ | ၁၉ |
| | စုစုပေါင်း | ၂၃၂ |

ထို့ကြောင့် ပြီးခဲ့သည့် အစိုးရလက်ထက်တွင် အသစ်ပြန်လည်ရေးဆွဲ အတည်ပြုသည့် ဥပဒေ ၂၃၂ ခုဆိုသည်မှာ မှန်ကန်ခြင်းမရှိပါ။

ထို့ပြင် **"ခြစားမှုတိုက်ဖျက်ရေးဥပဒေ"** ဆိုသည့် အခေါ်အဝေါ်မှာလည်း မှန်ကန်တိကျမှုမရှိပါ။ အမှန်စင်စစ် **"အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ"**ကိုသာ လွှတ်တော်များအတွင်း အကြိမ်ကြိမ်ဆွေးနွေးပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၃/၂၀၁၃) အဖြစ် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

ယနေ့ပြည်သူလူထု အများစုကြီးက တစ်ခဲနက်ဆန္ဒပြု ရွေးချယ်ခဲ့သဖြင့် အစိုးရနှင့်လွှတ်တော်များ ဖွဲ့စည်းနိုင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုယ်စားလှယ်များသည် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်ဆောင်ရွက်နေခဲ့ပါသည်။ ထိုအချိန်က လွှတ်တော်အတွင်း၌ တိုင်းရင်းသားပါတီများ၏ ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များလည်း ပါဝင်ပါသည်။

ထို့အပြင် ပထမအကြိမ် လွှတ်တော်များသည်-

| | |
|---|---|
| ပြည်သူ့အသံ | - လွှတ်တော်အသံ |
| ပြည်သူ့ဆန္ဒ | - လွှတ်တော်ဆန္ဒ |
| ပြည်သူတို့၏ မျှော်လင့်ချက် | - လွှတ်တော်က ဖော်ဆောင်ရွက် |

ဟူသော ဆောင်ပုဒ်ချမှတ်ကာ မေးခွန်းများ၊ အဆိုများ၊ ဥပဒေများရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။ လွှတ်တော်များ၏ ဆောင်ရွက်ချက်သည် မည်ကာမတ္တမဟုတ်၊ Rubber Stamp တံဆိပ်တုံးအမှတ်အသားမဟုတ်၊ လက်ညှိုးထောင်ခေါင်းညိတ်မဟုတ်ကြောင်း ကမ္ဘာသိ၊ မြန်မာသိ ဖော်ထုတ်ပြသနိုင်ခဲ့ပြီ ဖြစ်ပါသည်။ လွှတ်တော်သည် နိုင်ငံ၏အသက်သွေးကြော အသက်ဝိညာဉ်ဖြစ်သည်။ လွှတ်တော်မရှိလျှင် ဒီမိုကရေစီမရှိနိုင်ချေ။ လွှတ်တော်ရှိ၍ ဒီမိုကရေစီရှိနေပြီး ယင်းကို အားလုံးက သိရှိနားလည် ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ဆောင်းပါးရှင်၏ **"ယင်းမှာ အစိုးရသစ်အတွက် ခေါင်းခဲရသည့် ပြဿနာဖြစ်နေသည် - - - - - - -"** ဟု ဖော်ပြချက်မှာ ပထမအကြိမ်၊ ပြည်ထောင်စုလွှတ်တော်၏ ဂုဏ်သိက္ခာ ရှိစွာဖြင့် ဆောင်ရွက်ချက်များကို လွန်စွာထိခိုက်စေပါသည်။

ဆောင်းပါးရှင်၏ ဖော်ပြချက်များမှာ-

(က) ဥပဒေပြဋ္ဌာန်းခြင်းနှင့် ပတ်သက်သည့် အချက်အလက်များ လွဲမှားခြင်း၊

(ခ) လွှတ်တော်များ၏ ဂုဏ်သိက္ခာနှင့်ပြည်သူအများကို ထိပါးစော်ကားခြင်း၊

(ဂ) ပြည်သူများအနေဖြင့် ပြီးခဲ့သောအစိုးရနှင့် လက်ရှိအစိုးရအပေါ် အထင်အမြင် လွဲမှားစေနိုင်ခြင်း

စသည့်မလိုလားအပ်သော ကိစ္စရပ်များကို ဖြစ်ပွားစေနိုင်သော ရေးသားထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

> **လွှတ်တော်များ၏ ဆောင်ရွက်ချက်သည် မည်ကာမတ္တမဟုတ်၊ Rubber Stamp တံဆိပ်တုံးအမှတ်အသားမဟုတ်၊ လက်ညှိုးထောင်ခေါင်းညိတ်မဟုတ်ကြောင်း ကမ္ဘာသိ၊ မြန်မာသိဖော်ထုတ်ပြသနိုင်ခဲ့ပြီ ဖြစ်ပါသည်။ လွှတ်တော်သည် နိုင်ငံ၏အသက်သွေးကြော အသက်ဝိညာဉ်ဖြစ်သည်။ လွှတ်တော်မရှိလျှင်ဒီမိုကရေစီမရှိနိုင်ချေ။ လွှတ်တော်ရှိ၍ ဒီမိုကရေစီရှိနေပြီး ယင်းကို အားလုံးက သိရှိနားလည်ဆောင်ရွက်လျက်ရှိ**

ယနေ့ခေတ်ကာလမှာ ပြည်သူအများ၏ဆန္ဒအရ တင်မြှောက်ထားသည့် လွှတ်တော်နှင့် အစိုးရအသစ်များအနေဖြင့် တိုင်းပြည်ငြိမ်းချမ်းမှုရရှိရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးတို့ကို အစွမ်းကုန်ဆောင်ရွက်နေချိန်ဖြစ်ရာ အထင်အမြင် လွဲမှားမှုများ ဖြစ်ပေါ်စေသော ယခုကဲ့သို့ ဆောင်းပါးများကိုရေးသားခြင်းသည် စာရေးသူ၏ အဆင့်အတန်းကို ဖော်ပြရာ ရောက်ပါသည်။

အလျဉ်းသင့်၍ဖော်ပြလိုသည်မှာ လွှတ်တော်သည် ဥပဒေပြုရေးတာဝန်ယူရသည်။ တစ်နည်းအားဖြင့် ဥပဒေပြုရေး၊ အချုပ်အခြာအာဏာကို လွှတ်တော်အား နိုင်ငံတော်နှင့်ပြည်သူက တာဝန်ပေးထားခြင်း ဖြစ်ပါသည်။ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်သည်-

(က) ဥပဒေပြုရေးတာဝန်

(ခ) ကိုယ်စားပြုရေးတာဝန်

(ဂ) စောင့်ကြည့်ထိန်းညှိရေးတာဝန်တို့ဖြစ်သည်။

ဥပဒေပြုရေးတာဝန်ကို ဆောင်ရွက်ရာတွင် နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးဖြစ်ထွန်းစေသော ဥပဒေများကို ပြဋ္ဌာန်းရသည်။ဥပဒေပြုရာတွင် တစ်ယောက်တည်း၏ သဘောထားနှင့်မရ။ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားဆန္ဒများဖြင့် အတည်ပြုရသည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့်ဖြစ်ပေါ်ခဲ့သော အခြေအနေများအရ အုပ်စိုးသူ အလိုကျ ဥပဒေများရှိခဲ့၍လည်း ခေတ်စနစ်နှင့်မလျော်ညီသော ထိုဥပဒေများကို ဖျက်သိမ်းခြင်း၊ အစားထိုးရေးဆွဲခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းများ ပြုလုပ်ခဲ့ရသည်။ ယနေ့လည်း ပြုလုပ်နေရပါသည်။

ပြည်သူများကို တင်ပြလိုသည်မှာ ပြောင်းလဲချိန်တန်ပြီဆိုလျှင် ဦးစွာပြောင်းလဲရမှာက ပြည်သူအကျိုးစီးပွားကို ဖြစ်စေသော၊ ပြည်သူကို ကာကွယ်စောင့်ရှောက်သော ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရန်ဖြစ်ပါကြောင်းနှင့် ပြည်သူ့ကိုယ်စားလှယ်များနှင့်လွှတ်တော်အား စော်ကားမှုများသည် ပြည်သူနှင့်နိုင်ငံတော်ကို စော်ကားရာရောက်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

## ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   ။)**

**၁၃၇၈ ခုနှစ်၊   လ   ရက်**

**(၂၀၁၆ ခုနှစ်၊   လ   ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၅၁။ ) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---



**(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် ရွှေကူမြို့သမိုင်းဝင်တန်ခိုးကြီးဘုရားဖြစ်သည့် ဘူမိဗေဃျ ရွှေပေါ်ကျွန်းစေတီတော်ရင်ပြင်နှင့် စောင်းတန်းဝန်းကျင်၌ မြို့နယ်ရဲတပ်ဖွဲ့ ယာယီရဲမှူး တင်မောင်လတ် ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် မိသားစုများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်**
(သတင်းစဉ်)

*✲ ကျောဖုံးမှ*

ဖူဆယ်အသင်းများကို အချိန်ယူပြင်ဆင်စေမည်ဖြစ်ပြီး အမျိုးသား လက်ရွေးစင် ဖူဆယ်အသင်းအတွက် ပေါ်တူဂီနည်းပြတစ်ဦးနှင့် ဆွေးနွေးလျက်ရှိသည်။ မြန်မာအမျိုးသား ဖူဆယ်အသင်းသည် အောက်တိုဘာလကုန်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် ၂၀၁၆ အာဆီယံ ဖူဆယ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ယင်းပြိုင်ပွဲမတိုင်မီ နိုင်ငံခြားသားနည်းပြ ခန့်အပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာအမျိုးသားဖူဆယ်အသင်းကို ကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်းထားပြီး လက်ရှိတွင် ပြည်တွင်းနည်းပြများက တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။ မြန်မာအမျိုးသားအသင်းသည် ယင်းပြိုင်ပွဲအတွက် ပြင်ဆင်သည့် အနေဖြင့် ဩဂုတ်လက ကျင်းပခဲ့သည့် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့ရာ အောင်မြင်မှု မရခဲ့သော်လည်း အီဂျစ်၊ တရုတ်၊ အင်ဒိုနီးရှားတို့နှင့် ကစားခွင့်ရခဲ့၍ အတွေ့အကြုံကောင်းများ ရရှိခဲ့သည်။ မြန်မာအမျိုးသမီး ဖူဆယ်အသင်းကို လက်ရှိအချိန်ထိ ဖွဲ့စည်းရခြင်းမရှိသေးဘဲ ယခုနှစ်ကုန်ပိုင်း(သို့မဟုတ်) ၂၀၁၇ နှစ်ဆန်းပိုင်းမှသာ စတင်လေ့ကျင့်ဖွယ်ရှိနေသည်။ မြန်မာ အမျိုးသမီး ဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ကိုင်တွယ်မည်ဖြစ်ပြီး အာဆီယံဖူဆယ်ကလပ် ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့်အသင်းကို အခြေခံဖွဲ့စည်းမည်ဖြစ်သည်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာဆီယံဖူဆယ်ကလပ် ပြိုင်ပွဲကို မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းက WF.C အသင်းအမည်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ အောင်မြင်မှုရယူနိုင်ခြင်းမရှိခဲ့ပေ။ မြန်မာအမျိုးသမီးအသင်းသည် အမျိုးသားအသင်းထက်စာလျှင် အားနည်းသလို ပြိုင်ပွဲရှိမှသာ လေ့ကျင့်ခြင်းဖြစ်သောကြောင့် တိုးတက်မှုအပိုင်းတွင် နှေးကွေးခဲ့သည်။ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအပြီးတွင် အမျိုးသမီးအသင်းကို လေ့ကျင့်မှုရပ်နားခဲ့ပြီး ၂၀၁၅ ဆီးဂိမ်းတွင်လည်း ဖူဆယ်ပြိုင်ပွဲ ပါဝင်ခဲ့ခြင်းမရှိခြင်းကြောင့် အမျိုးသမီးဖူဆယ်အသင်းကို ယခုနှစ်မှသာ ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းနှစ်သင်းစလုံးကို ထိုင်းနိုင်ငံသို့ စေလွှတ်ကာ ခြေစမ်းပွဲယှဉ်ပြိုင်ကစားစေမည်ဖြစ်ပြီး ဆုတံဆိပ်ရယူနိုင်ရေး မျှော်မှန်းထားကြောင်း သိရသည်။

## ရွှေတောင်၌ အခြေခံမွေးမြူရေးလုပ်သားသင်တန်းဖွင့်

**ရွှေတောင်  စက်တင်ဘာ  ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အခြေခံမွေးမြူရေးလုပ်သား (CAHW) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမင်းညွန့်ဦးက သင်တန်းဖွင့်ရခြင်း ရည်ရွယ်ချက် ရှင်းလင်းပြောကြားပြီး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းတွင် ရွှေတောင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာဝင်းကိုနှင့်အတူ မြို့နယ်ဦးစီးမှူးများက သင်ကြားပေးမည်ဖြစ်ပြီး ကျေးရွာများမှ မွေးမြူရေးလုပ်ငန်းစိတ်ဝင်စားသူ ၄၀ တက်ရောက်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာအရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၆** လူ့အခွင့်အရေးကော်မရှင်မှ ပုဂ္ဂိုလ်အချို့သည် ဆိုးရွားပြင်းထန်သည့် နှိပ်စက်ညှဉ်းပန်းမှုနှင့် နိုင်ငံသားများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုပြဿနာကို ဖြေရှင်းရာ၌ တရားမဲ့လွန်းရာ ရောက်သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ လူ့အခွင့်အရေးကို မျက်ကွယ်ပြုရာ ရောက်သည့်အတွက် ဆွေးနွေးရခြင်း ဖြစ်ပါကြောင်း ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးသည်။

ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို တင်သွင်းသည့် **ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေးချိုး ဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာ အရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**နှင့် စပ်လျဉ်း၍ ဦးတင်ထွေးက ထိုသို့ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် ပါတီစုံဒီမိုကရေစီစနစ်၏အောက်တွင် ရှိနေကြသည့် နိုင်ငံသားများ ရသင့်ရထိုက်သည့် အခြေခံလူ့အခွင့်အရေးများ ပိုမိုရရှိစေရေးနှင့် လူသားအချင်းချင်း အနိုင်အထက်ပြုကျင့် နှိပ်စက်မှုများ ပပျောက်ရန်ဖော်ထုတ်ပြီး ထိုက်သင့်သည့် အရေးယူမှုများ ဆောင်ရွက်ပေးရန် ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း။

ကော်မရှင်သည် ဒီမိုကရေစီစနစ်နှင့်အတူ ဖြစ်ပေါ်လာသည့် အဖွဲ့လည်းဖြစ်ပါကြောင်း၊ ကော်မရှင် ဥပဒေအခန်း ၂၊ ပုဒ်မ ၃ ပါ ရည်ရွယ်ချက်အတိုင်း နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရမည်၊ ပုဒ်မ ၁၁ အရ တာဝန်ထမ်းဆောင်ရာတွင် ဘက်လိုက်မှုမရှိဘဲ လွတ်လပ်စွာဆောင်ရွက်ရမည်။ ပုဒ်မ ၆၁ အရ တာဝန်ထမ်းဆောင်ရာတွင် ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၂၁ နှင့်အညီ ပြည်သူ့ဝန်ထမ်းများအဖြစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အဆိုရှင်တင်သွင်းသည့် ဖြစ်ရပ်တွင် ရာဇဝတ်မှုကြီးများကို အကြိမ်ကြိမ်ကျူးလွန်ပြီး နိုင်ငံ သားအခွင့်အရေးများကို အကြိမ်ကြိမ်ချိုးဖောက်နေသည့် အခြေအနေကို ထင်ထင်ရှားရှားတွေ့ရမည်ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် ဖြစ်ရပ်နှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းမဟုတ်ဘဲ ရဲတပ်ဖွဲ့၏ တင်ပြချက်အပေါ် အတည်ပြုညှိနှိုင်းပေးခဲ့သည်ဆိုသည်မှာ ပေါ်ပေါက်ပါကြောင်း။



ဦးတင်ထွေး
ဝေါမဲဆန္ဒနယ်

ကော်မရှင်သည် အင်းဝအပ်ချုပ်ဆိုင်မိသားစု၏ ပြဋ္ဌာန်းဥပဒေများကို ဖောက်ဖျက်ကြောင်း ထင်သာမြင်သာရှိသည့် အချက်အလက်များကို တွေ့ရှိရပါလျက် အဖွဲ့အား လုပ်ပိုင်ခွင့်ပေးထားသည့် ဥပဒေပါ လုပ်ပိုင်ခွင့်များကို အသုံးမပြုဘဲ စေ့စပ်ညှိနှိုင်းရန်ကို တရားသေစွဲကိုင်လုပ်ကိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အမျိုးသားလူ့အခွင့်အရေး ခေါင်းစဉ်အောက်ရှိ ကော်မရှင်အဖွဲ့အနေဖြင့် လူလူချင်း ညှာတာမှုကင်းမဲ့ကာ လူ့သမိုင်း၏ ကျေးကျွန်ခေတ်မှ ကျွန်ရှင်များက နှိပ်စက်မှု ပြုလုပ်သကဲ့သို့ လူ့အခွင့်အရေး ချိုးဖောက်မှုရှိကြောင်း အထင်အရှားတွေ့ရှိချက်အပေါ် လျစ်လျူရှု မျက်ကွယ်ပြုပြီး ကျေးရွာ၊ ရပ်ကွက်တစ်ခုအတွင်းဖြစ်ပွားသည့် သာမာန်လူမှုရေးပြဿနာတစ်ခုကို ငွေကြေးဖြင့် ညှိနှိုင်းကျေအေးခြင်းမျိုး အသုံးပြု အဆုံးသတ်စေခြင်းသည် လူ့အခွင့်အရေးကော်မရှင်ဟူသည့် အခန်းကဏ္ဍကို မှေးမှိန်သေးသိမ်အောင် ဆောင်ရွက်သည်ဟု မြင်ပါကြောင်း။

ကော်မရှင်အနေဖြင့် ထိုသို့ဖြေရှင်းဆောင်ရွက်ခြင်းသည် နိုင်ငံအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရှာဖွေဖော်ထုတ်တင်ပြရမည့်အစား ချိုးဖောက်မှုများကို အကာအကွယ်ပေးသည့် ခံကတုတ်အဖြစ် ဖွဲ့စည်းထားသည့် ကော်မရှင်ပမာဖြစ်နေသည်ကို တွေ့ရပါကြောင်း။

လူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပေါ့ပေါ့တန်တန် သဘောထားလုပ်ဆောင်ခြင်းဖြစ်နေပါသဖြင့် ကမ္ဘာ့အလယ်တွင် ရှက်ဖွယ်ရာပင်ဖြစ်ပါကြောင်း။

လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်သူများကို ဖော်ထုတ်ရမည့် အဖွဲ့အစည်းသည် ဖြစ်ပွားသည့်အမှု အတိမ်အနက်ကိုမကြည့်ဘဲ အမှုပိတ်သိမ်းနိုင်ရန်၊



ဗိုလ်မှူးအောင်ဇင်မင်း
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

သက်သာခွင့်ရရန် ဆောင်ရွက်ပေးနေသကဲ့သို့ ဥပဒေကြောင်းအရ အမြင့်ဆုံးအထိ ဆောင်ရွက်ရမည့်ကိစ္စကို ငွေပေး၍ အနိမ့်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးခြင်းမျိုး၊ တစ်မျိုးသားလုံးကို သိက္ခာချသကဲ့သို့ တွေ့မြင်ရပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးပါ ပြဋ္ဌာန်းချက်နှင့် ပုဒ်မ ၃၅၈ ပါ ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်မှုကို ပြဋ္ဌာန်းထားသည့် အချက်များကို ဆန့်ကျင်ရာ ရောက်ပါကြောင်း။

လူ့အခွင့်အရေးကို ကာကွယ်တိုးမြှင့်ရန် အချိန်ယူနေချိန်၊ နိုင်ငံတကာကလည်း မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုနှင့် လုပ်ငန်းများကို အကောင်းမြင်ပူးပေါင်းဆောင်ရွက်ရန် ပြင်ဆင်နေချိန်တွင် ယခုကဲ့သို့ ကော်မရှင်၏ဖြေရှင်းမှုသည် နိုင်ငံတကာ၏ပုံရိပ်တွင် နိုင်ငံ၏ပုံရိပ်များစွာ နိမ့်ကျထိခိုက်စေပါကြောင်း ဦးတင်ထွေးက ဆက်လက်ဆွေးနွေးသည်။

အလားတူ **လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စည်သူ**က ယခု ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ အင်းဝအပ်ချုပ်ဆိုင်နှင့် အမျိုးသမီးကလေးငယ်နှစ်ဦးတို့၏ ဖြစ်စဉ်တွင် ကော်မရှင်အဖွဲ့ဝင်အချို့၏ မှားယွင်းစွာကျင့်သုံးလုပ်ဆောင်နေခြင်းအပေါ် စိစစ်သုံးသပ်အရေးယူရမည်မှာ ရှင်းလင်းနေပါကြောင်း၊ ကော်မရှင်အဖွဲ့ဝင်အချို့သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈) နိုင်ငံသားများ၏ မူလအခွင့်အရေးတွင်ပါဝင်သည့် **ပုဒ်မ ၃၅၈** တွင် နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်။ **ပုဒ်မ ၃၅၉** တွင် နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကိုခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက်ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချမှတ်ထားခြင်းမှတစ်ပါး

*စာမျက်နှာ ၈ ကော်လံ ၁*

# ရေစကြိုမြို့နယ်ရှိ ရှေးဟောင်းအဆောက်အအုံစေတီပုထိုးများ ရေရှည်တည်တံ့စေရန် နှစ်စဉ်ခွင့်ပြုရန်ပုံငွေလျာထားပြီး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆** ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းစုစုပေါင်း ၃၉၉ ကျောင်းတွင် လိုအပ်လျက်ရှိသည့် ဆရာ ဆရာမနေအိမ်များနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဖြေကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့တွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်၏ **"ချင်းပြည်နယ်အတွင်းရှိ အလယ်တန်းကျောင်း(ခွဲ)၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ) နှင့် အထက်တန်းကျောင်းများရှိသော ကျေးရွာများတွင် ဆရာ ဆရာမ နေအိမ်များနှင့် ကျောင်းသား ကျောင်းသူ များ နေထိုင်ရန် ဘော်ဒါဆောင်များကို နိုင်ငံတော်မှ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၃၂ ကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၄၂ ကျောင်းတို့တွင် တစ်ထပ်၊ ခြောက်ခန်းတွဲ တစ်ဆောင်စီ၊ အခြေခံပညာအလယ်တန်းကျောင်း ၃၀နှင့် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ၁၆၂ ကျောင်းတို့တွင် တစ်ထပ်၊ လေးခန်းတွဲ တစ်ဆောင်စီနှင့် အခြေခံပညာမူလတန်းလွန်ကျောင်း ၁၂၃ ကျောင်းတို့တွင် တစ်ထပ်၊ နှစ်ခန်းတွဲ တစ်ဆောင်စီ ဆောက်လုပ်ပေးရန်အတွက် ချင်းပြည်နယ်ပညာရေးမှူးရုံးက ပြည်နယ်အစိုးရအဖွဲ့ထံသို့ သဘောထားမှတ်ချက်ပြန်ကြားပေးရန် တင်ပြထားပြီးဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ရရှိပါက သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်များအလိုက် ရန်ပုံငွေများ ခွဲဝေဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ ဒေါက်တာကျော်ငွေ၏ **"မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ ပခန်းကြီးရှေးမြို့ဟောင်းရှိ အုတ်မြို့ရိုး၊ ကျုံးနှင့်တကွ ရှေးဟောင်းသာသနိကအဆောက်အအုံများ၊ ကုန်းဘောင်ခေတ်က ထင်ရှားခဲ့သော ရွှေဥမင်တောရကျောင်းတိုက်တို့ကို ရေရှည်တည်တံ့စေရေးအလို့ငှာ မည်ကဲ့သို့ စောင့်ရှောက်ထိန်းသိမ်းပေးနေသည်ကို သိရှိလိုခြင်းနှင့် မြို့ရိုးဟောင်းကို လွယ်ကူစွာကြည့်ရှုလေ့လာနိုင်ရန် မြို့ရိုးအပြင်ဘက်မှ ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ ပခန်းကြီးရှေးမြို့ဟောင်းရှိ အုတ်မြို့ရိုး၊ ကျုံးနှင့်တကွ ရှေးဟောင်းသာသနိကအဆောက်အအုံများ၊ ကုန်းဘောင်ခေတ်က ထင်ရှားခဲ့သော ရွှေဥမင်တောရကျောင်းတိုက်အပါအဝင် ရှေးဟောင်းအဆောက်အအုံ၊ စေတီပုထိုးများ ရေရှည်တည်တံ့စေရန် နှစ်စဉ်ခွင့်ပြုရန်ပုံငွေလျာထားလျက် ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိကြောင်း။

၁၉၉၀-၁၉၉၁ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ခွင့်ပြုရန်ပုံငွေ စုစုပေါင်း ၁၇၆ ဒသမ ၁၉၆ သန်းဖြင့် ဆောင်ရွက်ထားပါကြောင်း၊ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် လှုပ်ခဲ့သော ငလျင်ဘေးဒဏ်ကြောင့်လည်း အချို့ရှေးဟောင်း အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုရှိ၍ ကွင်းဆင်းစစ်ဆေးမှတ်တမ်းတင်ခြင်းနှင့် အခြားလိုအပ်သည့် ပြုပြင်မှုများပြုလုပ်ရန် ကုန်ကျငွေခန့်မှန်းတွက်ချက်၍ နိုင်ငံတော် အစိုးရသို့ ဘဏ္ဍာငွေတောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့်၏ **"အစမှ အဆုံးတိုင် ပြီးမြောက်ခြင်းမရှိသော်ငြားလည်း စာပေတန်ဖိုးကြီးမားသည့် J.A. Stewart၊ C.W.Dunn၊ H.F. Searle၊ A.J.Allott နှင့် ဒေါက်တာလှဖေတို့၏ Burmese-English Dictionary နှင့် ၁၉၆၄ ခုနှစ်တွင် အပိုင်း ၅ ဆ အက္ခရာ အထိ ပုံနှိပ်ထုတ်ဝေပြီး ရပ်ဆိုင်းသွားခဲ့သော တက္ကသိုလ်မြန်မာအဘိဓာန်တို့၏ပြုစုပြီးသမျှတို့ကို ပြန်လည်ပုံနှိပ်ထုတ်ဝေပေးရန်အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက J.A. Stewart၊ C.W.Dunn၊ H.F. Searle၊ A.J.Allott နှင့် ဒေါက်တာလှဖေတို့ပြုစုခဲ့သော Burmese-English Dictionary သည် တည်ပုဒ်အားလုံး ပြီးစီးပြည့်စုံရန် များစွာလိုအပ်နေသေးသည့်အပြင် တက္ကသိုလ်(၂)ခု ပူးပေါင်းဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်သည့်အတွက် ပြန်လည်ပုံနှိပ်မည်ဆိုလျှင် မူပိုင်ခွင့်စသည့် ညှိနှိုင်းဖွယ်ရာ ကိစ္စများရှိနေခြင်းတို့ကြောင့် လောလောဆယ် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရန် အခြေအနေမရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ၁၉၇၅ ခုနှစ်တွင် မြန်မာစာကော်မရှင်ကို မြန်မာစာအဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းပြီး ဆရာကြီးမင်းသုဝဏ် ပြုစုခဲ့သော တက္ကသိုလ်မြန်မာအဘိဓာန်ကိုအခြေခံကာ လိုအပ်သည်များ တည်းဖြတ် ဖြည့်စွက်ပြင်ဆင်ခဲ့ပါကြောင်း၊ ထိုသို့ပြင်ဆင်ဖြည့်စွက်ပြီး "က" အက္ခရာမှ "အ" အက္ခရာအထိပါဝင်သော မြန်မာအဘိဓာန်(အကျဉ်းချုပ်) ၅ တွဲကို ပြုစု၍ ၁၉၇၈ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အတွင်း ထုတ်ဝေခဲ့ပါကြောင်း၊ ၎င်းအဘိဓာန်သည် "က" မှ "အ" အထိ အက္ခရာအားလုံးပြည့်စုံသည့် ပထမဆုံးမြန်မာအဘိဓာန်ဖြစ်သည့်အပြင် ခရီးဆောင်မြန်မာအဘိဓာန်ကိုလည်း ၁၉၉၉ ခုနှစ်တွင် ပြုစုထုတ်ဝေခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာစာအဖွဲ့သည် အဆိုပါ ပထမဆုံးအဘိဓာန်ထက် ကျယ်ပြန့်ခေတ်မီသည့် မြန်မာအဘိဓာန်ကြီး တစ်အုပ်ကိုလည်း ဆက်လက်ပြုစုနေဆဲဖြစ်ကြောင်း။

သို့ဖြစ်ပါ၍ ၁၉၆၄ ခုနှစ်တွင် အပိုင်း ၅ "ဆ" အက္ခရာအထိ ပုံနှိပ်ထုတ်ဝေခဲ့ပြီးသော တက္ကသိုလ်မြန်မာအဘိဓာန်ကို ပြန်လည်ထုတ်ဝေရန်မှာ ထိုအဘိဓာန်ကို အခြေခံကာ မြန်မာစာအဖွဲ့က လိုအပ်သည်များ တည်းဖြတ် ဖြည့်စွက် ပြင်ဆင်၍ "က" အက္ခရာမှ "အ" အက္ခရာအထိ ပါဝင်သော မြန်မာအဘိဓာန်များကို ထုတ်ဝေပြီးဖြစ်သည့်အတွက် လတ်တလော ပြန်လည်ထုတ်ဝေရန် မသင့်သေးပါကြောင်း ဒုတိယဝန်ကြီးက ဖြေကြားသည်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည်ဖြိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) မှ ဦးမျိုးဝင်းတို့က လွှတ်တော်နှစ်ရပ်အကြား သဘောထားကွဲလွဲလျက်ရှိသည့် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ရွေးချယ်ခန့်အပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်၊ ပညာအရည်အချင်း သတ်မှတ်ချက်ဆိုင်ရာပြဋ္ဌာန်းချက်၊ အစားထိုးခန့်အပ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်၊ တာဝန်နှင့် လုပ်ပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် ညှိစာရင်း တိုင်ကြားရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ပယ်ဖျက်သင့်သည့် အချက်များ၊ ရှင်းလင်းပြတ်သားစွာ ပြဋ္ဌာန်းသင့်သည့်အချက်များ၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ပြဋ္ဌာန်းသင့်သည့်အချက်များကို ပုဒ်မတစ်ခုချင်းစီအလိုက် ထောက်ပြဆွေးနွေးကြသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များသည် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့တွင် ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**၁၉၆၄ ခုနှစ်တွင် အပိုင်း ၅ "ဆ" အက္ခရာအထိ ပုံနှိပ်ထုတ်ဝေခဲ့ပြီးသော တက္ကသိုလ်မြန်မာအဘိဓာန်ကို ပြန်လည်ထုတ်ဝေရန်မှာ ထိုအဘိဓာန်ကို အခြေခံကာ မြန်မာစာအဖွဲ့ကလိုအပ်သည်များ တည်းဖြတ် ဖြည့်စွက် ပြင်ဆင်၍ "က" အက္ခရာမှ "အ" အက္ခရာအထိပါဝင်သော မြန်မာအဘိဓာန်များကို ထုတ်ဝေပြီး ဖြစ်သည့်အတွက် လတ်တလော ပြန်လည်ထုတ်ဝေရန် မသင့်သေး**

# (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကျင်းပရေး ဦးစီးကော်မတီစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၂၆**

(၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကျင်းပရေးဦးစီးကော်မတီ နောက်ဆုံးအစည်းအဝေး (၇/၂၀၁၆) ကို ပြည်ထောင်စုလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၃နာရီတွင် ကျင်းပသည်။ **(ယာပုံ)** အစည်းအဝေးသို့ (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ရုံး အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် ဦးစီးကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦးနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ညီလာခံကျင်းပရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ကရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက ဆွေးနွေးကြသည်။ ထို့နောက် အာဆီယံပါလီမန်များညီလာခံကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားသည်။

**(သတင်းစဉ်)**



*စာမျက်နှာ ၇ မှ*

အခမ္ဘခိုင်းစေခံခြင်းများကို တားမြစ်သည်ဟုလည်းကောင်း၊ **မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥပဒေအခန်း(၂) ရည်ရွယ်ချက် (၃)မှာ ပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ** နိုင်ငံသား၏ မူလအခွင့်အရေးကို ပိုမိုကာကွယ်စောင့်ရှောက်ရန် လိုအပ်သည်ဟူသည့် အချက်ကိုလည်းကောင်း ချိုးဖောက်သည်ကို တွေ့ရပါကြောင်း။

ကော်မရှင်အနေဖြင့် တိုင်တန်းချက်ကို လက်ခံရရှိပါက ကော်မရှင်ဥပဒေ အပိုဒ်-၂၉ နှင့်အညီ သဘာဝတရား၏ မျှတမှု သဘောတရားနှင့် တရားမကျင့်ထုံး၊ ရာဇဝတ်မှုကျင့်ထုံး သက်သေခံဥပဒေကိုပါ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရန် တာဝန်ပျက်ကွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ကော်မရှင်ဥပဒေ၏ အပိုဒ်-၃၄ပါ တိုင်တန်းချက်အကြောင်း အခြင်းအရာသည် ညှိနှိုင်းရနိုင်သည် ဟုယူဆပါက ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ရမည်ဟုဆိုသော်လည်း ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေအရ အညီဖြစ်ရမည်ဟု ဆိုထားပါကြောင်း၊ ကော်မရှင်အဖွဲ့ဝင် တချို့၏လုပ်ဆောင်ချက်မှာ မညီညွတ်သည်ကို တွေ့ရပါကြောင်း၊ ညှိနှိုင်းနိုင်ရန် တရားမမှုနှင့် သက်ဆိုင်ပါက လက်ခံနိုင်သော်လည်း ယခုဖြစ်စဉ်သည် ရာဇဝတ်မှု(ရာဇသတ်ပုဒ်မ)ကို ကျူးလွန်နေသည်ကို တွေ့ရကြောင်း ဆွေးနွေးသည်။

ထို့အပြင် ကော်မရှင်အဖွဲ့ဝင်များသည် **နိုင်ငံတကာ၏ ကလေးသူငယ်ဥပဒေကို ချိုးဖောက်နေတာ**ကိုတွေ့ရပါကြောင်း၊ နိုင်ငံတကာ**အမျိုးသမီးအခွင့်အရေးစာချုပ်**ကိုလည်း ချိုးဖောက်နေခြင်းဖြစ်ပါကြောင်း၊ ရာဇဝတ်မှုကို ဟန့်ထားရန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုကိုကာကွယ်ရန် နိုင်ငံသားတိုင်း၌ တာဝန်ရှိပါကြောင်း၊ တာဝန်ပေးအပ်ခြင်းခံရသည့် ကော်မရှင်အဖွဲ့ဝင်အနေဖြင့် လူ့အခွင့်အရေးကို မြတ်နိုးသည့်လူသားတစ်ယောက်အဖြစ် တာဝန်အပြည့်ရှိပါကြောင်း။

ကော်မရှင်အဖွဲ့ဝင်အချို့၏လုပ်ရပ်သည် နိုင်ငံတော်၏တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပါကြောင်း၊ ကျူးလွန်သူကို အပြစ်လျော့အောင် လုပ်ဆောင်ပေးနေခြင်း၊ တရားစီရင်မှုကို မှားယွင်းအောင် လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း။

လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား အရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း ဒေါက်တာဒေါ်ခင်စည်သူက ဆက်လက်ဆွေးနွေးသည်။

ထို့အတူ **တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး အောင်ဇင်မင်း**က ၁၉၄၈ ခုနှစ် ဒီဇင်ဘာ လ ၁၀ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ချမှတ်အတည်ပြုထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၂၀၁၃ခုနှစ် ဧပြီလ ၁၇ ရက်တွင် အဆိုပါစာတမ်းကို မြန်မာဘာသာသို့ ပြန်ဆိုပြီး ထုတ်ဝေခဲ့ပါကြောင်း၊ အဆိုပါကြေညာစာတမ်း၏ အပိုဒ် ၅ နှင့် အပိုဒ် ၇ တို့တွင် လူ့ဂုဏ်သိက္ခာနှင့် တန်းတူရှိမှုကို ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

ကော်မရှင်၏ဆောင်ရွက်ချက်များကိုကြည့်ပါက ကော်မရှင်မှ အဖွဲ့ဝင်အချို့သည် ဥပဒေကြောင်းအရ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းခဲ့ပြီး ပြစ်မှုကျူးလွန်သူများ သက်သာခွင့်ရအောင် ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည့် သဘောသက်ရောက်ကာ လုပ်ရမည့်လုပ်ငန်းစဉ်များအတိုင်း လုပ်ဆောင်ခြင်းမပြုဘဲ မိမိတို့ကော်မရှင်၏ရည်ရွယ်ချက်၊ တာဝန်ဝတ္တရားများအပေါ် ပျက်ကွက်မှုရှိသည့် အခြေအနေမျိုး ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်သည် ကမ္ဘာတစ်ဝန်းရှိ ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ပြီး ထုတ်ပြန်ထားခြင်းဖြစ်၍ မြန်မာနိုင်ငံအစိုးရသည် အဆိုပါစာချုပ်ကို ၁၉၉၁ ခုနှစ်တွင် သဘောတူလက်မှတ် ရေးထိုးခဲ့ပါကြောင်း၊ ၁၉၉၃ ခုနှစ် **မြန်မာနိုင်ငံကလေးသူငယ်ဥပဒေနှင့် မြန်မာနိုင်ငံ ကလေးသူငယ် နည်းဥပဒေများ**သည် ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ပေးရန် တိုက်တွန်းထားသည်ကို တွေ့ရှိရပါကြောင်း။

၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ ဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေ၏ အခန်း ၁၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)၊(၂)နှင့်(၃)တို့တွင် လူ့အခွင့်အရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများ၊ ကုလသမဂ္ဂက ထုတ်ပြန်ကြေညာထားသော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ လူ့အခွင့်အရေးများနှင့် နိုင်ငံတော်က လိုက်နာရန်ရှိသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ် စာတမ်းများတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ရည်ညွှန်းထားပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် Myanmar Now ဂျာနယ်သတင်းထောက်ချုပ် ဦးဆွေဝင်း၏ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားခဲ့မှုအပေါ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၌ နှိပ်စက်ခံရသည့် ကာယကံရှင်များနှင့် ၎င်းတို့၏ မိဘများ၊ အင်းဝအပ်ချုပ်ဆိုင်ပိုင်ရှင်များ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူများနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များကို မျက်နှာစုံညီ ခေါ်ယူတွေ့ဆုံ၍ ညှိနှိုင်းခဲ့ရာတွင် အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ဆောင်ရွက်ချက်များကိုကြည့်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်မှုအပိုင်းတွင် အားနည်းချက်များရှိနေသည်ကို တွေ့ရှိရပါကြောင်း။

ကလေးသူငယ်ဥပဒေ အခန်း၁၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)အရ အသက်(၁၆)နှစ်နှင့် အသက်(၁၈) နှစ်မပြည့်သေးသည့် ကလေးသူငယ်၊ လူငယ်များဖြစ်၍ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်များ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၃၊ ပုဒ် မခွဲ(ခ)နှင့် (ဂ)တို့တွင်လည်း ကလေးသူငယ်၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရမည်ဟုဖော်ပြထားခြင်းကြောင့် ထိခိုက်နစ်နာမှုကြုံတွေ့ခဲ့ရသည့် ကလေးသူငယ်များ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝခံစားနိုင်ရေးအတွက် တာဝန်ရှိသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ထိရောက်စွာ လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း ဗိုလ်မှူး အောင်ဇင်မင်းက ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အင်းဝအပ်ချုပ်ဆိုင်တွင် အိမ်အကူအဖြစ် လုပ်ကိုင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်မှ မသဇင်နှင့် မစန်းကေခိုင်တို့နှင့်စပ်လျဉ်း၍ သတင်းထောက် ဦးဆွေဝင်းက ၂၀၁၆ ခုနှစ် ဇွန်လ ၂၂ ရက်တွင် အီးမေးလ်ဖြင့် ကော်မရှင်သို့တိုင်ကြားစာပေးပို့ခဲ့ပါကြောင်း၊ တိုင်ကြားစာရရှိပြီးနောက် အဆိုပါတိုင်ကြားစာကို မိမိတို့အဖွဲ့မှ စိစစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးထံ ၂၀၁၆ ခုနှစ် ဇွန်လ ၂၉ ရက် ရက်စွဲပါစာဖြင့် ဖြစ်ရပ်မှန်ကို လိုအပ်သလိုစိစစ်ဖြေရှင်း ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ရက်ပေါင်း ၃၀ အတွင်း ပြန်ကြားပေးပါရန် မေတ္တာရပ်ခံခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ သုံးသပ်တင်ပြချက်ပါသည့် ပြန်ကြားစာကို ကော်မရှင်မှ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၂ ရက်တွင် လက်ခံရရှိပါကြောင်း၊ ကော်မရှင်သည် အခြားနိုင်ငံများရှိ လူ့အခွင့်အရေးကော်မရှင်များကဲ့သို့ ဥပဒေအရ စည်းနှောင်မှုရှိသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ တရားစွဲဆိုအရေးယူခြင်းတို့ကို ဆောင်ရွက်ပိုင်ခွင့် မရှိဘဲ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများက လိုအပ်သလို ဆောင်ရွက်နိုင်ရေး အကြံပြုတိုက်တွန်းချက်ကိုသာ ပေးပို့နိုင်ပါကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့သို့ ဖြစ်ရပ်မှန်အား လိုအပ်သလို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အကြောင်းကြားခဲ့ခြင်းဖြစ်ပါကြောင်း၊ နစ်နာမှုများကို ကုစားပေးနိုင်ရေးအတွက် သဘောရိုးဖြင့်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်၏ သဘောထားရယူရာ ထောက်ခံမဲ ၃၇၄ မဲ၊ ကန့်ကွက်မဲ တစ်မဲ၊ ကြားနေမဲ ရှစ်မဲဖြင့် ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချိုတင်သွင်းသည့် **ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုမြင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာ အရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆို**ကို အတည်ပြုကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲနှင့် အကြောင်းအရာများကို တိကျစွာဖော်ပြ၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် ရေးမဲဆန္ဒနယ်မှ ဒေါက်တာ ဦးအောင်ထွန်းခိုင်၏ **လျှပ်စစ်မီးမရရှိသေးသော ရေးမြို့နယ်အား လာမည့်ဘဏ္ဍာနှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းပေးနိုင်ရေးအစီအစဉ် ရှိ/ မရှိ** မေးခွန်း၊ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့်၏ **အောင်လံမြို့နယ်အတွင်းရှိ နိုင်ငံပိုင်အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)အား ပြန်လည်ဖွင့်လှစ်ပြီး လုပ်ကိုင်ရန်အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၏ **ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ က-ပ-စ (၁၃) သို့သွယ်တန်းသော ၃၃ ကေဗွီ ဓာတ်အားလိုင်းမှ လက်ပံကျေးရွာ၊ မကျီးရင်းကျေးရွာနှင့် ပိတောက်ကန်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားအမြန်ဆုံး လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းများ**နှင့်စပ်လျဉ်း၍ မေးမြန်းဖြေကြားခဲ့ကြသည်။

**(သတင်းစဉ်)**

# လှိုင်သာယာမီးခွက်ဈေးအောက်ထိပ် စည်ပင်ရေမြောင်းဆယ်ယူတူးဖော်ရာတွင် မလွတ်သောကျူးကျော်တဲနှင့် ဈေးဆိုင်များ ရှင်းလင်း

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးတွင် ကျူးကျော်တဲနှင့် ဈေးဆိုင်ကျူးကျော်ဆိုင်များ အများဆုံးတည်ရှိရာ လှိုင်သာယာမြို့နယ်တွင် စက်တင်ဘာ ၂၆ ရက်မွန်းလွဲ ၁ နာရီခွဲက မီးခွက်ဈေးအောက်ထိပ်ရှိ ရန်ကုန်-ပုသိမ်ကားလမ်းမကြီးနံဘေးမှ ရေနုတ်မြောင်းရေစီးရေလာကောင်းစေရန် မြို့နယ်စည်ပင်သာယာမှ စက်ယန္တရားကြီးဖြင့် ဆယ်ယူတူးဖော်လျက်ရှိရာ ရေမြောင်းတူးဖော်ရာတွင် မလွတ်ကင်းသောကျူးကျော်တဲများကို ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

“ဒီနေ့ (၆)ရပ်ကွက် အပိုင်းဘက်ကိုပဲ ရှင်းလင်းတာပါ။ ရေမြောင်းဆယ်တော့ စက်ယန္တရားနဲ့ မလွတ်တဲ့ တဲရှစ်တဲကို ရှင်းလင်းတာပါ။ အောက်ထိပ်ကတော့ ကျူးကျော်တဲများတယ်။ မနက်ဖြန် (၇) ရပ်ကွက်အပိုင်းမှာရှိတဲ့ ရေမြောင်းဆယ်ဖို့ စက်နဲ့မလွတ်တဲ့တဲတွေ၊ ဈေးဆိုင်တွေကို ဆက်ရှင်းလင်းဖယ်ရှားမှာပါ”ဟု မြို့နယ်စည်ပင်သာယာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လှိုင်သာယာတွင် ၂၀၁၆ ခုနှစ်တွင် ရန်ကုန်-ပုသိမ်ကားလမ်းမကြီးနံဘေး၌ ကျူးကျော်တဲနှင့် ဝက်ခြံများ၊ သစ်ကြမ်းအရောင်းဆိုင်နှင့် သစ်သီးဆိုင်တို့ ထပ်မံဆောက်လုပ်နေထိုင်လာသည့်အတွက် အဝေးပြေးလမ်းပေါ် ဖြတ်သန်းသွားလာနေသော ယာဉ်များယာဉ် အန္တရာယ်မဖြစ်စေရန် အထူးဂရုပြုသွားလာနေလျက်ရှိပြီး ယခင်ကနေထိုင်ခဲ့သောကျူးကျော်တဲများကို ဖယ်ရှားရှင်းလင်းနိုင်မှုမရှိသေးမီ မေလမှစ၍ ကျူးကျော်တဲများ ပိုမိုတိုးပွားလာသည့်အတွက် စက်မှုဇုန်မီးပွိုင့်မှ ဘီအိုစီလမ်းဆုံထိ ကားလမ်းမကြီးတစ်လျှောက် ကျူးကျော်တဲများဖြင့် စည်ကားနေခြင်းဖြစ်သည်။

“ဒီမီးခွက်ဈေးအောက်ထိပ်က (၆)ရပ်ကွက်နဲ့ (၇)ရပ်ကွက် ထိစပ်နေတဲ့ ဗိုလ်အောင်ကျော်လမ်းပေါ်က လူနေကျူးကျော်တဲတွေကိုပါ ရှင်းစေချင်တာပါ။ လှိုင်သာယာမှာ ဒုစရိုက်မှုအများဆုံးဖြစ်နေတဲ့ဒီနေရာက ကျူးကျော်ဈေးဆိုင်တွေနဲ့လူနေတဲတွေကို ရှင်းလိုက်မယ်ဆိုရင် စက်ရုံဆင်းအလုပ်သမားတွေလည်း စိတ်ချမ်းသာမယ်။ ရပ်ကွက်ပြည်သူလည်း စိတ်ချမ်းသာတဲ့အပြင် မူးယစ်ဆေးနဲ့ ပြည့်တန်ဆာပြဿနာတွေလည်း ရာခိုင်နှုန်းတစ်ဝက်လောက် သက်သာသွားလိမ့်မယ်။ ဒုစရိုက်သမားတွေ ခိုအောင်းနေတဲ့မီးခွက်ဈေးအောက်ထိပ်က တဲတွေကို ဒီနေ့အထိ ဘာလို့ မရှင်းနိုင်သေးတာလဲဆိုတာ မသိကြဘူး။ တဲတွေမရှိရင် ဒုစရိုက်မှုလည်း ရှိမှာမဟုတ်ဘူး” ဟု ဗိုလ်အောင်ကျော် အိမ်ရာတွင်နေထိုင်သည့် အသက် ၆၀ ကျော်ရှိ ဦးအုန်းသန်းက ပြောသည်။



ယနေ့ မီးခွက်ဈေးအောက်ထိပ် ရန်ကုန်-ပုသိမ်ကားလမ်းမကြီးနံဘေးရှိ စည်ပင်ရေမြောင်းကြီးအား ပြန်လည်ဆယ်ယူမှုကြောင့် မလွတ်ကင်းသည့် တဲရှစ်လုံးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာနှင့် အမှတ်(၆)၊ အမှတ်(၇)ရပ်ကွက်တို့မှ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များအင်အား ၅၀ ကျော်ဖြင့် လုံခြုံရေးမီးတန်းယာဉ်က လှည့်လည်စောင့်ကြပ်ကာ ရှင်းလင်းဖယ်ရှားခဲ့ပြီး စက်တင်ဘာ ၂၇ ရက်တွင် အမှတ်(၇)ရပ်ကွက်အပိုင်းရှိ ပင်မရေမြောင်းနှင့် မလွတ်သောကျူးကျော်တဲများကို ဆက်လက်ရှင်းလင်းသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရုံးမှ သိရသည်။

**(၁၆၄)**

# မျှဝေခံစား အလေးထား၊ အားလုံးအတွက် ခရီးသွား

## အိအိခင် (ဟိုတယ်/ခရီး)

၂၀၁၆ ခုနှစ် "ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့"အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က သတ်မှတ်ပေးထားတဲ့ ဆောင်ပုဒ်လေးကတော့ "Tourism for All, Promoting Universal Accessibility" ဖြစ်ပါတယ်။ "မျှဝေခံစားအလေးထား၊ အားလုံးအတွက်ခရီးသွား"ဟု မြန်မာမှုပြုထားပါတယ်။

တကယ်တော့ နှစ်တစ်နှစ်ရဲ့စက်တင်ဘာလ ၂၇ ရက်နေ့ကို "ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့"အဖြစ် သတ်မှတ်ပြီး ကမ္ဘာလုံးဆိုင်ရာ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍ၊ နိုင်ငံရေးရာနှင့် စီးပွားရေးနယ်ပယ်များတွင် ခရီးသွားလုပ်ငန်း၏ အရေးပါသော သက်ရောက်မှုများကို အပြည်ပြည်ဆိုင်ရာလူမှုအဖွဲ့အစည်းများအကြား အသိအမြင်၊ ဗဟုသုတတိုးပွားစေရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် ( Sustainable Development Goals -SDGs) သို့ လှမ်းချီရာတွင် ခရီးသွားလုပ်ငန်းကဏ္ဍအနေဖြင့် အားဖြည့်ပါဝင်နိုင်သော အလားအလာများကို မီးမောင်းထိုးဖော်ပြရန်နှင့် မျက်မှောက်လူမှုအဖွဲ့အစည်းတွင် ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုအချို့ကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် စိတ်ရည်သန်၍ နှစ်စဉ် ဆောင်ပုဒ်အသီးသီးဖြင့် ညွှန်းဆိုလျက် အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာအဝှမ်း ကျင်းပလာခဲ့ရာမှာ ယခု ၂၀၁၆ ခုနှစ်သို့တိုင် ရောက်ရှိခဲ့ပါပြီ။

ထိုသို့ကျင်းပရာတွင် နှစ်တစ်နှစ်အတွက် "ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့"တရားဝင်အခမ်းအနားကျင်းပမည့် နိုင်ငံကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံများအနက်မှ ပထဝီအနေအထားအလိုက် ရွေးချယ်သတ်မှတ်ကျင်းပခြင်းဖြစ်ပြီး ကျန်ကမ္ဘာ့နိုင်ငံများကလည်း သက်ဆိုင်ရာနိုင်ငံအလိုက် မိမိတို့အစီအစဉ်ဖြင့် စီစဉ်ကျင်းပကြခြင်း ဖြစ်ပါသည်။ မကြာသေးမီနှစ်များအတွင်း ကျင်းပခဲ့သော "ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့"တရားဝင်အခမ်းအနားများကို ပြန်ပြောင်းလေ့လာကြည့်သောအခါ ၂၀၁၅ ခုနှစ်တွင်"1 Billion Tourists 1 Billion Opportunities" ဟူသော ဆောင်ပုဒ်ဖြင့်Burkina Faso နိုင်ငံတွင် လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင်"Tourism and Community Development"ဟူသော ဆောင်ပုဒ်ဖြင့် Mexico နိုင်ငံတွင် လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် "Tourism and Water: Protecting our Common Future" ဟူသော ဆောင်ပုဒ်ဖြင့် Maldives နိုင်ငံတွင် လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် "Tourism and Sustainable Energy: Powering Sustainable Development" ဟူသောဆောင်ပုဒ်ဖြင့် Spain နိုင်ငံတွင် လည်းကောင်း အသီးသီးကျင်းပခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ နှစ်အလိုက် သတ်မှတ်ခဲ့ကြသော ဆောင်ပုဒ်လေးများသည် မျက်မှောက်လူမှုအဖွဲ့အစည်းတွင် ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုအချို့ကို ခရီးသွားလုပ်ငန်းကဏ္ဍအနေဖြင့် တစ်တပ်တစ်အား ပါဝင်ဖြေရှင်းရန် ရည်ရွယ်ကြောင်း သိသာထင်ရှားလှပါသည်။

ယခု၂၀၁၆ ခုနှစ်အတွက် "ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့"ကို"Tourism for All, Promoting Universal Accessibility" ဟူသောဆောင်ပုဒ်ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ တရားဝင်အခမ်းအနား ပြုလုပ်ကျင်းပသွားမည်ဖြစ်သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အဆိုအရ "Accessible Tourism for All" ဆိုသည်မှာ ခရီးသွားလာရန်ခက်ခဲသည့် ကိုယ်လက်အင်္ဂါမသန်စွမ်းသူများ၊ အမြင်အာရုံ၊ အကြားအာရုံနှင့် စိတ်ပိုင်းဆိုင်ရာချို့တဲ့သူများ၊ ထိခိုက်ဒဏ်ရာရရှိထားသူများ၊ ကိုယ်ဝန်ဆောင်သည်များ၊ ကလေးငယ်များပါဝင်သည့် ခရီးသွားမိသားစုများနှင့် သက်ကြီးခရီးသွားများအတွက် လွယ်ကူချောမွေ့သော ခရီးသွားဝန်းကျင်အခြေအနေကောင်းများကို ဖန်တီးဖော်ဆောင်ပေးခြင်းဖြင့် ခရီးသွားလုပ်ငန်းတွင် လူသားအားလုံးပါဝင်၍ သာတူညီမျှ ခွဲဝေခံစားနိုင်ရေး အလေးထားဆောင်ရွက်သွားကြပါစို့ဟု ဆိုလိုပါသည်။

ကိန်းဂဏန်းအချက်အလက်များအရ ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းဖြစ်သော ၁ ဘီလီယံခန့် လူဦးရေသည် အထက်ဖော်ပြပါ အုပ်စုဝင်မသန်စွမ်းသူများဖြစ်သည်ဟု ခန့်မှန်းသိရှိရပြီး တစ်နည်းအားဖြင့် ၎င်းတို့သည် တိုင်းတစ်ပါးယဉ်ကျေးမှုများကိုလေ့လာခြင်း၊ သဘာဝအလှအပများကို ခံစားခြင်း၊ ဒေသန္တရဗဟုသုတရယူရန် ခရီးသွားလာခြင်း စသည့်အတွေ့အကြုံများကို ရယူခံစားနိုင်စွမ်း မရှိသောသူများ၊ ရယူခံစားရန် အခက်အခဲရှိကြသူများ ဖြစ်ကြသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့သည် ကမ္ဘာပေါ်ရှိ ထူးခြားဆန်းပြားသော၊ မတူကွဲပြားသော သဘာဝအလှအပ၊ ခရီးသွားအတွေ့အကြုံများကို ကမ္ဘာ့လူသားများအားလုံး သာတူညီမျှ ရရှိခံစားနိုင်မည့် လွယ်ကူချောမွေ့သော၊ အတားအဆီးမရှိသော ခရီးသွားဝန်းကျင်အခြေအနေကောင်းများကို ဖန်တီးဖော်ဆောင်ရမည်ဖြစ်သည်။

ထိုသို့သော ခရီးသွားလုပ်ငန်းအမျိုးအစားကို စာပေများတွင်"Accessible Tourism"ဟုလည်းကောင်း၊ "Barrier Free Tourism" ဟု လည်းကောင်း ခေါ်ဝေါ်သုံးစွဲသည်ကို တွေ့ရှိရပါသည်။ ခရီးသွားလုပ်ငန်းဆိုင်ရာ အတားအဆီးဟုဆိုရာတွင် ယေဘုယျအားဖြင့် သွားလာရေးဆိုင်ရာ အတားအဆီးများ (Transportation Barriers)၊ ဗိသုကာဆိုင်ရာအတားအဆီးများ (Architecture Barriers)၊ အဆောက်အအုံဆိုင်ရာ အတားအဆီးများ (Lodging Barriers) တို့ ပါဝင်ပါသည်။

သွားလာရေးဆိုင်ရာ အတားအဆီးများ (Transportation Barriers)ဟု ဆိုရာတွင် Wheelchair များ သယ်ဆောင်၊ အတက်/အဆင်း ပြုလုပ်နိုင်သည့် ယာဉ်အမျိုးအစားများ၊ ယာဉ်ပေါ်တွင် ဦးစားပေးနေရာ ကန့်သတ်ထားရှိမှုများ (Priority Seat)၊ ခရီးစဉ်ဒေသများတွင် မသန်စွမ်းသူများအတွက် ခရီးသွားလမ်းညွှန်ဆိုင်းဘုတ်များ၊ ခရီးသွားအထောက်အကူပြု မြေပြင်အမှတ်အသားများ၊ လမ်းဖြတ်ကူးရာတွင် လုံလောက်သောအချိန်သတ်မှတ်ပေးမှုများ စသည်တို့ ပါဝင်ပါသည်။

ဗိသုကာဆိုင်ရာအတားအဆီးများ (Architecture Barriers) ဟုဆိုရာ၌ ခရီးစဉ်ဒေသများတွင် Wheelchair သွားလာနိုင်သည့် လမ်းကြောင်းများ သတ်မှတ်ပြုလုပ်ပေးခြင်း၊ ကုန်းမြင့်အတက်အဆင်း ပြုလုပ်နိုင်သည့် လမ်းကြောင်းများ တည်ဆောက်ပေးခြင်း၊ သဲသောင်ပြင်တွင် အသုံးပြုနိုင်သော Wheelchair များ စီစဉ်ထားရှိပေးခြင်း၊ မသန်စွမ်းသူများ အသုံးပြုနိုင်သည့် ကိရိယာများ အပန်းဖြေနေရာများ၊ ကားရပ်နားရန်နေရာများ၊ ခြေချော်မလဲနိုင်သည့် အထူးပြုလုပ်ထားသော အောက်ခံကြမ်းခင်းများ တည်ဆောက်ပေးခြင်း စသည်တို့ ပါဝင်ပါသည်။

အဆောက်အအုံဆိုင်ရာ အတားအဆီးများ (Lodging Barriers) ဟု ဆိုရာတွင် တည်းခိုနေထိုင်မည့် အဆောက်အအုံများတွင် Wheelchair များ အဝင်၊ အထွက်ပြုလုပ်နိုင်သော၊ လုံလောက်သော အကျယ်အဝန်းရှိသည့် တံခါးများ တပ်ဆင်ထားရှိခြင်း၊ သတ်မှတ်ပုံစံတံခါးလက်ကိုင် တပ်ဆင်ထားခြင်း၊ ဓာတ်လှေကားအတွင်း အသံဖြင့် ညွှန်ကြားချက်(သို့)လက်ဖြင့် ထိတွေ့ခံစားနိုင်သည့် အမှတ်အသားများ တပ်ဆင်ခြင်း၊ ဧည့်ကြိုကောင်တာ၊ အိပ်ခန်းတွင်းရှိ ပရိဘောဂများ၊ မီးခလုတ်များနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို Wheelchair အမြင့်နှင့် လိုက်လျောညီထွေ တပ်ဆင်ထားရှိခြင်း၊ ဘက်စုံသုံးသန့်စင်ခန်းထားရှိခြင်း စသည်တို့ ပါဝင်ပါသည်။




ဒုတိယကမ္ဘာစစ်နှောင်းပိုင်း (၁၉၄၆ မှ ၁၉၆၄)ကာလအတွင်း မွေးဖွားခဲ့ကြပြီး လက်ရှိတွင် အသက် (၅၂ မှ ၇၀) နှစ် ဝန်းကျင်ရှိ သက်ကြီးလူဦးရေ တိုးတက်လာခြင်းပင်ဖြစ်သည်။ အဆိုပါ အသက်အပိုင်းအခြား အများစုသည် ငွေကြေးချောင်လည်ကြပြီး ပြည်တွင်း၊ ပြည်ပ ခရီးသွားလာမှုများကို ခုံမင်လျက် ကာလရှည်ခရီးသွားလာကြခြင်းဖြင့် ခရီးစဉ်တစ်လျှောက် သာမန်ခရီးသွားများထက် အသုံးစရိတ် ပိုမိုသုံးစွဲသည်ကို လေ့လာမှုများအရ သိရှိရပါသည်။ အဆိုပါ Baby Boomers ခရီးသွားဈေးကွက်များကို ဩစတြေးလျနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများတွင် ပိုမိုတွေ့ရလေ့ရှိသည်။

ယခုကဲ့သို့ Accessible Tourism ခရီးသွားဈေးကွက် ကျယ်ပြန့်လာခြင်းသည် ကမ္ဘာ့ခရီးသွားလုပ်ငန်း နယ်ပယ်အတွက် မူဝါဒရေးရာနှင့် ခရီးသွားရင်းနှီးမြှုပ်နှံမှု (ကာလတို/ကာလရှည်) လုပ်ငန်းများအတွက် စိန်ခေါ်မှုတစ်ရပ်ကို ဖြစ်ပေါ်လာစေပါသည်။ လူသားအားလုံး ခရီးသွားလာနိုင်မည့် အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးခြင်းသည် ခရီးသွားကဏ္ဍတွင် ဧည့်သည်ဝင်ရောက်မှုတိုးတက်စေခြင်း၊ အချိန်ရာသီမရွေး ကာလရှည်ခရီးသွားနိုင်ခြင်း(ဥပမာ- သက်ကြီးခရီးသွားများသည် အားလပ်ချိန်ပိုမိုများပြားသဖြင့် ရာသီမရွေး ခရီးသွားလာနိုင်ကြသည်)၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေခြင်း၊ ဝင်ငွေပိုမိုရရှိခြင်း၊ အခွန်အခရငွေများ တိုးပွားလာခြင်းနှင့် ခရီးသွားဧည့်သည်များ/အိမ်ရှင်များအတွက် လွယ်ကူချောမွေ့သော ပတ်ဝန်းကျင်အခြေအနေကိုရရှိစေခြင်း စသည့် နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးကျေးဇူးများကို ဖြစ်ထွန်းရရှိစေမည်ဖြစ်သည်။

**လူသားအားလုံး ခရီးသွားလာနိုင်မည့် အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးခြင်းသည် ခရီးသွားကဏ္ဍတွင် ဧည့်သည်ဝင်ရောက်မှုတိုးတက်စေခြင်း၊ အချိန်ရာသီမရွေး ကာလရှည်ခရီးသွားနိုင်ခြင်း(ဥပမာ- သက်ကြီးခရီးသွားများသည် အားလပ်ချိန်ပိုမိုများပြားသဖြင့် ရာသီမရွေး ခရီးသွားလာနိုင်ကြသည်)၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေခြင်း၊ ဝင်ငွေပိုမိုရရှိခြင်း၊ အခွန်အခရငွေများ တိုးပွားလာခြင်းနှင့် ခရီးသွားဧည့်သည်များ/အိမ်ရှင်များအတွက် လွယ်ကူချောမွေ့သော ပတ်ဝန်းကျင်အခြေအနေကို ရရှိစေခြင်း စသည့် နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးကျေးဇူးများကို ဖြစ်ထွန်းရရှိစေမည်ဖြစ်**

လေ့လာဆန်းစစ်ချက်များအရ မသန်စွမ်းသူများသည် အခြားသူများကဲ့သို့ ခရီးသွားလိုသည့် စိတ်ဆန္ဒပြင်းပြသော်လည်း ၎င်းတို့ သွားလာလည်ပတ်နိုင်သည့် ခရီးသွားဝန်းကျင် အခြေအနေကောင်းများရှိသော၊ အတားအဆီးမရှိသော ခရီးစဉ်ဒေသများမှာ နည်းပါးလျက်ရှိနေပါသေးသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် အထက်ပါအခြေအနေကို ကောင်းစွာသတိပြုမိသဖြင့် ၁၉၉၁ ခုနှစ် အထွေထွေညီလာခံ ကျင်းပစဉ်ကတည်းကပင် Accessible Tourism ကို တွန်းအားပေးသည့် သဘောထားမှတ်ချက်များကို စဉ်ဆက်မပြတ် ဖော်ပြခဲ့ရာ ၂၀၀၇ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ၏ "The United Nations Convention on the Rights of Persons with Disabilities (UNCRPD,2007)" သဘောတူညီချက် အတည်ပြုပြီးနောက်ပိုင်းတွင် မသန်စွမ်းသူများအတွက် အနားယူအပန်းဖြေခြင်း၊ အားကစားနှင့် ခရီးသွားလာမှုအခွင့်အလမ်းများဖော်ဆောင်ပေးခြင်းသည် ခရီးသွားကဏ္ဍ၏ တာဝန်တစ်ရပ်အနေဖြင့် ပိုမိုအလေးထား ဆောင်ရွက်ခဲ့ကြပါသည်။

တစ်ဖန် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၀၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် "Declaration on the Facilitation of Tourist Travel" အရ မသန်စွမ်းသူများ ခရီးသွားလာမှု အဆင်ပြေလွယ်ကူမှုရှိရေးနှင့် သာတူညီမျှ အခွင့်အရေးရရှိရေးတို့သည် တာဝန်သိ ခရီးသွားလုပ်ငန်းမူဝါဒနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာများ ရေးဆွဲရာ၌ မရှိမဖြစ်အရေးပါသည့် အစိတ်အပိုင်းတစ်ရပ် ဖြစ်လာခဲ့ပြန်ပါသည်။

ထို့အပြင် Accessible Tourism ကို ထပ်မံအားဖြည့်ပေးနေသည့် အခြားအကြောင်းရင်းတစ်ရပ်မှာ ကမ္ဘာ့နိုင်ငံများတွင် Baby Boomers ဟုခေါ်ဝေါ်သည့်

သို့ဖြစ်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်သော တာဝန်သိခရီးသွားလုပ်ငန်း မူဝါဒနှင့် စီးပွားရေးမဟာဗျူဟာများ ရေးဆွဲရာတွင် Accessible Tourism ကို အရေးကြီးသော လူသားအခွင့်အရေးတစ်ရပ်အနေဖြင့်သာမက အနာဂတ်တွင် အောင်မြင်ကြီးထွားလာတော့မည့် ခရီးသွားလုပ်ငန်း ဈေးကွက်အမျိုးအစားတစ်ရပ်အနေဖြင့်ပါ ရှုမြင်သုံးသပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ယခုမျက်မှောက်ကာလတွင် Accessible Tourism ၏ သဘောသဘာဝများကို ကောင်းစွာနားလည်သဘောပေါက်လျက် မသန်စွမ်းသူများအတွက် ခရီးသွားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းသည် လူသားအခွင့်အရေးတစ်ရပ်အနေဖြင့်သာမက ခရီးသွားလုပ်ငန်း၏ အရည်အသွေး၊ ရေရှည်တည်တံ့မှုနှင့် ယှဉ်ပြိုင်စွမ်းရည်မြှင့်တင်မှုများအတွက်ပါ ထည့်သွင်းစဉ်းစားဆောင်ရွက်လာကြသည်ကို တွေ့မြင်ရလျက်ရှိသည်။

အချုပ်အားဖြင့်ဆိုသော် Accessible Tourism ကို ဖော်ဆောင်ခြင်းသည် မသန်စွမ်းသူများအတွက် စိတ်ဓာတ်ခွန်အားများကို ဖြစ်ထွန်းစေသည်သာမက ကျွန်ုပ်တို့လူသားများအားလုံးနှင့် လူ့အဖွဲ့အစည်းအတွက်ပါ ကောင်းကျိုးအဖြာဖြာကို ဖန်တီးဖော်ဆောင်ပေးနိုင်သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့် ခရီးစဉ်ဒေသများသည် မိမိတို့၏ခရီးသွားဝန်းကျင်၊ သယ်ယူပို့ဆောင်ရေးစနစ်၊ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်းလုပ်ငန်းများတွင် လူတန်းစားအလွှာများအားလုံး အတူတကွ မျှဝေခံစားနိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် အားလုံးပါဝင် ခရီးသွားကြပါစို့ဟု တိုက်တွန်းလျက် "၂၀၁၆ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့"ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

# ငါး၊ ပုစွန် မွေးမြူရေးနှင့် တောင်သူများ ငါးကန်ထိန်းသိမ်းခြင်း အသိပညာပေးဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင်များက ဦးစီးကျင်းပသော ငါး၊ ပုစွန်မွေးမြူရေး ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ တောင်သူများ ငါးကန်အရည်အသွေး ကောင်းမွန်စေရန် ရေထု၊ မြေထု ပြုပြင်ထိန်းသိမ်းခြင်းနှင့် ငါးကျန်းမာရေးကောင်းမွန်စေရန် နည်းပညာသစ်ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမ၌ စက်တင်ဘာ ၂၅ ရက်က ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟန်ထွန်းက အမှာစကားပြောကြားသည်။

"ကျွန်တော်တို့ ငါးမွေးတောင်သူတွေဟာ မိရိုးဖလာ သမားရိုးကျ ပုစွန်သားငါး မွေးကြပါတယ်။ ရာသီဥတုကလည်း ဖောက်ပြန်နေတော့ ကန်ပျက်တယ်၊ ကန်ကို ရေကျော်၊ ရေနစ်ဝင်တယ်၊ ငါးရောဂါကျတယ်၊ သေနှုန်းများတယ်၊ ဒီနှစ်မှာ ငါး အထွက်နှုန်း တစ်ဝက်လောက် သိသိသာသာ ကျသွားတယ် "ဟု ငါး၊ ပုစွန်မွေးမြူသူတစ်ဦးဖြစ်သည့် ဦးစောမော်ထွန်းခိုင်က ပြောသည်။

မြန်မာပိုင်အိုးနီးယား စတားကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဒေါ်သင်းအေးမောင်မောင်က ယနေ့ ကြုံတွေ့နေရသည့် အခက်အခဲများကို ပြောင်းလဲတိုးတက်နေသော နည်းပညာသစ်များဖြင့် မွေးမြူကန် ရေထု၊ မြေထုကောင်းမွန်စေရန် ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ငါးရောဂါများ မကျရောက်စေရန် ကာကွယ်ခြင်းနှင့် ကုသခြင်းတို့ကို ကုမ္ပဏီ၏ပညာရှင်များက ငါးကန်များသို့ လစဉ်သွားရောက်၍ ကန်မြေထု၏အရည်အသွေးကို တိုင်းတာစစ်ဆေးခြင်းနှင့် ငါးများ၏ ရှင်သန်ပေါက်ဖွားနှုန်းနှင့် ကျန်းမာရေးအတွက် စစ်ဆေးကာ ငါးစာများနှင့် ပတ်သက်ပြီး အကြံပြုခြင်းနှင့် နည်းပညာရပ်ပိုင်းဆိုင်ရာတို့ကိုပါ ငါးမွေးမြူသူတို့အတွက် တာဝန်ယူကြောင်း ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# အမေရိကန်သမ္မတ စကားစစ်ထိုးပွဲ၌ ထရန့်နှင့်ကလင်တန် လတ်တလောလူမျိုးရေးကိစ္စအပေါ် အမြင်တစ်မျိုးစီဖြင့် ချဉ်းကပ်၍ သူတင်ကိုယ်တင်အနိုင်ကြဲ

**နယူးယောက် စက်တင်ဘာ ၂၆**

အမေရိကန်၌ ရဲများနှင့်လူမည်းများကြား တင်းမာမှုများမြင့်တက်နေချိန် အမေရိကန်သမ္မတလောင်း ဒေါ်နယ်ထရန့်နှင့် ဟီလာရီကလင်တန်တို့ ပထမဆုံး စကားစစ်ထိုးပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက်တွင်ပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မြောက်ကာရိုလိုင်း၏ အကြီးဆုံးမြို့ ချာလော့တီး ဆန္ဒပြသမားများကြောင့် ရဲအရာရှိ ၁၀ ဦးကျော် ဒဏ်ရာရရှိနေချိန် တစ်ဖက်တွင်လည်း ယနေ့ (စက်တင်ဘာ ၂၆ ရက်) စကားစစ်ထိုးပွဲတွင် အမေရိကန်သမ္မတဖြစ်ရေး ထရန့်နှင့်ကလင်တန် တစ်ဖက်နှင့်တစ်ဖက် အပြိုင်အဆိုင် အနိုင်ကြဲကြမည်ဖြစ်ကြောင်း သိရသည်။





လူမည်းတစ်ဦး ရဲလက်ချက်ဖြင့် သေဆုံးခဲ့ပြီးနောက် ဆန္ဒပြမှုဖြစ်ပွားခဲ့သည်။ ထို့အပြင် အခြားသောအလားတူ ပစ်ခတ်တိုက်ခိုက်မှုမျိုးများ ဖြစ်ပွားခဲ့သေးသည်။ ထိုကဲ့သို့သောကိစ္စများတွင် လူအများစုက လူဖြူရဲများက လူမည်းများကို ပစ်ခတ်သည်ဟု ပုံမှန်ယူဆလေ့ရှိသော်လည်း ပစ်ခတ်မှုအချို့တွင် လူမည်းရဲက လူမည်းတစ်ဦးအား ပစ်ခတ်သောကိစ္စများလည်းရှိသေးသည်။

ယင်းကဲ့သို့သော လူမျိုးရေးကိစ္စသည် စကားစစ်ထိုးပွဲ၏ အဓိကအကြောင်းအရာ ဖြစ်လာမည်ဖြစ်ကာ အမေရိကန်သမ္မတလောင်း တစ်ဦးချင်းစီအနေဖြင့် ယင်းကိစ္စအပေါ် ရှုထောင့်တစ်မျိုးစီဖြင့် ချဉ်းကပ်၍ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲရမည်ဖြစ်သည်။

**(ဆင်ဟွာ)**

# ဖိလစ်ပိုင်၌ဇီကာကူးစက်ခံရသူ သုံးဦးထပ်မံတွေ့ရှိ စုစုပေါင်း၁၂ဦးထိရှိလာ

**မနီလာ စက်တင်ဘာ ၂၆**

ဖိလစ်ပိုင်ကျန်းမာရေးဌာနမှ ဇီကာကူးစက်ခံရသူနောက်ထပ် သုံးဦးရှိလာကြောင်း တနင်္လာနေ့က အတည်ပြုပြောကြားခဲ့သည်။

ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံ၌ ဇီကာကူးစက်ခံရသူ စုစုပေါင်း၁၂ ဦးအထိရှိလာကြောင်း သိရသည်။ နောက်ထပ် ကူးစက်ခံရသူ သုံးဦးမှာ ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း အီလိုအီလို မြို့မှဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲ၌ ကျန်းမာရေးဝန်ကြီးက ပြောခဲ့သည်။

ကူးစက်ခံရသူ ၁၂ဦးစလုံးမှာ ဒေသတွင်း၌ပင် ကူးစက်ခံရသူများဖြစ်ကြောင်း၊ ခြင်ကိုက်ခံရခြင်းမှလွဲ၍ အခြားသော နည်းလမ်းများဖြင့် ကူးစက်ခံရမှုများကို မတွေ့ရသေးကြောင်း ၎င်းကဆက်ပြောသည်။

ကူးစက်ခံရသူအားလုံးမှာ ဇီကာဗိုင်းရပ်စ် ပြန့်ပွားနေသောဒေသများသို့ သွားရောက်ခဲ့ကြသူများလည်း မဟုတ်ကြောင်း ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ ကျန်းမာရေးဝန်ထမ်းများကိုလည်း ဇီကာဖြစ်ပွားရာ ဒေသများ၌ စောင့်ကြည့်မှုများပြုလုပ်ထားရန်နှင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောသည်။

ဇီကာဗိုင်းရပ်စ်၏ လက္ခဏာရပ်များမှာ ဖျားနာခြင်း၊ အရေပြားများမှ အဖုအပိမ့်များထွက်လာခြင်း၊ မျက်လုံးအမြှေးပါး ရောင်ရမ်းခြင်းတို့ပင်ဖြစ်သည်။ ခြင်မှ တစ်ဆင့်ကူးစက်သည့် ယင်းဗိုင်းရပ်စ်အတွက် ကာကွယ်ဆေးမှာမရှိသေးပေ။ ကျွမ်းကျင်သူများက ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူများမှာ ရေလုံလောက်စွာ သောက်သုံးခြင်း၊ သာမန်အဖျား ရောဂါကုသည့် ဆေးဝါးများသောက်သုံးခြင်းနှင့် အနားယူခြင်းတို့ဖြင့် ကုသနိုင်ကြောင်း ပြောကြားသည်။

**(ဆင်ဟွာ)**

# တောင်ကိုရီးယား၌ဆမ်ဆောင်း Galaxy Note 7 ပြန်လည်ရောင်းချမှုစတင်ရန် အချိန်ယူရန် လိုအပ်နေသေး

**ဆိုလ်း စက်တင်ဘာ ၂၆**

ဆမ်ဆောင်းကုမ္ပဏီက တောင်ကိုရီးယား၌ ဆမ်ဆောင်း Galaxy Note 7 ပြန်လည်ရောင်းချမှုကိုစတင်ရန် ကြာမြင့်ဦးမည်ဟု ပြောကြားခဲ့သည်။ ကုမ္ပဏီမှ တစ်ကမ္ဘာလုံး အနှံ့ရောင်းချထားသော ဖုန်းများကို ပြန်လည်သိမ်းယူရန် အချိန်ယူရဦးမည်ဖြစ်သောကြောင့်ပင်ဖြစ်သည်။



ဖုန်းအားသွင်းစဉ် အပူလွန်ကဲမှုကြောင့် ဘက်ထရီ၌ပြဿနာဖြစ်ပေါ်ခဲ့ပြီးနောက် တောင်ကိုရီးယား၏ နည်းပညာကုမ္ပဏီကြီးမှာ တစ်ကမ္ဘာလုံးအနှံ့ရောင်းချထားသော ဖုန်း အလုံးရေ ၂ ဒသမ ၅သန်းကို ပြန်လည်သိမ်းယူခဲ့ရသည်။ တချို့မှာ မီးလောင်ကျွမ်းမှုအထိဖြစ်ပွားခဲ့ရသည်ဟု တိုင်တန်းမှုများလည်းရှိလာခဲ့သည်။ ယင်းဖုန်းများကို စက်တင်ဘာ ၂၈ ရက်တွင် ဆိုင်များ၌ပြန်လည်ရောင်းချရန် ရည်ရွယ်ခဲ့သော်လည်း ယခုအခါ၌မူ အောက်တိုဘာ၁ ရက်မှသာ ပြန်လည်ဖြန့်ဖြူးရောင်းချနိုင်တော့မည်ဟု ခန့်မှန်းထားသည်။

စက်တင်ဘာ ၂ ရက်က ဆမ်ဆောင်းကုမ္ပဏီသည် အဆိုပါဖုန်းများ ရောင်းချခြင်းကို ရပ်ဆိုင်းခဲ့ပြီး ဝယ်ယူထားပြီးဖုန်းများအစား တခြားတစ်ခု အစားထိုးသွားမည်ဖြစ်သည်ဟု ပြောခဲ့သည်။

ဝယ်သူများကို ယင်းဖုန်းသုံးစွဲမှု ရပ်တန့်ရန်လည်း ဆမ်ဆောင်းကုမ္ပဏီမှ တိုက်တွန်းခဲ့သည်။အောက်တိုဘာလအတွင်း စင်ကာပူနှင့်သြစတြေးလျတို့၌ ဈေးကွက်အသစ်အဖြစ် ပြန်လည်ရောင်းချနိုင်မည်ဖြစ်သည်ဟု ရိုက်တာသတင်းတစ်ရပ်အရ သိရသည်။

**(ဘီဘီစီ)**

# သက်တမ်း ၂၅၀၀ ရှိ ကြေးဖြင့်ပြုလုပ်ထားသော ဗုံတစ်ခုကို ဗီယက်နမ်အလယ်ပိုင်းတွင်တွေ့ရှိ

**ဟန်နွိုင်း စက်တင်ဘာ ၂၆**

သက်တမ်း ၂၀၀၀ မှ ၂၅၀၀ ကြားရှိ ဒွန်ဆန်းကြေးဗုံတစ်ခုကို ဗီယက်နမ်အလယ်ပိုင်း တန်ဟွာပြည်နယ် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသအနီးတွင် တွေ့ရှိခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက ပြောကြားခဲ့သည်။

ဗင်လော့ပြည်နယ်၌ အိမ်ဆောက်ရန် အောက်ခံအုတ်မြစ်ချနေစဉ် ဒေသခံတစ်ဦးက ယင်းရှေးဟောင်းဗုံတစ်ခုကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဗုံသည် ဟီဂါ - ၁ အမျိုးအစားဗုံဖြစ်ပြီး အနုပညာလက်ရာမြောက် ခြယ်သမွမ်းမံထားကြောင်း သိရသည်။ သို့သော် အချို့အစိတ်အပိုင်းများမှာ ကျိုးပဲ့လျက်ရှိသည်ကို တွေ့ရသည်။ ဗုံ၏ပြွက်အကျယ်မှာ ၅၉ စင်တီမီတာရှိပြီး အမြင့်မှာ ၄၃ စင်တီမီတာရှိကြောင်း သိရသည်။

အေဒီ ၃ ရာစုထက်စောပြီး ဘီစီ ၆၀၀ ခန့်က ဗီယက်နမ်မြစ်နီမြစ်ဝှမ်းဒေသရှိ ဒွန်ဆန်း ယဉ်ကျေးမှုထွန်းကားခဲ့စဉ်အခါက ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ရာသီဉတုဆိုင်ရာ ပါရီသဘောတူညီမှုတွင် အိန္ဒိယနိုင်ငံပါဝင်မည်

**နယူးဒေလီ စက်တင်ဘာ ၂၆**

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ၎င်း၏အစိုးရအဖွဲ့သည် ရာသီဉတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီမှုစာချုပ်၌ လာမည့်လတွင် သဘောတူလက်မှတ်ရေးထိုးတော့မည်ဟု ပြောခဲ့သည်။ အိန္ဒိယနိုင်ငံသည် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လုပ်မှုတွင် ကမ္ဘာပေါ်၌ စတုတ္ထအများဆုံးနိုင်ငံဖြစ်သည်။ တနင်္ဂနွေနေ့က မြောက်ပိုင်းပြည်နယ် ကီရာလာ၌ပြောခဲ့သည့် မိန့်ခွန်းတွင် အိန္ဒိယနိုင်ငံ၏လွတ်လပ်ရေးခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏မွေးနေ့ အောက်တိုဘာလဒုတိယပတ်တွင် ရာသီဉတုပြောင်းလဲမှုဆိုင်ရာ စာချုပ်၌သဘောတူလက်မှတ်ရေးထိုးရန် ၎င်း၏အစိုးရအဖွဲ့က စီစဉ်ထားကြောင်း ပြောခဲ့သည်။ ပါရီသဘောတူညီမှုစာချုပ်ကို လွန်ခဲ့သောဒီဇင်ဘာလက ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ မူဘောင်အဖြစ် ချမှတ်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန်ရည်ရွယ်ထားသည်။

အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့ပြီးလျှင် အများဆုံးဓာတ်ငွေ့ထုတ်လွှတ်သောနိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရှေ့ဆက်ရမည့်လုပ်ငန်းများတိုးတက်မှုရလာစေရေး အဓိကခြေလှမ်းဖြစ်လာမည်ဖြစ်သည်။ ယခုလအစောပိုင်းကလည်း တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် စာချုပ်တွင်လက်မှတ်ထိုးရန် စီစဉ်ထားကြောင်း ကြေညာခဲ့သည်။ ဂျပန်နိုင်ငံသည် ပဥ္စမမြောက် ဓာတ်ငွေ့ထုတ်လွှတ်မှုအများဆုံးနိုင်ငံဖြစ်ပြီး စာချုပ်၌သဘောတူလက်မှတ်ရေးထိုးရန် နိုင်ငံအတွင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ မပြီးဆုံးသေးကြောင်း သိရသည်။ **(အင်န်အိတ်ခ်ျကေ)**

# ကုလလုံခြုံရေးကောင်စီ ဆီးရီးယားအပစ်ရပ်စဲရေးအတွက် အရေးပေါ်အစည်းအဝေးကျင်းပ

**ဂျီနီဗာ စက်တင်ဘာ ၂၆**

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆီးရီးယား အပစ်ရပ်စဲရေး တိုက်တွန်းရန်အတွက် အရေးပေါ်အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဆီးရီးယားတွင် ခြောက်နှစ်ကျော်ကြာဖြစ်ပွားလာခဲ့သော သွေးထွက်သံယိုတိုက်ခိုက်မှုများသည် ယခုတစ်ပတ်ထဲတွင် အဆိုးရွားဆုံးဖြစ်လာသည့်အတွက် ကုလသမဂ္ဂအထူးကိုယ်စားလှယ်က ဆီးရီးယား ငြိမ်းချမ်းရေးရရှိရန် ၎င်း၏တာဝန်များကို ဆက်လက်ထမ်းဆောင်မည်ဖြစ်သော်လည်း ဆီးရီးယားတွင် အကြမ်းဖက်မှုများရပ်ဆိုင်းရေး (CoH) ကို အတည်ပြုပေးရန် ကုလဂျူရီလူကြီးများအား မေတ္တာရပ်ခံလိုက်ကြောင်း သိရသည်။

ဆီးရီးယားသံအမတ် ဘတ်ရှာဂျက်ဖရီက နိုင်ငံ၏ဒုတိယအကြီးဆုံးမြို့တော် အလက်ပိုတွင် တိုက်ခိုက်မှုများမြင့်တက်နေသော်လည်း ဆီးရီးယားအစိုးရအနေဖြင့် အလက်ပိုတစ်မြို့လုံးအားပြန်လည်ထိန်းသိမ်းနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ဆီးရီးယားအတွက် ဒီလိုအချိန်တွေဟာ ကြောက်လန့်စရာရက်တွေဖြစ်တယ်" ဟု ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် စတက်ဖန်ဒီမစ်တူရာက ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**



**ဆယ်** စုနှစ်တစ်ခုကျော်ကြာကာလလေး။ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအနေဖြင့် ထူးခြားကြီးကျယ်ရင်ခုန်လှုပ်ရှားစရာကောင်းသော အခိုက်အတန့်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီလား။ အကြောင်းမှာကား သိန်းသန်းမကသော လူပေါင်းများစွာတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို မဲပေးရန် မဲရုံသို့ သွားခဲ့ကြသောကြောင့် ဖြစ်သည်။

# သမ္မတဟောင်းများ ဇာတ်သိမ်းမလှခဲ့သည့် ကွန်ဂို၏အနာဂတ်

**တင်လင်းအောင် . . . . . . .**

ပြည်သူတို့ မဲရုံသို့ သွားသော ထိုအခြင်းအရာတို့ကို စေ့ငုကြည့်လျှင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုသော စကားရပ်ကို အစိုးရနှင့် သူပုန်သောင်းကျန်းသူတို့က သဘောတူညီခဲ့ကြသည်မှာ ထင်ရှားပေသည်။ ပြည်တွင်းစစ်ပွဲ ခြောက်နှစ်ကြာဖြစ်ပွားပြီးနောက် နောက်ဆုံးတွင် အတူတကွ ပြန်လည်ပေါင်းစည်းနိုင်ခဲ့ပြီ ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် သမ္မတရွေးကောက်ပြိုင်ပွဲကို ငါးနှစ်လျှင် တစ်ကြိမ်ကျင်းပရမည်ဖြစ်ပြီး သမ္မတသက်တမ်းနှစ်ကြိမ်ထက်မပိုရန် ပြဋ္ဌာန်းထားသည်။ ထိုကဲ့သို့ ပြဋ္ဌာန်းထားသည်မှာ အကြောင်းရှိပေသည်။ အဘယ့်ကြောင့်ဆိုသော် ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံအနေဖြင့် ၁၉၆၀ လွတ်လပ်ရေးရပြီးချိန်အထိ မည်သည့် ကွန်ဂိုသမ္မတမဆို ကောင်းမွန်သော နိုင်ငံရေးအဆုံးသတ်မှု မရှိခဲ့သောကြောင့် ဖြစ်သည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ပထမဆုံးသမ္မတဖြစ်သူ ဂျိုးဆက်ပ် ကာဆာဗူဘူကို ဂျိုးဆက်ပ် မိုဘူတူက ၁၉၆၅တွင် အာဏာမှ ဖြုတ်ချလိုက်ပြီး အနည်းဆုံး ၃၂ နှစ်တိုင်တိုင် နိုင်ငံကို ဆူပူအုံကြွမှုများနှင့် နိုင်ငံသားများထံမှ



ကွန်ဂိုနိုင်ငံ၏ လက်ရှိသမ္မတ ဂျိုးဆက်ပ်ကပီလာ

အခွန်ကို မတန်တဆတောင်းခံသည့် အကျင့်ပျက်အစိုးရဖြစ်စေခဲ့သည်။ ထို့ကြောင့် နိုင်ငံ၏ စီးပွားရေးပျက်စီးချွတ်ခြုံကျကာ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံကို ကိုလိုနီပြုခဲ့သည့် ဘယ်လ်ဂျီယံတို့၏ အခြေခံအဆောက်အအုံ အနည်းငယ်သာ ကျန်ရှိတော့သည်။ နောက်ပိုင်းတွင် ကာဆာဗူဘူသည် ဘိုမာမြို့တွင် နေအိမ်အကျယ်ချုပ်ခံဘဝဖြင့် သေဆုံးသွားခဲ့သည်။ ဘိုမာမြို့သည် ယခင်ကွန်ဂိုလွတ်လပ်သောနိုင်ငံ၏ ကိုလိုနီအပြုခံရသည့် မြို့တော်ဖြစ်သည်။

၁၉၉၇ခုနှစ်တွင် ရဝမ်ဒါနှင့် ယူဂန်ဒါ တပ်ဖွဲ့များ၏ပံ့ပိုးမှုဖြင့် လောရန့် ထဆိုင်းယား ကဘီလာသည် မိုဘူတူကို ဖြုတ်ချခဲ့ပြီး ၎င်းကို မော်ရိုကိုသို့ ပြည်နှင်ဒဏ်ပေးလိုက်သည်။

သို့သော်လည်း ၎င်းသည် လေးနှစ်မပြည့်ခင်ကာလအတွင်း အာဏာသိမ်းမှုတွင် လုပ်ကြံခံခဲ့ရသည်။ လုပ်ကြံခဲ့သူမှာ ၎င်း၏သက်တော်စောင့်များထဲမှ တစ်ဦးဖြစ်သည်ဟု စွပ်စွဲခဲ့သည်။ ယခုလက်ရှိသမ္မတဖြစ်နေသူ ဂျိုးဆက်ပ်ကဘီလာသည် ၎င်း၏ဖခင်ကွယ်လွန်ခဲ့ပြီးနောက် နိုင်ငံတော်အာဏာကို ရယူခဲ့သည်။ ၎င်းသည် အသက် ၂၃နှစ်လောက်တွင် လောရန့် ထဆိုင်းယား ကဘီလာ၏ သူပုန်အဖွဲ့(အေအက်ဖ်ဒီအယ်လ်) နှင့် ဆက်သွယ်ခဲ့ပြီး တရုတ်နိုင်ငံတွင် သုံးလကြာစစ်ပညာသင်ကြားခဲ့ပြီးနောက် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတပ်မတော်တွင် ဒုတိယတပ်မှူးတစ်ဦးဖြစ်လာခဲ့သည်။ ထို့နောက် နောက်ပိုင်းတွင် ၎င်းသည် သမ္မတဖြစ်လာခဲ့ခြင်းဖြစ်သည်။

ပထမဆုံးအနေဖြင့် ကဘီလာသည် ၎င်း၏ နိုင်ငံတွင် ဒီမိုကရေစီထွန်းကားရေးအတွက် ထောက်ပံ့မှုများ အတော်များများလုပ်ဆောင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံကို လက်မှတ်ရေးထိုးခဲ့ပြီး တစ်နှစ်အကြာတွင် ကွန်ဂိုပြည်သူ ၁၅ သန်းလောက်သည် နှစ်ပေါင်း ၄၀ အတွင်း ပထမဆုံးအနေဖြင့် အစိုးရကို ထောက်ခံမဲများပေးခဲ့သည်။



မငြိမ်သက်မှုများဖြစ်ပွားနေသည့် ကွန်ဂိုနိုင်ငံတစ်စိတ်တစ်ပိုင်းကို တွေ့ရစဉ်

ပြီးပြည့်စုံပြီး တည်ငြိမ်အေးချမ်းသည့် ရွေးကောက်ပွဲဖြစ်ပေါ်ရေးနှင့် အတော်လေးအလှမ်းကွာနေဆဲဖြစ်သော်လည်း ကဘီလာသည် ပထမရွေးကောက်ပွဲတွင် ထောက်ခံမဲ ၅၈ ဒသမ ၀၅ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ပြီး အသွင်ကူးပြောင်းနိုင်ခဲ့သည်။ ထို့နောက် ငါးနှစ်အကြာ ၂၀၁၁ ခုနှစ်အရောက်တွင် ကဘီလာသည် နောက်ထပ်ရွေးကောက်ပွဲတစ်ခုကို ထပ်မံပြုလုပ်ခဲ့သည်။ ထိုရွေးကောက်ပွဲတွင်လည်း ၎င်းကပင် ထပ်မံအနိုင်ရရှိခဲ့ပြန်သည်။ သို့သော် ဒီတစ်ကြိမ်တွင် လိမ်လည်မှုပြုလုပ်သည် ဆိုကာ စွပ်စွဲခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နောက်တစ်ကြိမ်ယှဉ်ပြိုင်ရန် တားမြစ်ခြင်းခံရသော ကဘီလာသည် ဒီမိုကရေစီနှင့်ပတ်သက်ပြီး ၎င်း၏စိတ်ထဲတွင် ပြောင်းလဲမှုတစ်ခုဖြစ်ပေါ်လာသည်။

ကဘီလာသည် ရွေးကောက်ပွဲပြုလုပ်ရန်နှင့် အာဏာလွှဲပြောင်းပေးအပ်ခြင်းကို ငြင်းဆိုခဲ့ပြီး ၎င်းကို လဲကျရန်တိုက်ခိုက်သည့် မည်သူ့ကို မဆို ပြန်လည်တိုက်ခိုက်မှုများလုပ်ဆောင်လာခဲ့သည်။ အမေရိကန်၊ ဗြိတိန်နှင့် ဥရောပသမဂ္ဂတို့က လွတ်လပ်ပြီး မျှတသော ရွေးကောက်ပွဲကျင်းပသင့်ကြောင်း သတိပေးမှုများပြုလုပ်ခဲ့ပြီး လအတော်ကြာပြီးနောက် ကွန်ဂိုနိုင်ငံ၏ ပထမဆုံး အေးချမ်းသည့် ဒီမိုကရေစီနည်းအရ အာဏာလွှဲပြောင်းမှုကို ပြုလုပ်နိုင်ခဲ့သည်။ ထို့နောက် ၎င်းအနေဖြင့် ကွန်ဂိုအာဏာလွှဲပြောင်းမှုတွင် ခိုင်ခိုင်မာမာနှင့် ဆက်လက်ရပ်တည်နေနိုင်ခဲ့သည်။

သို့သော် လတ်တလောတွင် ကွန်ဂိုနိုင်ငံ၏ အခြေအနေမှာ ငြိမ်သက်သော အခြေအနေမဟုတ်သေးပေ။ တနင်္လာနေ့တွင် ဒီမိုကရေစီထောက်ခံသူ ၄၄ ဦးထက် မနည်းအသတ်ခံရခြင်းကို ကြည့်ခြင်းအားဖြင့် ကွန်ဂိုနိုင်ငံတွင် စစ်ပွဲများနှင့် ရက်စက်မှုများ ပိုမိုဖန်တီးနေလေသလားဟု စဉ်းစားမိရင်းမည်သည့် သမ္မတမဆို ကောင်းမွန်သော နိုင်ငံရေးအဆုံးသတ်မှုမရှိသည့် ကွန်ဂိုနိုင်ငံတွင် နောက်ထပ်ဘာတွေဆက်ဖြစ်လာဦးမလဲဆို သည်မှာ. . . ။ ။

**ဖွဲ့စည်းပုံအခြေခံဥပဒေ၏အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် သမ္မတရွေးကောက်ပြိုင်ပွဲကို ငါးနှစ်လျှင် တစ်ကြိမ်ကျင်းပရမည် ဖြစ်ပြီး သမ္မတသက်တမ်းနှစ်ကြိမ်ထက်မပိုရန် ပြဋ္ဌာန်းထားသည်။ ထိုကဲ့သို့ ပြဋ္ဌာန်းထားသည်မှာ အကြောင်းရှိပေသည်။ အဘယ့်ကြောင့်ဆိုသော် ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံအနေဖြင့် ၁၉၆၀ လွတ်လပ်ရေးရပြီးချိန်အထိ မည်သည့် ကွန်ဂိုသမ္မတမဆို ကောင်းမွန်သော နိုင်ငံရေး အဆုံးသတ်မှု မရှိခဲ့သောကြောင့် ဖြစ်သည် . . .**

# သေနတ်ပစ်ခတ်သည့်ရုပ်သံဖိုင်ထွက်လာသော်လည်း ဆန္ဒပြသူများချာလော့တီတွင်ဆက်လက်ဆန္ဒပြ

**မောင်တင်**




**ဝါရှင်တန် စက်တင်ဘာ ၂၆**

မြောက်ကာရိုလိုင်းနား၏ အကြီးဆုံးမြို့တော်၌ ရဲအရာရှိများက လူမည်းတစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်သည့် ရုပ်သံဖိုင်နှစ်ခု ထွက်ပေါ်လာခဲ့သော်လည်း ဆန့်ကျင်ဆန္ဒပြသူရာကျော်သည် စက်တင်ဘာ ၂၅ ရက်က ချာလော့တီသို့ ချီတက်ဆန္ဒပြခဲ့ကြောင်း၊ ဆန္ဒပြခြင်းသည် ခြောက်ရက်မြောက်နေ့သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ရဲအရာရှိက အသက် ၄၃ နှစ်ရှိ ကိတ် စကော့ လူမည်းအမျိုးသားကို သေနတ် ဖြင့်ပစ်ခတ်၍ သေဆုံးခဲ့သည့်အင်္ဂါနေ့မှ စ၍ နေ့စဉ်နေ့တိုင်း ချာလော့တီမြို့လမ်းများတွင် ဒေါသတကြီး ဆန္ဒပြသူများ ဖြင့် ပြည့်နှက်လျက်ရှိသည်။

သေနတ်ဖြင့် ပစ်ခတ်ချိန်တွင် ၎င်းလူမည်းအမျိုးသားမှာ လက်နက် ကိုင်ဆောင်ထားကြောင်း ရဲအဖွဲ့က ပြောခဲ့သည်။ ဆန္ဒပြသူများသည် ယနေ့တွင် ယခင်နေ့များထက်ပိုမိုနည်းလာသော်လည်း စကော့သေဆုံးသည့် ရုပ်သံဖိုင်အပြည့်အစုံကို ဖော်ပြရန်တောင်းဆိုခဲ့ကြသည်။ ဖော်ပြခဲ့သော ရုပ်သံဖိုင်တွင် သေဆုံးခဲ့သည့် စကော့မှာ လက်နက် ကိုင်ဆောင်ထားခြင်းရှိမရှိ ရှင်းလင်း တိကျသော သက်သေပြချက်ကို မတွေ့ရှိရပေ။ယင်းကိစ္စရပ်အပေါ် ပွင့်လင်းမြင်သာ ရှိရမည်ဟု ချာလော့တီမှအသက် ၂၆ နှစ်အရွယ် ကာဘီမက်လင်းက ပြောခဲ့သည်။ "သူတို့ကို ဘာလုပ်စေချင်သလဲဆိုတာ တုံ့ပြန်မှုမရမချင်း ကျွန်တော်တို့က ဆက်လက် ဆန္ဒပြနေဦးမှာ"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **(ရိုက်တာ)**



# (သိုင်း)ရနယ်ချောင်းတိုက်စားမှုကြောင့် လူနေအိမ်အချို့ အရေးပေါ်ရွှေ့ပြောင်းရမည်

**ရေတာရှည် စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စိုင်းရသစ်တောကြိုးဝိုင်းနယ်မြေရှိ ၆ မိုင် သစ်တောကျေးရွာရှိ လူနေအိမ်အချို့မှာ (သိုင်း)ရနယ်ချောင်းတိုက်စားမှုကြောင့် စက်တင်ဘာ ၂၆ ရက်တွင် နေ့ချင်းညချင်းရွှေ့ပြောင်းရမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ၆ မိုင်သစ်တောကျေးရွာသည် လူနေအိမ် ၉၀ ကျော်ရှိပြီး ရနယ်ချောင်းသည် မြောက်မှတောင်သို့စီးဆင်းကာ ချောင်းအတွင်းသို့ပေါင်းဆုံသည့် ရနယ်ချောင်းမှာ ယခု ရက်ပိုင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အရှေ့ဘက်ခြမ်းကမ်းပါးများဆက်တိုက်ပြိုကျ၍ လူနေအိမ်များအရေးပေါ်ရွှေ့ပြောင်းရမည်ဖြစ်ကြောင်း ၆ မိုင်သစ်တောကျေးရွာနေ ဦးအောင်သန်းကပြောကြားသည်။ “၆ မိုင် ရိုးမကားလမ်း တံတားအောက်ခံဒေါ့ကြောင့် ရွာဘက်ကိုရေဦးတည်လာတာပါ။ အခု ကျွန်တော့်အိမ်ရယ်၊ ကျွန်တော့သမီးအိမ်ရယ် မရွှေ့လို့မရတော့ဘူး။ နောက်တစ်ရေ လာရင်ပါတော့မယ်”ဟု ၎င်းကပင်ဆက်၍ပြောသည်။ ၆ မိုင်သစ်တောကျေးရွာရှိ လူနေအိမ်အချို့ အရေးပေါ်ရွှေ့ပြောင်းရမည့်ကိစ္စနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့်တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရေတာရှည်မြို့နယ် အိုင်ဝိုင်းကြီးဒေသတွင် ဒုတိယမြောက် အပန်းဖြေဆင်စခန်းဖွင့်လှစ်မည်

**ရေတာရှည် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံတွင် တစ်နှစ်ထက်တစ်နှစ် ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းများ နယ်ပယ်ချဲ့ထွင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း (၁၀) မိုင်၌ ဖိုးကျားအပန်းဖြေဆင်စခန်းကို ၂၀၀၅ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး တောတောင်ရေမြေသဘာဝကို နှစ်ခြိုက်သဘောကျလျက်ရှိသော ပြည်ပခရီးသွားများအတွက် (၁၃)မိုင် အိုင်ဝိုင်းကြီးနေရာတွင် ဒုတိယမြောက် သိုင်းချောင်းဆင်စခန်းအား ဆောင်းရာသီနှင့် နွေရာသီကာလများအမီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“အခု ကျွန်တော်တို့ ဖိုးကျားဆင်စခန်းမှာ ပြည်တွင်း၊ ပြည်ပဧည့်သည်တွေအတွက် သရုပ်ပြဆင် ခုနစ်ကောင်ထားပါတယ်။ မိုးရာသီဆိုတော့ ဧည့်အဝင်နည်းပေမယ့် မကြာခဏဆိုသလို နိုင်ငံခြားသားဧည့်သည်တွေလာတယ်။ နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်နိုင်ငံတွေက လာကြတာများတယ်”ဟု ဖိုးကျားဆင်စခန်းမှ တောအုပ်ကြီး ဦးရဲမြင့်က ပြောသည်။ လက်ရှိ အိုင်ဝိုင်းကြီးဆင်စခန်း၌ သရုပ်ပြဆင်များကို သင်ကြားပြသခြင်းအပြင် ဘောလုံးကန်တတ်ရန် သင်ကြားပေးနေကြောင်း၊ ပြည်သူများ အပန်းဖြေအနားယူရန် အဆောက်အအုံများကိုလည်း တည်ဆောက်လျက်ရှိကြောင်း ၎င်းကပင် ဆက်၍ပြောသည်။ ယခင်က ဖိုးကျား ဆင်စခန်းမှာ ဆင်များအား ဆင်စားကျက်နှင့် ရေအခက်အခဲကြောင့် အိုင်ဝိုင်းကြီးသို့ ပြောင်းရွှေ့ခဲ့ရပြီး လာရောက် လည်ပတ်သည့် ခရီးသည်များမှ ဆင်များနှင့် တွေ့မြင်ခွင့်မရခဲ့ခြင်းများကြောင့် ဝေဖန်မှုများရှိခဲ့ပြီး နောင်ပိုင်းတွင် ဆင်များအား ဖိုးကျားဆင်စခန်းသို့ ပြန်လည်ပြောင်းရွှေ့ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ဆောင်းရာသီနှင့် နွေရာသီ အပန်းဖြေကာလများတွင် ဧည့်သည်ဝင်ရောက်မှု ပိုမိုများပြားနိုင်မည်ဟု ခန့်မှန်းတွက်ချက်မှုများရှိပြီး ဆင်စခန်းဝန်းကျင်ရှိ စားသောက်ဆိုင်များကိုလည်း ဧည့်သည်များ စားသောက်နိုင်ရန် ပူးပေါင်း ဆောင်ရွက်မှုများရှိနေသည်ကို မြင်တွေ့ခဲ့ရသည်။ ဖိုးကျားဆင်စခန်းမှာ ရိုးမဖြတ်ကျော်ကားလမ်းနံဘေးတွင်ရှိသော်လည်း အိုင်ဝိုင်းကြီးဆင်စခန်းမှာအတွင်းသို့ နှစ်မိုင်ခန့် တောင်ပေါ်လမ်းအတိုင်း ဆက်သွားကြရပြီး အတက်အဆင်း မတ်စောက်သည့်အတွက် ဆောင်းနှင့် နွေရာသီကာလများ၌သာ သွားရောက်လည်ပတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**



ဖိုးကျားဆင်စခန်းရှိ ခရီးသွားများ အပန်းဖြေအနားယူသည့် အဆောက်အအုံများကို တွေ့ရစဉ်

# မှုခင်းအသိပညာပေးယာဉ်ဖြင့် လှည့်လည်ပြသ

**ကြို့ပင်ကောက် စက်တင်ဘာ ၂၆**

ကြို့ပင်ကောက်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဆွေ၊ မြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၈ ရက်မွန်းလွဲ ၂ နာရီက မှုခင်းအသိပညာပေးယာဉ်ဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးမှုလုပ်ငန်းများ၊ လက်ကမ်း စာစောင်ဖြန့်ဝေခြင်းတို့ကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါပညာပေးပြခန်းယာဉ်သည် စက်တင်ဘာ ၁၈ ရက်တွင် အထက ကြို့ပင်ကောက်ကျောင်းတွင်ပြသရာ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၁၅၀၀ ခန့်နှင့် ဒေသခံပြည်သူများကိုလည်းကောင်း၊ စက်တင်ဘာ ၁၉ ရက်တွင် မြို့နယ် စည်ပင်သာယာရေးရုံးရှေ့၊ အထက(ပန်းတင်)ကျောင်း၊ အလက(ခွဲ)ဇောဓိရက္ခကျောင်း၊ အထက(ဘုရင့်နောင်)ကျောင်းတို့၌လည်းကောင်း လှည့်လည်ပြသခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# စိတ်ကျန်းမာရေးမကောင်းသည့် အမျိုးသမီးအား စိတ်ကျန်းမာရေးဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့

**ကျောက်ဆည် စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် စက်တင်ဘာ ၂၅ ရက်က စိတ်ကျန်းမာရေးမကောင်းသည့် အမျိုးသမီးငယ်တစ်ဦးကိုတွေ့ရှိပြီး အုန်းချော စိတ်ကျန်းမာရေး ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သံရွာနယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ဒုတိယရဲအုပ်အောင်မျိုးကျော်နှင့်အဖွဲ့သည် ပေါင်းလောင်ကြီးကျေးရွာအုပ်စုအတွင်း မှုခင်းကျဆင်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၄) လွန်ကျော်စိုက်ခြံအနီးတွင် အသက်(၂၀ နှစ်)ခန့်ရှိ စိတ်ပုံမှန်မဟုတ်သည့် အမျိုးသမီးငယ်တစ်ဦးအား တွေ့ရှိရာ ၎င်းသည် မစန္ဒာမြင့်အမည်ဟုသာပြောဆိုနိုင်ပြီး နေရပ်လိပ်စာဖြေဆိုနိုင်ခြင်းမရှိသည့်အတွက် လိုအပ်သည့်အကူအညီများပေးနိုင်ရေး ကျောက်ဆည်မြို့ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ လွန်ကျော်စိုက်ခြံမှ ဦးပေါ်အေး၏ မော်တော်ယာဉ်အကူအညီဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် အဆိုပါအမျိုးသမီးအား လိုအပ်သည့်ဆေးဝါးကုသမှုခံယူနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်းတို့က အုန်းချောစိတ်ကျန်းမာရေးဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

# မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပိုင်းပွင့်ပြီ

**မော်လူး စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နဘားဘူတာအနီး(မခွေး) ရေပေါက်တံတားအမှတ် (၄၃၁) တံတားအရှည်ပေ ၄၀၊ အမြင့်ပေ၂၀ စက်ခေါင်းအမှတ် DD ၉၆၁ ရထား မိုင်တိုင်အမှတ် (၅၈၇/၆)နှင့် (၅၈၇/၇)ကြားအရောက် ၄၁ အဆန် ဒုတိယအမြန်ရထားစက်ခေါင်းတွဲသည် လမ်းချော်ထိုးကျမှုဖြစ်ကြောင့် စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက မီးရထားလမ်းပိုင်းအသွားအလာ ပြတ်တောက်မှုဖြစ်ပွားခဲ့ရသည်။

အဆိုပါမီးရထားလမ်းပိုင်းဖွင့်နိုင်ရေးကို အထွေထွေမန်နေဂျာ (စက်ရုံ) ရွှာထောင် ဦးမင်းအောင်၊ အထက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးမျိုးဝင်း၊ ဒုတိယအထွေထွေမန်နေဂျာ ဦးသန်းဋ္ဌေး (နေပြည်တော်)ဦးစီးဦးဆောင်ပြီး ကသာမြို့နယ်မြေခံတပ်မှ ဗိုလ်ကြီးနေမျိုးနှင့်အဖွဲ့က လုံခြုံရေးတာဝန်ယူပေးပြီး အင်းတော်မြို့စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့်အဖွဲ့၊ ရဲမှူး သိန်းဆွေညွှန့်နှင့် တပ်ဖွဲ့ဝင်များ၊ ကောလင်း၊ အင်းတော်၊ မိုးညှင်း၊ မော်လူးအင်ဂျင်နီယာများနှင့် လမ်းလုပ်သား၂၀၀ ခန့်သည် မန္တလေး၊ ကောလင်း၊ မိုးညှင်းမှ ကရိန်းကြီးဖြင့် စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက လမ်းပိုင်းကို ဆောင်ရွက်ခဲ့ကြသည်။

ယင်းလမ်းပိုင်းပွင့်နိုင်ရေးဆောင်ရွက်နေချိန်တွင် ခရီးသည်များ နေထိုင်စားသောက်ရေးအဆင်ပြေစေရန်အတွက် စက်တင်ဘာ၂၄ရက်က မြစ်ကြီးနား-မန္တလေး အစုန်ရထားများဖြစ်သည့် အမှတ် (၃၇/၃၈)အစုန်မြစ်ဆုံရထားအမှတ် (၅၇/၅၈)အစုန် မန္တလာရထားကို မော်လူးဘူတာတွင် ရပ်နားပေးထားခဲ့ကြောင်း ယင်းရပ်နားထားသည့် ရထားများကို စက်တင်ဘာ၂၅ ရက် ည ၆ နာရီခွဲတွင် အမှတ်(၃၇/၃၈)အစုန်မြစ်ဆုံရထားသည် မော်လူးဘူတာမှထွက်ခွာခဲ့ပြီး အမှတ် (၅၇/၅၈)အစုန်မန္တလာရထားသည် ည ၈ နာရီ ၁၅ မိနစ်က ထွက်ခွာခဲ့သည်။

ရထားမထွက်ခွာမီအချိန်၌ မော်လူးစံပြကျေးရွာအုပ်ချုပ်ရေးမှူးဦးဆောင်၍ မော်လူးဒေသမှ မေတ္တာအားမာန်ပရဟိတနာရေးလူမှုရေးအသင်းက စေတနာထက်သန်စွာဖြင့် ရထားနှစ်စင်းမှ ခရီးသည်များကို ရထားတွဲပေါ်အရောက် ထမင်းဟင်းထုပ်များ လိုက်လံဝေငှခဲ့သည်။

**ခင်မောင်ဆွေ (မော်လူး )**

**ရှမ်းပြည်နယ် ရဲတပ်ဖွဲ့ မူးယစ်အသိပညာပေး ရွေ့လျားစာကြည့်တိုက် လှည့်လည်ပြသခြင်းကို တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုင်းဆိုင်ဝမ်း ဦးဆောင်၍ အမှတ်(၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုရုံးမှ ရဲအုပ်သန့်စင်ထွန်းနှင့်တပ်ဖွဲ့ဝင်များသည် စက်တင်ဘာလတတိယပတ်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် နမ့်ခုတ်ကျေးရွာ နယ်မြေ(၂)သုတဥယျာဉ်စာကြည့်တိုက်ရှေ့၊ နမ့်ခုတ်အထက ကျောင်းနှင့် ဟိုပုံးမြို့ အထက (၁)ကျောင်းတို့တွင် လှည့်လည်ပြသစဉ်**
နန်းဦးခမ်း (ဟိုပုံး )



**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။**

# လက်လုပ် ယမ်းထောင်းသေနတ်ပေါက်ထွက်၍ ထိမှန်ဒဏ်ရာရရှိသဖြင့် အမှုဖွင့်

**တနင်္သာရီ စက်တင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် လယ်သစ်ကျေးရွာအုပ်စု ကဒဲလိပ်ကျေးရွာတွင် လက်လုပ် ယမ်းထောင်းသေနတ်ပေါက်ထွက်သဖြင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သူတစ်ဦး ဝဲဘက်ပေါင်အလယ်ထိမှန်ပြီး ဒဏ်ရာရရှိခဲ့သဖြင့် မြို့နယ်ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၂၅ ရက် ည ၁၁ နာရီ မိနစ် ၅၀ ခန့်က လာရောက်၍ အတွင်းလူနာအဖြစ် ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တနင်္သာရီမြို့နယ်- လယ်သစ်အရှေ့ကျေးရွာနေ နောင်ပျော့(ခ) အောင်လွင်ဦး ဥယျာဉ်လုပ်သူသည် ဥယျာဉ်နေအိမ်တဲတွင် (တရားမဝင်)၎င်းကိုင်ဆောင်သော ယမ်းထောင်း ခဲသီးတစ်လုံးထည့် ဒင်တစ်ခု၊ ပြောင်းအရှည်ငါးပေရှိ သစ်သားအရိုးတပ် တူမီးလက်လုပ် ယမ်းထောင်းသေနတ် ချေးများပိတ်နေသဖြင့် ကပ်တိုင်အားတိုက်ချွတ်ရာမှကပ်တိုင်ပူပြီး ကျည်ပေါက်ထွက်ကာ ၎င်း၏ညီအစ်ကိုဝမ်းကွဲတော်စပ်သူ တစ်ရွာတည်းနေ အေးကြိုင်(၃၃ နှစ်) ၏ ဝဲဘက်ပေါင်အလယ်သို့ ကျည်ထိမှန်သဖြင့် အေးကြိုင်၏ဇနီး မသူဇာနွယ်က မြို့မရဲစခန်း၌ တရားလိုပြု တိုင်တန်းလာသဖြင့် မြို့မရဲစခန်းက အမှုဖွင့်အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**နန်းသာရီ-ထိန်ဝင်း(မြန်/ဆက်)**

# ဓားနှင့်ခုတ်ပြီး ဆိုင်ကယ်နှင့် ဖုန်း လုယက်ခဲ့သူများအား ပြစ်ဒဏ်ချ

**နမ့်ခမ်း စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ခမ်းမြို့ အောင်မေတ္တာရပ်ကွက်လမ်းကွေ့၌ လွန်ခဲ့သော မတ်လ ၂၉ ရက်က ဆိုင်ကယ်စီးလာသူ လူငယ်တစ်ဦးကို ဓားဖြင့်ခုတ်၍ ဆိုင်ကယ်နှင့် ဖုန်း လုယက်သွားခဲ့သော လူငယ်လေးဦးကို နမ့်ခမ်းမြို့မရဲစခန်းက စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိပြီး အမှုဖွင့်အရေးယူခဲ့ရာ စက်တင်ဘာ ၂၂ ရက်က မြို့နယ်တရားရုံးက ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

အောင်မေတ္တာရပ်ကွက်၌ နေထိုင်ကြသောလီစော(ခ)ချောက်လီစော(၁၈ နှစ်) နှင့် ရှင်းဝေ့(၁၇ နှစ်)တို့ကို ရာဇသတ်ကြီးပုဒ်မ (၃၉၄) အရ အလုပ်နှင့်ထောင်ဒဏ် သုံးနှစ်စီ ကျခံစေပြီး အမှတ်(၄)ရပ်ကွက်နေ အားရှင် (၁၅ နှစ်)နှင့် အောင်မေတ္တာရပ်ကွက်နေ ကျော်ကျော်တင်(ခ)လီထက်ရှင် (၁၅ နှစ်)တို့အား ကလေးသူငယ်ဥပဒေပုဒ်မ ၄၇(ဃ)အရ အသက်(၁၈ နှစ်)ပြည့်သည်အထိ မန္တလေးလူငယ်သင်တန်းကျောင်းသို့ ပို့အပ်စေဟု မြို့နယ်တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# တရားမဝင်သယ်ဆောင်လာသော သစ်များနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**လင်းခေး စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ် တောင်ပိုင်း လင်းခေးမြို့(မြို့မရဲစခန်း)မှစခန်းမှူး ဒုရဲမှူးဇော်ဝင်းဦးစီးသောရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဟောင်းလွမ်းနှင့်ဝန်ထမ်းများ၊ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၄ ရက် နံနက် ၄နာရီခွဲက လင်းခေးမြို့အဝင် စုပေါင်းစစ်ဆေးရေးဂိတ်သို့ မိုင်းပန်မြို့ဘက်မှဝင်လာသော SKAT ယာဉ်အမျိုးအစား သုံးစီးကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ယင်းယာဉ်ပေါ်၌ တရားမဝင်သစ်(ပိတောက်သစ်လုံး/ တိုင်/ဓားရွေ) စုစုပေါင်း တန်ချိန် ၈ ဒသမ ၆၁၃ တန်၊ ကာလတန်ဖိုးငွေကျပ် ၁၀၉၈၀၇၅ တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ၎င်းအဖွဲ့တွင် ယာဉ်မောင်း စိုင်းအိုက်တီး(ခ) အိုက်ပီး၊ စိုင်းသြဘာဒ၊ စိုင်းကျော်သန်းနှင့် စိုင်းဝါလိန်၊ စိုင်းနွံ(ယာဉ်နောက်လိုက်)တို့ကို ရှာဖွေစစ်ဆေးရာ ယာဉ်အမှတ် 9I/---- SKAT မောင်းနှင်သူ မိုင်းပန်မြို့ အလယ်ရပ်နေ စိုင်းအိုက်တီး(ခ)အိုက်ပီး(၂၉ )နှစ်၏ ဖုန်းအိတ်အတွင်းမှ WY- စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅ ပြား (၁၈ ဒသမ ၅) ဂရမ်ခန့်ကို တွေ့ရှိဖမ်းဆီးရမိခဲ့ကြသည်။

တရားမဝင်သစ်များ သယ်ဆောင်လာသောကားသုံးစီးတွင် ယာဉ်မောင်း အိုက်ပီးမောင်းနှင်သည့် 9I/ SKAT ယာဉ်ပေါ်မှ ပိတောက်သစ်/တိုင်/ဓားရွေ ၂၈ လုံး နှင့် သစ်ချောင်း(၂ ဒသမ ၉၀၉) တန်၊ ယာဉ်မောင်း စိုင်းသြဘာဒ မောင်းနှင်သည့် ၇၈/---- SKAT မှ အလားတူသစ် ၁၈ လုံး (၂ ဒသမ ၈၁၆) တန်နှင့် ယာဉ်မောင်း စိုင်းကျော်သန်း မောင်းနှင်လာသည့် 2H/---- SKAT ယာဉ်မှ သစ်လုံး ၂၉ လုံး (၂ ဒသမ ၈၈၈) တန်တို့ကို ဖမ်းဆီးရရှိခဲ့ပြီး ၎င်းပြစ်မှုကျူးလွန်သူများကို လင်းခေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **စိုင်းဇော်လတ်**

# လိပ်သိုမြို့၌ မိုးကြိုးပစ်သဖြင့် လေးဦးဒဏ်ရာရရှိ

**လိပ်သို စက်တင်ဘာလ ၂၆**

ကရင်ပြည်နယ် လိပ်သိုမြို့ ကျောင်းကုန်းကျေးရွာ၌ မိုးရွာသွန်းပြီး မိုးကြိုးပစ်မှုကြောင့် ကျေးရွာမူလတန်းကျောင်းဝင်းရှိ ဝန်ထမ်းအိမ်ရာတစ်လုံး စက်တင်ဘာ ၂၅ ရက် ညနေ ၅ နာရီခွဲက မိုးကြိုးထိမှန်ပြိုကျခဲ့ကြောင်း သိရသည်။

မိုးကြိုးပစ်ချိန် မီးချောင်းများကျကွဲမှုကြောင့် မီးချောင်းကွဲထိမှန်၍ ယင်းအိမ်၌ နေထိုင်သူ ဆရာမ ဒေါ်ယမင်းလှိုင်(၂၄ နှစ်)နှင့် စတုတ္ထတန်းကျောင်းသား မောင်ဖရန်စစ္စကို (ကိုးနှစ်)တို့တွင် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သည်။ ထို့အပြင် ဝန်ထမ်းအိမ်ရာအနီးရှိ နော်လွီးဇာ (၁၆ နှစ်)မှာ မိုးကြိုးစက်ကွင်းကြောင့် ထုံကျင်ဒဏ်ရာနှင့် နော်ရှားမူးလေ(၃၁ နှစ်) မှာ မိုးကြိုးအသံကြောင့် ချော်လဲခဲ့ကြောင်း သိရသည်။ အဆိုပါ ဒဏ်ရာရရှိသူများကို လိပ်သိုတိုက်နယ်ဆေးရုံ၌ အချိန်မီကုသမှုကြောင့် စိုးရိမ်စရာမရှိကြောင်း သိရသည်။

**လိပ်သို(မြန်/ဆက်)**

# အရှိန်မထိန်းနိုင်သော ယာဉ်နှစ်စီးတိုက်မိ၍ ၁၃ ဦး ဒဏ်ရာရ

**နေပြည်တော် စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကျိုက်လှကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၆၆/၅-၆) အကြား စက်တင်ဘာ ၂၅ ရက် ညနေ ၃ နာရီ မိနစ် ၅၀ က ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ဝေါမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကျိုက်ထိုမှ ဘုရားကြီးဘက်သို့ ပဲခူးမြို့ ကျွန်းသာယာရပ်ကွက်နေ ပေါက်ကြီး(၃၅ နှစ်) မောင်းနှင်သည့် N/---- Hilux ခရီးသည်တင်ယာဉ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်နေ ကျော်စွာမိုး(၄၂ နှစ်) မောင်းနှင်သည့် 1D/----SURF ယာဉ်တို့ မျက်နှာချင်းတိုက်မိခဲ့ရာ ယာဉ်ပေါ်ပါ မရမ်းကုန်းမြို့နယ်နေ ဒေါ်နီနီ(၄၃)နှစ်၊ Hilux ခရီးသည်တင်ယာဉ်ပေါ်ပါ ဝေါမြို့နယ် အရှေ့ဘက်ကမ်းရပ်ကွက်နေ ဦးလှဌေး(၅၁ နှစ်) ပါ ၁၂ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်း ပေါက်ကြီးနှင့် ကျော်စွာမိုးတို့ကို ဝေါမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ကိုရဲ**



# ဥတ္တရသီရိမြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် ရေစီးနှင့်အတူ လူတစ်ဦးမျောပါ

**ဥတ္တရသီရိ စက်တင်ဘာ ၂၆**

နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် စက်တင်ဘာ ၂၅ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပိုးစားတောကျေးရွာအနီး တံခွန်တိုင်ချောင်းအတွင်း တောင်ကျရေစီးဆင်းမှုကြောင့် လူတစ်ဦးမျောပါသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပိုးစားတောကျေးရွာ၌ နေထိုင်သူ မယမင်း(၂၆ နှစ်)သည် စက်တင်ဘာ ၂၅ ရက် ညနေ ၄ နာရီခန့်တွင် ယာတောမှ ရွာသို့ပြန်လာစဉ် ပိုးစားတောကျေးရွာ အနောက်မြောက်ဘက် သုံးဖာလုံခန့်အကွာ၌ အဆိုပါချောင်းကိုဖြတ်ကူးရာ တောင်ကျရေနှင့် မျောပါသွားခဲ့ကြောင်း သိရှိရသဖြင့် သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ရွာသားများနှင့် မိသားစုဝင်များက လိုက်လံရှာဖွေလျက်ရှိပြီး ယနေ့မွန်းလွဲ ၂ နာရီအထိ မတွေ့ရှိသေးကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**


'အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန' မှ ခွင့်ပြုလိုင်စင်ရရှိထားသော

**သုခစုစံ** -စက်မှုလက်မှုနှင့် ကျန်းမာရေးအကူ ကျွမ်းကျင်လုပ်သားသင်တန်းကျောင်း မှပြည်တွင်း/ပြည်ပအလုပ်အကိုင်များ လွယ်ကူစွာရရှိပြီး လုပ်ငန်းခွင်ကျွမ်းကျင်စေရေးအတွက် "အခြေခံအင်္ဂလိပ်နီယာသင်တန်း (BEC)" နှင့် "ကျန်းမာရေးအကူကျွမ်းကျင်သင်တန်းများ" ကို ပြည်တွင်း/ ပြည်ပအတွေ့အကြုံရင့်ဆရာ များ၊ဆေးရုံးအုပ်ကြီး(ငြိမ်း)နှင့်ဆရာ ဝန်များ၊သူနာ ပြုဆရာမကြီးများမှ သင်ထောက်ကူပစ္စည်းစုံလင်စွာဖြင့် စာတွေ့၊ လက်တွေ့

◆ www.tkss.com.mm သင်ကြားလေ့ကျင့်ပေးရုံမျှမက လုပ်ငန်းခွင်သို့ပို့ဆောင်လေ့ကျင့်ပေးနေပါသည်။ ◆ Fb : tkssoverseasemployment

**သုခစုစံကုမ္ပဏီ** - ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)၊ တိုက်အမှတ်(၅၀၆)။ ◆ Ph:(01) 377343, 377344, 385758

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်အောင်လင်းထက် ၁၂/တကန(နိုင်)၁၇၈၁၁၀၏ နိုင်ငံကူးလက်မှတ် M-407786 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၁၆၁၉၅၁**

**အမည်ပြောင်း**

ဗိုလ်တထောင်မြို့နယ် အထက(၂) လမ်းမတော် အဋ္ဌမတန်း (ဘီ) မှ ဦးခင်မောင်အေး (၁၂/ဗတထ(နိုင်)၀၂၇၈၅၀) ၏သား မောင်ဝသုန်မောင်မောင် အားမောင်ဥက္ကာမောင်မောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်ဥက္ကာမောင်မောင်

**ဖခင်အမည်မှန်**

ဆောမြို့၊ လောင်းရှည်(အထက) တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဆန်းမင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးခတ်စံ ၈/ဆမန(နိုင်) ၀၄၀၆၄၈ ဖြစ်ပါကြောင်း။ **ဦးခတ်စံ**

**အမည်မှန်**

ဆောမြို့၊ လောင်းရှည်(အထက) တက္ကသိုလ်ဝင်တန်း(D)မှ မမီမီလှိုင်၏ အမည်မှန်မှာ မမေမီလှိုင်ဖြစ်ပါကြောင်း။ **မမေမီလှိုင်**

**အမည်မှန်**

ဆောမြို့၊ လောင်းရှည်(အထက) တက္ကသိုလ်ဝင်တန်း(D)မှ မဆုပိုပိုအောင်၏ အမည်မှန်မှာ မစုပိုပိုအောင် ဖြစ်ပါသည်။ **မစုပိုပိုအောင်**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ငင-၃)၊ ဦးပိုင်အမှတ် ၃၊ ၅၇×၅၈ ကြား၊ ဘုရင့်နောင်×အနော်ရထာလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လှသိန်းထံမှ ဦးပိုင်-၃(ခဲစင်း)အရှေ့ခြမ်းအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၉၅၂/၂၀၁၆)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်စွာမျိုး ၁၄/ကပန(နိုင်) ၀၁၁၃၂၉၈က မြေချမိန့်၊ ငွေသွင်းပြေစာများပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တောဂရန်တို့တင်ပြ၍ တောမှမြို့ပြောင်း၊ အမည်ပြောင်း၊ ဦးပိုင်ခွဲအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၅၂၀၈၀, Honda Drean ND 125m, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် ၆/မအရ(နိုင်)၀၇၅၀၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မြိတ်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၁ယ/၉၆၂၉၀၊ Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇော ၁၄/ကကန(နိုင်)၁၀၀၄၈၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5H/8389 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၃ယ/၄၈၅၇၆ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင်ဦး ၇/ပမန(နိုင်)၁၂၇၅၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ပြည်) ပြည်မြို့**



# (၂၁) ရာစုပင်လုံထောက်ခံမှု စုပေါင်းစက်ဘီးစီးနင်းအဖွဲ့ ပင်လုံကျောက်တိုင်ရောက်ရှိ

**လွိုင်လင် စက်တင်ဘာ ၂၆**

(၂၁)ရာစုပင်လုံကို ထောက်ခံသောအားဖြင့် မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့နှင့်အတူပူးပေါင်း၍ Taunggyi Freedom Riders အဖွဲ့ကစီစဉ်သော တောင်ကြီး-ပင်လုံ-တောင်ကြီးစက်ဘီးစီးအဖွဲ့သည် စက်တင်ဘာ ၂၆ ရက် နံနက် ၆ နာရီတွင် တောင်ကြီးမြို့ စုရပ်ကျောက်တိုင်ကွင်းမှ စတင်ထွက်ခွာလာရာ ပင်လုံမြို့ရှိ ပြည်ထောင်စုကျောက်တိုင်ကွင်းသို့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရောက်ရှိလာသည်။

အဆိုပါ စက်ဘီးစီးအဖွဲ့ကို ပင်လုံမြို့ အုပ်ချုပ်ရေးမှူး ဦးထိန်လင်းအောင်နှင့် ဌာနဆိုင်ရာများ ဒေသခံပြည်သူများ၊ တိုင်းရင်းသားလူငယ်များက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြသည်။

စက်တင်ဘာ ၂၇ ရက် နံနက် ၅ နာရီတွင် သံဃာတော်များအားအရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ နံနက် ၇နာရီတွင် ပြည်ထောင်စုကျောက်တိုင်၌ ဂုဏ်ပြုပန်းခြင်းချခြင်း၊ အလေးပြုခြင်းများဆောင်ရွက်ပြီးနောက် လွိုင်လင်မြို့ရှိ ကွန်ပျူတာတက္ကသိုလ် (ပင်လုံ)၌ ချယ်ရီပင် ၁၀၀ စုပေါင်းစိုက်ပျိုးပြီး လွိုင်လင်မြို့မှ ပြန်လည်ထွက်ခွာသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ဘီးစီးအဖွဲ့တွင်ကိုသူရဟန်ထွန်းအောင်၊ ကိုမင်းနယ်အောင်၊ ကိုအောင်ကျော်မိုးနှင့် ကိုဘခိုင်တို့ ဦးဆောင်ပြီး စက်ဘီးစီးအဖွဲ့ဝင် ၆၄ ဦး ၊ အုပ်ချုပ်ရေးယာဉ်၊ သူနာပြုတပ်ဖွဲ့တို့ ပါဝင်ကြရာ ပင်လုံမြို့မှ စက်ဘီးစီးဝါသနာရှင် ၃၀ တို့က လွိုင်လင်မြို့ဝင်ဆိုင်းဘုတ်မှ သွားရောက်ကြိုဆိုကြပြီး ပင်လုံမြို့ ကျောက်တိုင်ဝင်းသို့ လမ်းပြခေါ်ဆောင်ကြကြောင်း သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

# ပဲခူးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**တောင်ငူ စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၅ ရက်က တောင်ငူခရိုင် အားကစားဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းဒေသကြီးအတွင်းရှိ တောင်ငူခရိုင်အသင်း၊ ပဲခူးခရိုင်အသင်း၊ ပြည်ခရိုင်အသင်း၊ သာယာဝတီခရိုင်အသင်းတို့ စက်တင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ လေးသင်းပတ်လည် ယှဉ်ပြိုင်ကစားကြပြီး ဗိုလ်လုပွဲတွင် တောင်ငူခရိုင်အသင်းက ပဲခူးခရိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယင်းနောက် ဆုပေးပွဲတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က အမှာစကားပြောကြားပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ ပထမရရှိသော တောင်ငူခရိုင်အသင်းအား ငွေသားဆုနှင့် ဆုဖလားကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

# ဗီယက်နမ်နိုင်ငံ အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲ မြန်မာပိုက်ကျော်ခြင်းအမျိုးသားနှင့် အမျိုးသမီးအသင်း ဗိုလ်လုပွဲတက်

**ဒါနန်း စက်တင်ဘာ ၂၆**

ဗီယက်နမ်နိုင်ငံ၊ ဒါနန်းမြို့၌ ကျင်းပလျက်ရှိသည့် (၅)ကြိမ်မြောက် အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲ၏ ပိုက်ကျော်ခြင်းသုံးယောက်တွဲ ပြိုင်ပွဲအုပ်စုနောက်ဆုံးပွဲများနှင့် ဆီမီးဖိုင်နယ်ပွဲများကို ယနေ့ကျင်းပရာ မြန်မာပိုက်ကျော်ခြင်းအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ ဗိုလ်လုပွဲတက်ရောက်သွားသည်။

အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုပွဲစဉ်များ၌ လာအိုအသင်းကို နှစ်ပွဲပြတ်၊ အိမ်ရှင်ဗီယက်နမ်ကို နှစ်ပွဲပြတ်၊ တောင်ကိုရီးယားကို နှစ်ပွဲပြတ်ဖြင့်သုံးပွဲစလုံး အနိုင်ရပြီး အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်တက်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် မြန်မာက ဘရူနိုင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့ပြီး အခြားပွဲတွင် လာအိုက အင်ဒိုနီးရှားကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်လုပွဲတွင် မြန်မာ နှင့်လာအိုတို့ တွေ့ဆုံနေသည်။

အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုပွဲတွင် တရုတ်ကိုနှစ်ပွဲပြတ်အနိုင်ရပြီး ဗီယက်နမ်ကို နှစ်ပွဲပြတ်ရှုံးနိမ့်ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲများတွင် မြန်မာကလာအိုကို နှစ်ပွဲပြတ်၊ ဗီယက်နမ်က ဖိလစ်ပိုင်ကို နှစ်ပွဲပြတ် အနိုင်ရခဲ့ပြီး မြန်မာနှင့် ဗီယက်နမ်တို့ ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။

ဗိုလ်လုပွဲများကို စက်တင်ဘာ ၂၇ ရက်(**ယနေ့**) နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းနှင့် ဗိုဗီနမ်အားကစားနည်းနှစ်မျိုး၌သာ ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၂၆**

မိတ္ထီလာမြို့နယ်၌ ၂၀၁၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၈ နာရီက လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် (လေ) ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ထွန်းအောင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ယင်းပြိုင်ပွဲတွင် လေတပ်စခန်းဌာနချုပ်နှင့် လေတပ်စခန်းများမှ ပြိုင်ပွဲဝင်အသင်းကိုးသင်း ပါဝင်ကြပြီး စက်တင်ဘာ ၂၆ရက်မှ အောက်တိုဘာ ၃ ရက်အထိ မြေပြင်အတတ်သင် လေတပ်စခန်း ၉ - မမပစ္စတိုစက်ပစ်ကွင်းနှင့် အံ့ထူးစက်ပစ်ကွင်းတို့၌ ပြိုင်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ငါ့သရောက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးလက်ကျောက်ချောလမ်းများ ရေတိုက်စားပျက်စီး

**ငါ့သရောက် စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်၌ စက်တင်ဘာ ၂၅ ရက်ညက မိုးသည်းထန်းစွာရွာသွန်းခဲ့ပြီး အဆိုပါ မိုးရွာသွန်းမှုကြောင့် ငါ့သရောက်-ညောင်ဦးကျောက်ချောလမ်းပေါ်ရှိ ရေကျော် ခြောက်စင်းခန့်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် ကျောက်ချောလမ်းများ မိုးရေတိုက်စားပြီး ပျက်စီးမှုများဖြစ်ကာ ဒေသခံပြည်သူများသွားလာရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရသဖြင့် အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန် လိုအပ်နေကြောင်း မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများထံမှ သိရသည်။

ထို့အပြင် ငါ့သရောက်မြို့နယ် တောပြားကျေးရွာမှ ဒေသခံပြည်သူများသောက်သုံးရေအတွက် မှီခိုအားထားရသည့် သောက်သုံးရေကန်အတွင်း မိုးရေများပြည့်လျှံစွာဝင်ရောက်ခဲ့သည်။ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် အဆိုပါ သောက်သုံးရေကန်မှာ ရေဝင်ရောက်မှုများပြီး ကန်၏အရှေ့မြောက်ထောင့်နေရာမှ ထူးပေါက်ကာရေများအပြင်သို့ ထွက်သွားခဲ့သဖြင့် ဒေသခံပြည်သူများကသဲအိတ်များဖြင့် အချိန်မီ ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## မြင်းခြံ သာမဏေကျော်အသင်းကြီးမှ တိုက်တွန်းနှိုးဆော်လွှာ

(၁၈)ကြိမ်မြောက် သာမဏေကျော် စာတော်ပြန်ပွဲကြီးသို့ မြန်မာနိုင်ငံတော်အတွင်းရှိ မည်သည့်ဒေသ မည်သည့်ကျောင်း ကျောင်းတိုက်များမှဖြစ်စေ ဝင်ရောက်ဖြေဆိုလိုပါက အချိန်မီဝင်ခွင့်လျှောက်လွှာ ထုတ်ယူ/တင်သွင်းတော်မူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဝင်ခွင့်လျှောက်လွှာ ထုတ်ယူ/တင်သွင်းနိုင်သည့်နေ့ရက်များ**

၁၃၇၈ ခုနှစ်၊ တော်သတင်းလပြည့်ကျော်(၁)ရက်မှ သီတင်းကျွတ်လကွယ်နေ့အထိ

**စာပြန်/ဖြေဆိုပွဲ ကျင်းပမည့်နေ့ရက်များ**

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၃)ရက် (အာဂုံ)

တန်ဆောင်မုန်းလပြည့်ကျော် (၄) + (၅) + (၆) (ရေးဖြေ)

**ဝင်ခွင့်လျှောက်လွှာ ထုတ်ယူ/တင်သွင်းနိုင်သည့် နေရာဌာနများ**

(၁) ဆရာတော် ဦးပညာဇောတ
သဒ္ဓမ္မဇောတိကကျောင်း
မင်းကျောင်းတိုက်၊ မြင်းခြံမြို့။
၀၉-၅၁၇၆၁၆၀

(၂) ဆရာတော် ဦးဝိလာသ
နဝမအုတ်ကျောင်း
မဟာနန္ဒိသေနာရာမတိုက်၊
မန္တလေးမြို့။ ၀၉-၂၀၃၅၇၇၁

(၃) သံတော်ဆင့်ဆရာတော်
သံတော်ဆင့်ကျောင်း
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေးမြို့။

## မိဘအမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မထည်ထည်ဝါ၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးလှရွှေ ၉/သစန(နိုင်)၀၈၄၃၈၂နှင့် ဒေါ်အေး ၉/သစန(နိုင်)၀၈၄၃၈၁ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးလင်း ၃/ကကရ(နိုင်)၀၄၀၀၀၄ ၏သမီး ကော့ကရိတ်မြို့နယ်၊ သရက်တောကျေးရွာ၊ အထက(တောင်ကြာအင်း)မှ မအေးအေး၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၆-၁၉၉၈ ဖြစ်ပါကြောင်း။

## မြေကွက်ပိုင်ဆိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြရပ်ကွက်၊ (၂၂)လမ်း၊ မြေကွက်အမှတ် ၆၈၀ဟုခေါ်တွင်သော အလျားပေ ၈၀×အနံ ၆၅ပေရှိ မြေကွက်သည် ဦးလှမြင့်(ဘ)ဦးသိန်းချစ် ၁၂/လကန(နိုင်)၀၅၁၁၄၂သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနတွင် နှစ် ၆၀ ငှားရမ်းစာချုပ်အမှတ်-၄၄၉/၉၄(ရွှေနံ့သာစံပြ)ဖြင့် ဦးလှမြင့်အမည်ပေါက်၍ ဦးလှမြင့် တစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝါဝါထွန်း**
**(စဥ်-၃၄၁၇၂)**
**အထက်တန်းရှေ့နေ**

**တွံတေးဦးသိန်းဝင်း**
**(စဥ်-၄၇၅၈)**
**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းဟောင်းများအသင်း

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းဟောင်းများအသင်း၏ အသက်(၈၀)နှစ်နှင့်အထက် ဝန်ထမ်းဟောင်းများအား ဂါရဝပြုလက်ဆောင်ပေးအပ်ပွဲနှင့် မိတ်ဆုံစားပွဲကို ၉-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ M-3,Food Centre၊ ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်ပါ၍ အသက်(၈၀)နှစ်နှင့်အထက်ဝန်ထမ်းဟောင်းများဖော်ပြပါ ဖုန်းနံပါတ်များသို့ ၂-၁၀-၂၀၁၆ရက် နောက်ဆုံးထားစာရင်းပေးကြပါရန်နှင့် ဝန်ထမ်းဟောင်းများအားလုံး ၄င်းနေ့တွင် အသင်းရန်ပုံငွေလက်မှတ် ၅၀၀၀ိ/-ဖြင့် ရန်ပုံငွေထည့်ဝင်ကာ တပျော်တပါးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **သီးခြားဖိတ်စာမပို့ပါ။**

**ဦးတင်မောင်(ကိုဖိုးအေး)** ဖုန်း-၀၉-၇၃၀၃၆၈၄၉
**ဒေါ်မူမူမြင့်** ဖုန်း-၀၁-၅၆၆၂၁၉
**ဒေါ်သန္တာခင်** ဖုန်း-၀၉-၄၃၀၈၅၇၃၈
**ဦးဝင်းအောင်** ဖုန်း-၀၉-၄၅၀၀၅၀၄၉၀

## ဖခင်အမည်မှန်

သံတွဲမြို့နယ်၊ အထက ကျောက်ကြီး၊ တက္ကသိုလ်ဝင်တန်း(A)မှ မမေရီသန်း ၁၁/သတန(နိုင်)၁၀၇၉၄၁၏ ဖခင်အမည်မှန်မှာ ဦးကျော်မျိုးနိုင် ၁၁/သတန(နိုင်)၀၅၁၄၄၀ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးသက်ဆွေ ၇/ရတန(နိုင်)၀၆၅၈၇၃ ၏သား ရွှေတောင်မြို့၊ အထက အဋ္ဌမတန်း(ဂ)မှ မောင်မိုးဝေအား မောင်ပြည့်ဖြိုးပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ပြည့်ဖြိုးပိုင်**

## ဖခင်အမည်မှန်

သံတွဲမြို့နယ်၊ အထက ကျောက်ကြီး၊ တက္ကသိုလ်ဝင်တန်း(B)မှ မစန္ဒာရွှေနှင့် အမက(ကြာညို)ဒုတိယတန်းမှ မနှင်းဝေအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးတောလူအောင် ၁၁/သတန(နိုင်)၀၆၆၆၅၉ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ပုဏ္ဏားကျွန်း၊ အထက၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်နိုင်နိုင်ချော၏ မိခင်အမည်မှန်မှာ ဒေါ်မလှဝင်း ၁၁/ပဏတ(နိုင်)၀၇၁၀၁၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

အိမ်မဲမြို့၊ အထက်ပိုင်းရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အကွက်အမှတ်(၁၁)ဗလီ၊ ဦးပိုင်အမှတ် ၁၄၈၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိမြေအား ဒေါ်လင်းလင်းမော်အမည်ဖြင့် မြေပေးမိန့် လျှောက်ထားလာခဲ့မှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အိမ်မဲမြို့**

## ယာဉ်မောင်းအလိုရှိသည်

ရန်ကုန်မြို့တွင်းမောင်းရမည်
လိုင်စင် ငါးနှစ်အထက်
ရန်ကင်း၊ တောင်ဥက္ကလာနေသူကို
ဦးစားပေးမည်။

**လစာ-၂၀၀၀၀၀/-၂၅၀၀၀၀**
**ဖုန်း-၀၉-၅၀၀၃၈၅၉**

## အမည်ပြောင်း

ဦးကျော်ဆန်းလင်း၏သမီး မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း၊ တတိယတန်း(က)မှ မယွန်းမြတ်နိုးအား မနဒီကျော်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **မနဒီကျော်လင်း**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ် ၂၄၁နေ ဦးဘုန်းညွှန့်(ဘ)ဦးဘုန်းတင် ၉/မသန(နိုင်)၀၈၆၁၅၇ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက် ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(၁) ရန်ကုန်မြို့၊ ဒဂုံအရှေ့မြို့နယ်၊ အရှေ့ဒဂုံစက်မှုဇုန်၊ မင်းသိင်္ခကျော်စွာလမ်း၊ ရွှေဆည် အထည်ချုပ်စက်ရုံ၏အနောက်ဘက်၊ ဦးပိုင်အမှတ်(၂၃)အတွင်းမှ အနောက်ဘက်ခြမ်း၊ မြေဧရိယာ ပေ(၉၇ ၁/၂×၅၂၅)၊ Kinetic Conqueror Group(KCG)စက်ရုံတည်ရှိရာ မြေနှင့်မြေပေါ်ရှိ အဆောက် အအုံ။

(၂) ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂ(၂၂)လမ်း၊ ဦးပိုင်အမှတ် ၅၉၉၊ မြေဧရိယာပေ(၄၀×၆၀)ရှိ မြေကွက်သည် မဇင်မာနွယ် အမည်ပေါက် မြေကွက်။

(၃) ရန်ကုန်မြို့၊ ဒဂုံအရှေ့မြို့နယ်၊ (၁၀၃)ရပ်ကွက်၊ ဦးပိုင်အမှတ် ၇၁၂၊ မြေဧရိယာ ပေ(၄၀×၆၀)ရှိ(စလစ်)မြေကွက်။

အထက်ဖော်ပြပါပစ္စည်းရပ်များသည် ကျွန်ုပ်၏မိတ်ဆွေ ကိုဘုန်းညွှန့်နှင့် မဇင်မာနွယ်တို့ နှစ်ဦးပိုင်ဆိုင်သော ပစ္စည်းရပ်များဖြစ်ပါသည်။ ယင်းနှစ်ဦးပိုင်ပစ္စည်းကို ခွဲဝေရခြင်းမရှိသေးပါ။ သို့ပါ၍ အထက်ဖော်ပြပါပစ္စည်းရပ်များကို ကျွန်ုပ်၏မိတ်ဆွေသဘောတူမသိရှိဘဲ လွှဲပြောင်းရောင်း ချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းများ၊ တစ်နည်းနည်းလွှဲပြောင်းခြင်း များ မပြုလုပ်ကြပါရန် မဇင်မာနွယ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူညီမှုမပါဘဲ တစ်နည်းနည်းဆောင်ရွက်ခဲ့သည်ရှိသော် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဘုန်းညွှန့်**
**၉/မသန(နိုင်)၀၈၆၁၅၇**
**ဖုန်း-၀၉-၄၀၃၇၁၂၈၈၅**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးဝင်း(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဥ်-၃၅၇၄၅/၁၀)**
**၆၃×၆၄ လမ်း၊ ၂၄× ၂၅ လမ်းကြား**
**မြသီတာလမ်း၊ မဟာဇေယျာဘုံရပ်**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၅၉၁၆၁၀၆၂**

# ဘဲသွေးချောင်းတံတားပေါ်တွင် သုံးတန်အောက်ယာဉ်များ စတင်ဖြတ်သန်းနိုင်ပြီ

**အောင်လံ စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့အရှေ့ဘက် အောင်လံ-သမ္ဘုလကားလမ်းပေါ် ရွာမထုံးနှင့် အောင်မြေကုန်းကျေးရွာများကြားရှိ ဘဲသွေးချောင်းတံတားသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတားအောက်ခံခုံ ရေလယ်တိုင်မှာ ပြိုလဲခဲ့သဖြင့် တံတားပေါ်သို့ ယာဉ်များဖြတ်သန်းသွားလာမှုကို ခေတ္တပိတ်ထားခဲ့ရသည်။ ထို့ကြောင့် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆွေ၏ ညွှန်ကြားချက်အရ ခရိုင်ကျေးလက်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြီး၏ ကြီးကြပ်မှုဖြင့် စက်တင်ဘာ ၁၃ ရက်မှစတင်၍ ပြိုလဲသွားသောရေလယ်တိုင်နေရာတွင် သံပေါင်များထူ၍ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၂ ရက်တွင် ပြီးစီးပြီး စက်တင်ဘာ ၂၃ ရက်တွင် တံတားခံနိုင်ဝန်အားဖြစ်သော သုံးတန်နှင့်အောက် မော်တော်ယာဉ်များ စတင်၍ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

ယင်းအထက်ယာဉ်များကိုမူ ယခင်က ဆောင်ရွက်ပေးထားခဲ့သော လမ်းလွှဲမှသာ မောင်းနှင်ခွင့်ပြုထားသဖြင့် သုံးတန်အထက်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကို မြို့နယ် ကျေးလက်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးကြည်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးလျက်ရှိကာ အဆင်ပြေချောမွေ့စွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**



# ဇဟိုစည်ဝင်းအဝင်တံတားအပေါ်ထားရှိသော အမှိုက်ပုံးများနေရာပြောင်းရွှေ့ နေရာဟောင်းတွင်အမှိုက်ပစ်လျှင် ထောင်ဒဏ်၊ ငွေဒဏ်ပေးဆောင်ရမည်ဟု အသိပေး

**ရန်ကုန် စက်တင်ဘာ ၂၆**

လမ်းမတော်မြို့နယ် ဇဟိုစည်အိမ်ရာဝင်းသို့ အနော်ရထာလမ်းဘက်မှ တစ်ခုတည်းသောဝင်ပေါက်ဖြစ်သည့် ကျုံးကြီးမြောင်းဖြတ်တံတားပေါ်တွင် ရွှေ့လျား ဘီးတပ်အမှိုက်ပုံးကြီးများ ထားရှိခဲ့သည်။ သို့သော် အမှိုက်ပုံးကြီးများ ဝန်းကျင်တွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းကို မြင်တွေ့နေရသည်။

သို့ဖြစ်ရာ အဆိုပါနေရာရှိအမှိုက်ပုံးကြီးများကို အနော်ရထာလမ်းမပေါ်ရှိ (၇)လမ်းတို့ထိပ်တွင် ငါးလုံးထိ လမ်းတို ဘေးဝဲ-ယာတွင် ပြောင်းရွှေ့ထားသည်ကို စက်တင်ဘာလ တတိယပတ်အတွင်း မြင်တွေ့လာရသည်။ ယခင်ထားရှိခဲ့သော မြောင်းကူးတံတားလက်ရန်း အကာအရံတွင်လည်း အမှိုက်မစွန့်ပစ်ရန်နှင့် စွန့်ပစ်ပါက အရေးယူမည့် ပြစ်ဒဏ်များကို အသိပေးဗီနိုင်းအကြီးဖြင့် စိုက်ထူထားပြီး ယင်းနေရာမှ ပြောင်းရွှေ့ထားသော အမှိုက်ပုံးနေရာကိုပါ လမ်းညွှန်အသိပေးစာတန်းပါ ပူးတွဲချိတ်ထားသည်ကိုမြင်တွေ့ရသည်။

သက်ဆိုင်ရာက အမှိုက်ပုံးများလုံလောက်စွာ နေရာချထားပေးသည့်အတွက် အမှိုက်စွန့်ပစ်သူများအနေဖြင့် စည်းကမ်းတကျ အမှိုက်ပုံးအတွင်းအရောက်ထည့်ရန် အထူးလိုပါသည်။ ကျုံးကြီးမြောင်း၏ဘုန်းကြီးလမ်း စံပြရုပ်ရှင်ရုံအနီး ကားလမ်းဖြတ်ခုံး တံတားအောက်နှင့် မော်တင်(လမ်းသစ်)ကားလမ်းဖြတ် ခုံးတံတားအောက်ရှိ အမှိုက်များကို သက်ဆိုင်ရာက ရှင်းလင်းပေးခဲ့ပြီး စံပြရုပ်ရှင်အနီးဆိုလျှင် မြောင်းအတွင်းရှိ ရေဆိုးရေညစ်များကို သန့်ရှင်းရေးလုပ်သားများက ရေစီးအားဖြင့် ရှင်းလင်းခဲ့ကြောင်း သိရသည်။

မော်တင်(လမ်းသစ်)ကားလမ်းဖြတ် ခုံးတံတားအောက်တွင်လည်း နှစ်ကြိမ်တိုင် ရှင်းလင်းခဲ့ရပြီး ယခုအခါ မြောင်းအတွင်း ရေနည်းပြီး မြောင်းဖြတ် ပိုက်လုံးများနှင့်ရေပြင်ထိမနေသော်လည်း မြောင်းခုံးတံတားအဝင်တွင် ထုထည်ကြီးမားစွာဖြင့် ပိတ်ဆို့နေသည်ကို စက်တင်ဘာ ၂၁ ရက်က မြင်တွေ့ခဲ့ရသည်။

အဆိုပါ ကျုံးကြီးမြောင်းအတွင်းသို့ လွယ်လင့်တကူ အမှိုက်များကျနေသည့်အတွက် မြောင်းကူးတံတားများပေါ်ရှိ အမှိုက်ပုံးများကို ဝေးရာသို့ရွှေ့ပြောင်းထားရှိခြင်းဖြင့် ကောင်းမွန်သောလုပ်ဆောင်ချက် ဖြစ်သည်။

သို့သော် လွယ်လင့်တကူ ပစ်လေ့ရှိသော အကျင့်များဖျောက်၍ အမှိုက်ပုံးရှိရာသို့ သွားရောက်စွန့်ပစ်တတ်သည့်အပြုအမူများဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပါက ရန်ကုန်မြို့တွင်း အမှိုက်ကင်းစင်ရန် ဆောင်ရွက်နေမှုကို အထောက်အကူပြုစေမည်ဟု လမ်းမတော်မြို့နယ် အနော်ရထာလမ်းတွင် နေထိုင်သူတစ်ဦးက ပြောသည်။

**ခင်ဆိုင်**

# ညောင်ဦးရှိ ရွှေဂူကျောင်းဘုန်းတော်ကြီးကျောင်းဆရာတော်မှ တရုတ်နိုင်ငံ ယူနန်တက္ကသိုလ်အတွက် ပေရွက်နှင့် ပုရပိုက်များလှူဒါန်း

**ညောင်ဦး စက်တင်ဘာ ၂၆**

ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး တောင်ဘက်မုခ်ရှိ ရွှေဂူကျောင်းဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၂၂ရက်က ရွှေဂူကျောင်းဆရာတော် ဘဒ္ဒန္တခေမိန္ဒက ပေရွက်နှင့် ပုရပိုက်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ယူနန်တက္ကသိုလ်သို့လှူဒါန်းခဲ့ရာ ယူနန်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် မစ္စတာကျန်းလိနှင့် ကိုယ်စားလှယ်အဖွဲ့များ၊ မန္တလေးမြို့ FITC ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးစက်တီတို့က လက်ခံ ယူခဲ့သည်။

အဆိုပါလှူဒါန်းပစ္စည်းများမှာ ပျံလွန်တော်မူသွားခဲ့သည့် ယခင် ရွှေဂူကျောင်းဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် နိုင်ငံတော်သြဝါဒစရိယအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရ စုဆောင်းထားခဲ့သည့် ပစ္စည်းများဖြစ်ကြောင်း၊ ပစ္စည်းများမှာ ရဟန်းခံ (ရဟန်းလောင်း) ဆုံးမစာကမ္မဝါ၊ ယွန်းကမ္မဝါ၊ စာပုလွေ၊ မိလိန္ဒပညာဝတ္ထုပေစာရွက်ထုပ်တစ်ထုပ်၊ လောကနီတိပုရပိုက်နှင့် ဒုစရိုက်ဆယ်ပါးပါ၌ ပုရပိုက်တို့ပါဝင်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ယာဉ်နှင့် လမ်းစည်းကမ်းတားမြစ်ချက်နှင့် ပြစ်ဒဏ်များ တိုင်းတာအရေးယူမှုများအားပရိုဂျက်တာဖြင့် အသိပညာပေး

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်တိုက်မှုနှင့် ယာဉ်မတော်တဆဖြစ်ပွားမှုအများဆုံးဖြစ်ပွားလျက်ရှိသော လှိုင်သာယာမြို့နယ်တွင် စက်တင်ဘာ ၂၃ ရက်က စက်မှုဇုန်(၃) ယောမင်းကြီးလမ်းမပေါ်ရှိ ကိုကာကိုလာအချိုရည်စက်ရုံ၌ စက်ရုံယာဉ်မောင်းများနှင့် အလုပ်သမား ၁၁၆ ဦးအား အမှတ်(၆၈)ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးငွေတင်နှင့် တပ်ဖွဲ့ဝင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ ဥပဒေသစ်ပါတားမြစ်ချက်နှင့် ပြစ်ဒဏ်များ၊ Alcohol Tester တိုင်းတာအရေးယူမှုများနှင့်အတူ လက်ရှိဖြစ်ပွားနေသော ယာဉ်မတော်တဆမှုတို့ကို ပါဝါပွိုင့် ဖြင့် အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(၁၆၄)**



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးသိန်းဇော်ဝင်းဦးဆောင်၍ ထားဝယ်မြို့တွင် ဖွင့်လှစ်လျက်ရှိသော အခြေခံရှာဖွေကယ်ဆယ်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၆) မှ သင်တန်းသား ၃၅ ဦးသည် စက်တင်ဘာ ၂၄ ရက်က ထားဝယ်မြစ်အတွင်း မီးသတ်ရေယာဉ်နှစ်စင်းဖြင့် ရေပြင်ရှာဖွေကယ်ဆယ်ရေး လက်တွေ့ လေ့ကျင့်မှုများကို ဆောင်ရွက်နေစဉ်

ဖိုးရွှေသွန်း



အမှတ်(၁၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ (၅၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာလတတိယပတ်က တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီးပေါ်ထွန်း ဦးစီး၍ တပ်ဖွဲ့ဝင် ၆၀ ဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ဖြုတ်ခွဲကျေးရွာအမှတ် (၁၅)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ခဲ့စဉ် (မြန်မာ့အလင်း)

# နေပြည်တော်-ကံပြား-ဖန်ခါးပင်လမ်းအားမြေသားလမ်းအဖြစ်အကောင်အထည်ဖော်ဆောင်ရွက်မည်

**မြို့သစ် စက်တင်ဘာ ၂၆**

နေပြည်တော်-ကံပြား-ဖန်ခါးပင်လမ်းအား ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် မြေသားလမ်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများက စက်တင်ဘာ ၂၂ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါနေပြည်တော်-ကံပြား-ဖန်ခါးပင်လမ်းသည်အရှည် ၁၃ မိုင် ၅ ဖာလုံရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အရှည်ခြောက်မိုင်မြေသားလမ်းခင်းပြီးကျန်ရှိနေသော ခုနစ်မိုင် ငါးဖာလုံကို ဆက်လက်မြေသားလမ်းခင်းမည်ဖြစ်ရာ အဆိုပါလမ်းအား မြေသားလမ်း အားလုံးခင်းပြီးပါက ငါးမိုင် သုံးဖာလုံခန့်ကိုကတ္တရာလမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြေသားလမ်းခင်းခြင်းနှင့် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ခန့်မှန်းရန်ပုံငွေ ၁၃၅၉ ဒသမ ၂၃ သန်းခန့် အကုန်အကျခံဆောင်ရွက်မည်ဟု သိရသည်။

အဆိုပါလမ်းပြီးစီးပါက ကျေးရွာအုပ်စုလေးအုပ်စုရှိ ကျေးရွာ ၁၃ ရွာနှင့် အိမ်ခြေ ၂၀၂၃ အိမ်၊ လူဦးရေ ၉၈၃၄ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာသွားလာအသုံးပြုနိုင်မည်ဖြစ်သလို ဒေသထွက်ကုန်များကိုလည်း လွယ်ကူလျင်မြန်စွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဇော်(မကွေး)**

# နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ပင်လည်ဘူးမြို့တွင် အခမဲ့ဆေးကုသမှုများ ပြုလုပ်ပေး

**ပင်လည်ဘူး စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့အမှတ်(၁၁၁)ခြေမြန်တပ်ရင်းမှ နယ်မြေခံ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် စက်တင်ဘာ ၂၂ ရက်က ပင်လည်ဘူး မြို့သို့လာရောက်ပြီး မြို့နယ် အား/ကာခန်းမ၌ စစ်မှုထမ်းဟောင်းမိသားစုဝင်များနှင့်ရပ်ကွက်ပြည်သူများအား အထွေထွေရောဂါစမ်းသပ်စစ်ဆေး၍ အခမဲ့ဆေးကုသမှုများ ပြုလုပ်ပေးခဲ့သည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် ပင်းကြိုင်းကျေးရွာ တောင်ကျောင်း ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ကာ ကျန်းမာရေးမကောင်းသည့် ဆရာတော်၊ သံဃာများနှင့် ကိုရင်များကို ကျန်းမာရေးစစ်ဆေး ကုသမှုများပြုလုပ်ပေးပြီး ကျန်းမာရေးမကောင်းသည့် ကျေးလက်နေပြည်သူများကိုလည်း အခမဲ့ကျန်းမာရေးစစ်ဆေးကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

# ပိုလန်မှ ပေးစာများ - ၁

## အောင်အောင် (IR)

**ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ စီစဉ်ဖိတ်ကြားမှုနဲ့ ပိုလန်နိုင်ငံ (Poland) မြို့တော် ဝါဆော (Warsaw) ကိုမီဒီယာလေ့လာရေးခရီးစဉ်အဖြစ် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့မှာရောက်ရှိခဲ့တယ်။**

### ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရန်

စာရေးသူတို့အဖွဲ့မှာ စာရေးသူအပါအဝင် အဖွဲ့ဝင်လေးဦးပါရှိပြီး မြန်မာမီဒီယာတစ်ခုစီမှ တစ်ဦးကျ ဖိတ်ကြားခြင်းဖြစ်ပါတယ်။ ဖိတ်ကြားခြင်းရဲ့ရည်ရွယ်ချက်ကတော့ ပိုလန်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြားနားလည်မှုနဲ့ ချစ်ကြည်ရင်းနှီးမှုတို့ကို မြှင့်တင်နိုင်ရန်ဖြစ်ပါတယ်။ စာရေးသူကတော့ အဲဒီမီဒီယာအဖွဲ့မှာဆောင်းပါးရှင် (Freelance Writer)တစ်ဦးအနေနဲ့ပါဝင်ခဲ့တာ ဖြစ်ပါတယ်။

ခရီးစဉ်အတွင်း ပိုလန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန၊ ပါလီမန်၊ အမျိုးသားကာကွယ်ရေးဗျူရို၊ ကုန်သွယ်စီးပွားဌာန၊ စည်ပင်ဌာန၊ လူ့အခွင့်အရေးဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ပိုလန်တီဗွီ၊ သတင်းမီဒီယာတို့မှ တာဝန်ရှိသူများနဲ့ တွေ့ဆုံဖို့ စီစဉ်ထားတဲ့အပြင် မြို့တော်ဝါဆောကနေ ဒုတိယအကြီးဆုံးမြို့ကြီးဖြစ်တဲ့ ခရက်ကော့ဗ် (Kraków) ကိုအမြန်ရထားနဲ့သွားရောက်ပြီး အဲဒီက သမိုင်းနဲ့ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံတွေကို လေ့လာရေးအစီအစဉ်လည်းပါရှိပါတယ်။

### ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့ရခြင်းရဲ့ အဓိကရင်းမြစ်

ပိုလန်ဆိုတာအင်္ဂလန် (ဗြိတိန်)၊ ပြင်သစ်၊ ဂျာမနီလို မြန်မာပြည်သူများနဲ့ အထူးအကျွမ်းဝင်နေတဲ့ နိုင်ငံတော့မဟုတ်ပါဘူး။ သို့သော်ပိုလန်နိုင်ငံဟာ သမိုင်းတစ်လျှောက် ကမ္ဘာ့နိုင်ငံရေးမှာ အရေးပါတဲ့နေရာကတည်ရှိခဲ့တာမို့ ပိုလန်ဆိုတဲ့အမည်ကို လူအတော်များများက သတိပြုမိကြပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့ရခြင်းရဲ့အဓိကရင်းမြစ်ဟာ ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှာ နာဇီဂျာမနီနိုင်ငံက သူ့အိမ်နီးချင်းပိုလန်နိုင်ငံကိုစတင် ကျူးကျော်ရာက ဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ကာလလူတွေ အထူးသဖြင့် ပိုလန်လူမျိုးတွေအပါအဝင် ဂျူးလူမျိုးတွေ သန်းချီသေဆုံးခဲ့ရတဲ့ အော့စ်ဝက်ချ် အကျဉ်းစခန်းများ (Auschwitz) ဟာလည်း ပိုလန်နိုင်ငံအတွင်းမှာ တည်ရှိပါတယ်။ ပိုလန်ဟာ ဂျာမနီလို၊ ဆိုဗီယက် (အခုရုရှား) လို ဥရောပမဟာအင်အားကြီးနိုင်ငံများအကြား တည်ရှိတာကြောင့် သမိုင်းတစ်လျှောက် မကြာခဏဆိုသလို အင်အားကြီးနိုင်ငံများရဲ့ နယ်မြေများဖွဲ့ထုတ်သိမ်းပိုက်ခြင်းခံရပါတယ်။ ဒုတိယကမ္ဘာစစ်ကာလမှာ ဂျာမနီရဲ့ကျူးကျော်သိမ်းပိုက်မှုကိုခံရသလို ဒုတိယကမ္ဘာစစ်ပြီးဆုံးတော့လည်း ဆိုဗီယက် (ရုရှား) ရဲ့လွှမ်းမိုးမှုကိုခံရကာ ပိုလန်နိုင်ငံဟာ ကွန်မြူနစ်အာဏာရှင်အုပ်ချုပ်သူ များအောက် နှစ်ပေါင်းများစွာ ကျရောက်ခဲ့ရပါတယ်။

### ဝါဆောစစ်အုပ်စု

ဒုတိယကမ္ဘာစစ်အပြီးကာလ စစ်အေးတိုက်ပွဲကာလ အမေရိကန်ဦးဆောင်တဲ့ နေတိုးစစ်အုပ်စုနဲ့အပြိုင် ဆိုဗီယက်ကဦးဆောင်ပြီး ပိုလန်နိုင်ငံဝါဆောမြို့တော်မှာ ဝါဆောစစ်အုပ်စု (Warsaw Pact) ဆိုပြီးဖွဲ့ပါတယ်။ ကွန်မြူနစ်ကာလအတွင်း ပိုလန်မှာသွေးမြေကျ လူထုလှုပ်ရှားမှုတွေ အထူးသဖြင့် အလုပ်သမားလှုပ်ရှားမှုတွေ အသွင်အမျိုးမျိုးနဲ့ဖြစ်ပေါ်ခဲ့ပြီး ၁၉၈၉ ခုနှစ်မှာတော့ ကွန်မြူနစ်စနစ်အားနည်းပြိုပျက်ပြီးရွေးကောက်ပွဲများမှတစ်ဆင့် ဒီမိုကရေစီအသွင်ဆောင်တဲ့ ညွန့်ပေါင်းအစိုးရများ အာဏာရလာပါတယ်။

**တစ်ဖက်မှာလည်း အစိုးရယန္တရားများရဲ့စွမ်းဆောင်ရည်ကို မြှင့်တင်ထိန်းကျောင်းရင်း အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်နိုင်ခဲ့တာကြောင့် ပိုလန်နိုင်ငံဟာ ၁၉၉၉ ခုနှစ်မှာတော့ မြောက်အတ္တလန္တိတ် စစ်စာချုပ် (နေတိုး) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပြီး ၂၀၀၄ ခုနှစ်မှာ ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါတယ်။ အခုဆိုရင်လည်း မြန်မာနိုင်ငံမှာ အကူးအပြောင်းကာလဖြစ်တာကြောင့် မြန်မာကို ပိုလန် ဥပမာနဲ့ မကြာခဏတင်စားပြောဆိုကြတာ ဆိုရှယ်မီဒီယာတွေမှာတွေ့မိကြပါလိမ့်မယ်။**

### လက်ချ်ဝါလက်ဆာ

ယခင် အလုပ်သမားခေါင်းဆောင်တစ်ဦးဖြစ်ပြီး ၁၉၈၃ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်တစ်ဦးဖြစ်သူ ပိုလန်သမ္မတဟောင်း လက်ချ်ဝါလက်ဆာ (Lech Walesa) ဟာဆိုရင် ဒေါ်အောင်ဆန်းစုကြည်ကို အခိုင်အမာထောက်ခံတဲ့ နိုင်ငံတကာ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး မြန်မာပြည်သူများအတွင်းမှာလည်း သူ့အမည်ဟာ လူသိများထင်ရှားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်လည်း ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့မှာပိုလန်နိုင်ငံကို သွားရောက်ခဲ့တယ်ဆိုတာ လေ့လာတွေ့ရှိရပါတယ်။

### အမျိုးသားပြန်လည်ရင်ကြားစေ့ရေး

ကွန်မြူနစ်စနစ်ပြိုပျက်ပြီးနောက် ပိုလန်နိုင်ငံဟာ မြန်မာနိုင်ငံလိုပဲ အကူးအပြောင်းကာလကို ဖြတ်ကျော်ခဲ့ရပြီး အကူးအပြောင်းကာလအတွင်းဒီမိုကရေစီအစိုးရများဟာ ယခင်ကွန်မြူနစ်ကာလ ဖိနှိပ်မှုများအတွက် တာဝန်ရှိသူများကို အပြစ်ပေးအရေးယူခြင်း အချို့ရှိခဲ့ပါတယ်။ သို့သော် အားလုံးကိုသိမ်းကျုံးအရေးယူတာမျိုးမဟုတ်ဘဲ အသေအပျောက်များပြားခဲ့တဲ့ အရေးအခင်းအချို့မှာ တိုက်ရိုက်တာဝန်ရှိသူများကို ထောင်ဒဏ်ချမှတ်ခြင်း၊ အချို့ခေါင်းဆောင်များကို ဆိုင်းငံ့ပြစ်ဒဏ်ချမှတ်ခြင်း၊ သက်တမ်းမစေ့မီ



အကျဉ်းထောင်များမှ ပြန်လွှတ်ခြင်းစတဲ့ မတင်းလွန်း၊ မလျော့လွန်းတဲ့ အခြေအနေတစ်ရပ်ဖန်တီးကာ ဒီမိုကရေစီအစိုးရများရဲ့ ပုံရိပ်ကိုလည်းမပျက်ယွင်းရအောင်၊ ယခင်ကာလ တာဝန်ရှိသူများကိုလည်း စိုးရိမ်မှုမလွန်ကဲစေဘဲ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးကို မထိခိုက်အောင် သတိထားဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။

### နေတိုးနှင့် အီးယူအဖွဲ့ဝင်နိုင်ငံ

တစ်ဖက်မှာလည်းအစိုးရယန္တရားများရဲ့စွမ်းဆောင်ရည်ကို မြှင့်တင်ထိန်းကျောင်းရင်း အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်နိုင်ခဲ့တာကြောင့် ပိုလန်နိုင်ငံဟာ ၁၉၉၉ ခုနှစ်မှာတော့ မြောက်အတ္တလန္တိတ် စစ်စာချုပ် (နေတိုး) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပြီး ၂၀၀၄ ခုနှစ်မှာ ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါတယ်။ အခုဆိုရင်လည်း မြန်မာနိုင်ငံမှာ အကူးအပြောင်းကာလဖြစ်တာကြောင့် မြန်မာကို ပိုလန် ဥပမာနဲ့ မကြာခဏတင်စားပြောဆိုကြတာ ဆိုရှယ်မီဒီယာတွေမှာတွေ့မိကြပါလိမ့်မယ်။ ဒီလိုစိတ်ဝင်စားမှု အကြောင်းအချက်တွေနဲ့ပြည့်နှက်နေတဲ့ ပိုလန်နိုင်ငံကို တစ်ပတ်ကြာသွားရောက် လေ့လာခွင့်ရရှိခဲ့တာမို့ ပိုလန်ရောက်ရှိခိုက် ခရီးစဉ်အသေးစိတ်ကို ပိုလန်နိုင်ငံမှပေးစာများဆိုပြီး ရေးသား ပေးပို့မယ်လို့စိတ်ကူးဖြစ်မိပါတယ်။ စိတ်ကူးတဲ့အတိုင်းလည်း ဒီဆောင်းပါးကို ပိုလန်မှပေးစာများ အမှတ်စဉ် (၁) အနေနဲ့ ရေးသားဖြစ်ပါတယ်။

### ထိုင်းနိုင်ငံမှာ ဗီဇာသွားလုပ်ရ

စာရေးသူတို့ရဲ့ပိုလန်နိုင်ငံလေ့လာရေးခရီးစဉ်အစက ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၀ ရက် (စနေနေ့) ဖြစ်ပါတယ်။ ပိုလန်သွားဖို့ ဗီဇာလုပ်ပေးနိုင်တဲ့ ပိုလန်သံရုံး မြန်မာနိုင်ငံမှာမရှိတာကြောင့် ထိုင်းနိုင်ငံ၊ ဗန်ကောက်ကပိုလန်သံရုံးမှာ ဗီဇာသွားလုပ်ရပါတယ်။ ရန်ကုန်မှာ မြန်မာနိုင်ငံအခြေစိုက် ပိုလန်ပြည်သူ့သမ္မတနိုင်ငံကိုယ်စားလှယ်ရုံးရှိပေမယ့် ဗီဇာကိစ္စများကိုတော့ ဆောင်ရွက်မပေးသေးပါဘူး။

### ရှန်ဂျန်ဗီဇာ

စာရေးသူက ဒီနှစ်အစောပိုင်းမှာ အလုပ်ကိစ္စနဲ့ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တော်ကိုရောက်ရှိခဲ့ပြီး အဲဒီတုန်းက ရှန်ဂျန်ဗီဇာ(Schengen Visa) (ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအများစုဆီဗီဇာမလိုဘဲသွားနိုင်ခွင့်) တစ်နှစ်ရထားခဲ့ပြီး အခုပိုလန်သွားမယ့်ကာလက အကျုံးဝင်နေသေးတာမို့ ဗီဇာလျှောက်စရာမလိုပါဘူး။ သို့သော် အခြားအဖွဲ့ဝင်သုံးဦးကတော့ လျှောက်ထားဖို့လိုအပ်တာကြောင့် ရန်ကုန်မှာကတည်းက ဗန်ကောက်က ပိုလန်သံရုံးဆီ အွန်လိုင်းကတစ်ဆင့် ဗီဇာလျှောက်လွှာတွေဖြည့်၊ တင်ကြနဲ့ အလုပ်အတော်ရှုပ်သွားကြပါတယ်။ ဒ့ါအပြင် ခရီးသွားကျန်းမာရေးအာမခံ စာချုပ်လိုတယ်ဆိုတာကြောင့် ပြည်တွင်းက ခရီးသွားလာရေးကုမ္ပဏီတစ်ခုကနေ ပိုလန်သွားရမယ့် တစ်ပတ်ကိုကာမိစေမယ့် နိုင်ငံတကာကျန်းမာရေးစောင့်ရှောက်မှုစာချုပ်ကို လေးယောက်သား တစ်ဦးချင်းဆီဝယ်ကြရပါတယ်။ တစ်ဦးကိုဒေါ်လာ ၂၉ ဒေါ်လာကျသင့်ပါတယ်။ ဝန်ဆောင်ခပါပါရင် တစ်ယောက်ကိုဒေါ်လာ ၃၃ လောက် ကျသင့်ပါတယ်။

ရန်ကုန်ကနေ ဗန်ကောက်ကိုထွက်မယ့် လေယာဉ်ထွက်ခွာချိန်က နံနက် ၆ နာရီ ၁၅ မိနစ် ဖြစ်တာမို့ မြို့ထဲကအိမ်ကနေလေဆိပ်ကို တက္ကစီနဲ့ စက်တင်ဘာ ၁၀ ရက် နံနက် ၄ နာရီ ၁၅ မိနစ်လောက်ကတည်းက ထွက်ရပါတယ်။ လေဆိပ်ကို ၅ နာရီ ဝန်းကျင်ရောက်၊ ပိုလန်သွားမယ့် အဖွဲ့ဝင်တွေနဲ့တွေ့၊ ရန်ကုန်ကနေ ဗန်ကောက်ကို နံနက် ၆ နာရီ မိနစ် ၂၀ လောက်မှာ ဗန်ကောက်အဲယားဝေးနဲ့ ထွက်ခွာဖြစ်ပါတယ်။

### ပိုလန်သံရုံးသို့

ဗန်ကောက်ကို ထိုင်းစံတော်ချိန် ၈ နာရီခွဲ ဝန်းကျင်မှာရောက်၊ လေဆိပ်ကနေ တက္ကစီငှား၊ ဗန်ကောက်မြို့ထဲက ပိုလန်သံရုံးကိုသွား၊ လမ်းမှာလေဆိပ်ကငှားခဲ့တဲ့ တက္ကစီဆရာက လိပ်စာ ချက်ချင်းရှာမရဘဲ ဖြစ်နေလို့ ပိုလန်သံရုံးကို နံနက် ၁၁ နာရီ ၁၅ မိနစ် ဝန်းကျင်လောက်မှာမှ ရောက်သွားပါတယ်။ အဲဒီမှာ ဗီဇာကိစ္စတွေဆောင်ရွက်၊ နေ့လယ် ၁၂ နာရီခွဲ ဝန်းကျင်မှာ အဖွဲ့ဝင် အားလုံး ပိုလန်သွားမယ့်ဗီဇာ (Schengen Visa) ရကြပါတယ်။ ဗန်ကောက်ကနေ ပိုလန်နိုင်ငံ ဝါဆောကို တိုက်ရိုက်ပျံသန်းမှာမဟုတ်ဘဲ ကာတာနိုင်ငံ (Qatar) မြို့တော် ဒိုဟာ ဟာမက်နိုင်ငံတကာလေဆိပ် (Hamad International Airport)မှာ ခရီး တစ်ထောက်နားမှာဖြစ်ပါတယ်။

ဒိုဟာ (Doha) ကိုသွားမယ့် ကာတာလေကြောင်းလေယာဉ်ကလည်း ည ၉ နာရီ ၁၅ မိနစ်မှာမှ ထွက်ခွာမှာဖြစ်လို့ အချိန်တွေအများကြီးပိုနေပါတယ်။ သို့သော် ပိုလန်သံရုံးတာဝန်ရှိသူတွေက ညနေပိုင်း ဗန်ကောက်လမ်းပိတ်ဆို့မှုက နာရီနဲ့ချီကြာတတ်တာမို့ ဗီဇာရပြီးရင် အချိန်သိပ်မဆွဲဘဲ လေဆိပ်ကိုသွားကြဖို့ အကြံပြုပါတယ်။

### ကာတာလေကြောင်းနဲ့ ထွက်ခွာ

မွန်းလွဲ ၁ နာရီ လောက်မှာ ပိုလန်သံရုံးနားက ထိုင်းစားသောက်ဆိုင်တစ်ဆိုင်မှာ နေ့လယ် စာစား၊ အဲဒီနောက် လေးယောက်သားတက္ကစီနဲ့ ဗန်ကောက်နိုင်ငံတကာလေဆိပ် (Suvarnabhumi International Airport) ကို ပြန်လာခဲ့ကြတယ်။ လမ်းမှာကားပိတ်ဆို့မှုမရှိတာကြောင့် လေဆိပ်ကို ညနေ ၃ နာရီ ဝန်းကျင်ပြန်ရောက်၊ လေဆိပ်အတွင်းမှာ အချိန်ဖြုန်းရင်း ဗန်ကောက်ကနေ ဒိုဟာကို ည ၉ နာရီ မိနစ် ၂၀ ဝန်းကျင်မှာ ကာတာလေကြောင်းနဲ့ ထွက်ခွာဖြစ်တယ်။

### ဝါဆောသို့

ဒိုဟာလေဆိပ် (ဟာမက်နိုင်ငံတကာလေဆိပ်) ကို ကာတာ စံတော်ချိန် ည ၁၁ နာရီ မိနစ်၄၀ လောက်မှာရောက်ရှိပြီး လေယာဉ်တက်ရောက်ခွင့်လက်မှတ်များကို စစ်ဆေးတဲ့ကောင်တာမှာ ကာတာလေကြောင်းမှ အလုပ်လုပ်နေတဲ့ မြန်မာဝန်ထမ်းအမျိုးသားငယ်တစ်ဦးနဲ့ မိတ်ဆက် စကားပြောဖြစ်ခဲ့ပါတယ်။ မြန်မာဝန်ထမ်းရဲ့အဆိုအရ ကာတာလေကြောင်းတွင် အဆင့်အသီးသီးဖြင့် တာဝန်ထမ်းဆောင်နေတဲ့ မြန်မာဝန်ထမ်း ခုနစ်ဦးခန့်ရှိကြောင်းလည်း သိရှိခဲ့ရပါတယ်။ ဒိုဟာလေဆိပ်မှာ ၁ နာရီ မိနစ် ၄၀ သာသာထပ်မံစောင့်ဆိုင်းပြီး စက်တင်ဘာ ၁၁ ရက် နံနက် ၁ နာရီ မိနစ် ၂၀မှာ ဒိုဟာကနေ ပိုလန်နိုင်ငံ မြို့တော်ဝါဆောကို ကာတာလေကြောင်းနဲ့ ပျံသန်းခဲ့ပါတော့တယ်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

**မော်လမြိုင် စက်တင်ဘာ ၂၆**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၂ ရက်က မော်လမြိုင်မြို့အထွေထွေရောဂါကု ဆေးရုံကြီးသွေးလှူဘဏ်၌ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးကွပ်ကဲမှုအောက်ရှိ အမှတ် (၁၅) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လှိုင်မင်းထွန်းဦးစီးသော ရဲတပ်ဖွဲ့ဝင် ၅၅ ဦးနှင့် မိသားစုဝင်တစ်ဦး စုစုပေါင်း ၅၆ ဦးတို့က သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးနှင့်အဖွဲ့ လာရောက်ကြည့်ရှုအားပေးကာ ရဲမှူးကြီးက အာဟာရကျွေးမွေးရန်ထောက်ပံ့ငွေကျပ် တစ်သိန်းချီးမြှင့်ပြီး အထွေထွေရောဂါကုဆေးရုံကြီးမှ ကော်ဖီ၊ ကြက်ဥ၊ သံဓာတ်အားဆေး၊ ကွေကာအုပ်၊ မျက်နှာသုတ်ပဝါနှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ကြက်ဥခေါက်ဆွဲကြော်တို့ကို ကျွေးမွေး၍ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း၊ တပ်ဖွဲ့ခွဲမှ လစဉ်သွေးလှူဒါန်းခြင်းဖြစ်ကြောင်းနှင့် အရေးပေါ်သွေးလိုအပ်ပါက လုံခြုံရေးတပ်ဖွဲ့ခွဲသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

# ကုန်းဘောင်ဘုရင်များ၏ ခေါင်းလောင်းတော်များ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာ့သမိုင်းတစ်လျှောက် စည်းလုံးသောမြန်မာနိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့သည့်ခေတ်များကို ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော်ဟု ပညာရှင်များက ပိုင်းခြားခဲ့ကြသည်။ ယင်းတို့အနက် ခရစ်နှစ် ၁၇၅၂ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ ၁၃၃ နှစ် ကြာရှည်ခဲ့သည့် တတိယမြန်မာနိုင်ငံတော်(ကုန်းဘောင်ခေတ်)အတွင်း ဘုရင် ၁၁ ပါး စိုးစံခဲ့သည်။

ကုန်းဘောင်ခေတ်သည် မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာထွန်းကားပြီးချိန်ဖြစ်သဖြင့် ဘုရင်နှင့်ပြည်သူများ လှူဒါန်းခဲ့ကြသည့် ဘုရားစေတီများနှင့် သာသနိက အဆောက်အအုံများကို ယနေ့တိုင် မြင်တွေ့နိုင်ကြပေသည်။ ဗုဒ္ဓဘာသာသမိုင်းတွင် မှတ်တမ်းပြုခဲ့ရသည့် ပဉ္စမသင်္ဂါယနာတင်ပွဲကို ကုန်းဘောင်ခေတ်နှောင်းပိုင်း ရတနာပုံခေတ်တွင် ကျင်းပနိုင်ခဲ့ကာ ပိဋကတ်သုံးပုံကျမ်းများကို ကျောက်ထက်အက္ခရာတင်ခဲ့သည်။

အလောင်းဘုရားဦးအောင်ဇေယျမှ သီပေါဘုရင်အထိ ကုန်းဘောင်ဆက်ဘုရင်များသည် ဗုဒ္ဓဘာသာဆိုင်ရာအလှူဒါနများကို ပြုလုပ်ခဲ့ကြသည့်အနက် မင်းကွန်းခေါင်းလောင်းတော်ကြီးအပါအဝင် သမိုင်းဝင်ခေါင်းလောင်းတော်ကြီးများ သွန်းလုပ်လှူဒါန်းခြင်းလည်း ပါဝင်ခဲ့သည်။ ကုန်းဘောင်ဆက်ဘုရင် ၁၁ ပါးအနက် ခုနစ်ပါးသည် ခေါင်းလောင်းတော်ကိုးလုံးကို သွန်းလုပ်ခဲ့ကြကာ ကမ္ပည်းစာများရေးထိုး၍ စေတီပုထိုးများတွင် လှူဒါန်းချိတ်ဆွဲထားခဲ့ကြရာ ရန်ကုန်မြို့တွင်နှစ်လုံး၊ မန္တလေးမြို့တွင်နှစ်လုံး၊ ရွှေဘိုမြို့၊ စစ်ကိုင်းမြို့၊ မြန်အောင်မြို့၊ အမရပူရမြို့နှင့် မင်းကွန်းတွင် တစ်လုံးစီ မြင်တွေ့လေ့လာနိုင်ကြသည်။

**အလောင်းမင်းတရားခေါင်းလောင်းတော်**

အလောင်းမင်းတရားဦးအောင်ဇေယျ(၁၇၁၃-၁၇၆၀)သည် မုဆိုးဖိုရွာကိုအခြေပြုလျက် အရှေ့ဘက်တွင် ရှမ်းပြည်နယ်၊ အနောက်ဘက်တွင် ရခိုင်ဒေသမပါ ချင်းပြည်နယ်၊ မြောက်ဘက်တွင် ကချင်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီကမ်းရိုးတန်းအဆုံးအထိ ကျယ်ပြန့်ခဲ့သောမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ရွှေချက်သိုစေတီတွင် ခေါင်းလောင်းနှစ်လုံးရှိရာ အလောင်း



ခေါင်းလောင်းတစ်လုံးပေါ်တွင် ရေးထိုးထားသည့်ခေါင်းလောင်းစာများ

မင်းတရားသွန်းလုပ်ခဲ့သည့်ခေါင်းလောင်းနှင့် အလောင်းမင်းတရားကြီး၏ မိဖုရားခေါင်ကြီးမယ်ယွန်းစံ လှူဒါန်းခဲ့သည့်ခေါင်းလောင်းတို့ ဖြစ်ကြသည်။

အလောင်းမင်းတရားခေါင်းလောင်း၏ ခါးစည်းအထက်တွင် ခေါင်းလောင်းစာများကို မြန်မာဘာသာဖြင့် ရေးထိုးထားရာ ‘ဇေယျတု၊ တရာတပါး လူမျိုးများလည်း ကျော်ကြားသတင်း စောရန်ခွင်ကို မညင်မဆန် ပုံကန်မဝန် စောင်မန်ညန်လျက် အလွှန်ပတ်ကုန် ဇမ္ဗူလုန်ကို ယူကြုန်ပိုင်တော်မူစေသော်ဝ်’ (မူရင်းသတ်ပုံအတိုင်း)ဟု ဖတ်ရှုနိုင်ကြောင်း ကုန်းဘောင်ခေတ် လက်ရွေးစင်ခေါင်းလောင်းစာများ စာအုပ်တွင် ဖော်ပြထားပေသည်။

ခေါင်းလောင်းခါးစည်းအောက်တွင် ခြင်္သေ့၊ ကျား၊ ဆင်နှင့် နဂါးရုပ်များရှိကာ ယင်းအရုပ်များပတ်လည်တွင် ဥံုစတုဒီသာ အစချီသောဂါထာကို ရေးထိုးထားသည်။ ခြင်္သေ့ရုပ်ဝမ်းပိုက်အောက်တွင် သုံးကွက်ပတ်လည် အင်းကွက်တစ်ခုရှိပြီး အင်းဆန်ဂါထာ ရေးသားထားသည်။

အလောင်းမင်းတရားသည် အတုလယသ မဟာဓမ္မရာဇာဓိရာဇာဂုရု ဘွဲ့တံဆိပ်တော်ရ အတုလဆရာတော် အရှင်ယသ၏ အကြံဉာဏ်များအတိုင်း တိုင်းရေးပြည်မှုများကိုဆောင်ရွက်ခဲ့ရာ ခက်ခဲသောကိစ္စများတွင် အောင်မြင်မှုများရရှိခဲ့သည်။ ထို့ကြောင့် အလောင်းမင်းတရားသည် မိမိ၏ဘုန်းတန်ခိုးအာဏာကြီးထွား၍ ရန်အပေါင်းကိုအောင်နိုင်ရန် ရည်ရွယ်လျက် အတုလဆရာတော်၏ ညွှန်ကြားမှုအတိုင်း ခေါင်းလောင်းကို သွန်းလုပ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ဆရာကြီးဦးစိန်မောင်ဦးက ကောက်ချက်ချခဲ့သည်။

**စဉ့်ကူးမင်းခေါင်းလောင်းတော်**

စဉ့်ကူးမင်းခေါင်းလောင်းကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ချိတ်ဆွဲထားသည်။ စဉ့်ကူးမင်း၏ခမည်းတော် ဆင်ဖြူရှင်မင်း(၁၇၆၃-၁၇၇၆)လက်ထက်က မပြီးစီးခဲ့သည့်ခေါင်းလောင်းတော်ကို သားဖြစ်သူ စဉ့်ကူးမင်း(၁၇၇၆-၁၇၈၂)က ပြီးစီးအောင်သွန်းလုပ်ပြီး မြန်မာသက္ကရာဇ် ၁၁၄၀ ပြည့်နှစ်တွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်(အနောက်မြောက်ထောင့်)တွင် တင်လှူခဲ့သည်။ ဖခင်လက်ထက်တွင် မပြီးစီးခဲ့သောခေါင်းလောင်းကို သားဖြစ်သူစဉ့်ကူးမင်းက ဆက်လက်သွန်းလောင်းလှူဒါန်းခဲ့သဖြင့် စဉ့်ကူးမင်းခေါင်းလောင်းတော်ဟု အမည်တွင်ခဲ့သည်။

အလေးချိန် ၁၅၅၅ ပိဿာရှိပြီး အမြင့် ၁၁ ပေ သုံးလက်မ၊ ခေါင်းလောင်းအဝ ခုနစ်ပေ ခြောက်လက်မ၊ ခေါင်းလောင်းဝ နှုတ်ခမ်းလုံးပတ် ၂၂ ပေ ၆ လက်မ၊ ကြေးထု တစ်ပေ ရှစ်လက်မရှိသည့် စဉ့်ကူးမင်းခေါင်းလောင်းတော်တွင် ခေါင်းလောင်းစာ ၁၂ ကြောင်း ရေးထိုးထားသည်။ ဗြိတိသျှတို့သည် စဉ့်ကူးမင်းခေါင်းလောင်းတော်ကို အင်္ဂလန်နိုင်ငံသို့ပို့ဆောင်ရန် ၁၈၂၄ ခုနှစ်တွင် ရွှေတိဂုံစေတီတော်ရင်ပြင်မှ ယူဆောင်သွားခဲ့ကြသည်။ သို့သော် ခေါင်းလောင်းတော်ကိုတင်ဆောင်သွားသည့်သင်္ဘောသည် ခေါင်းလောင်းကြီး၏အလေးချိန်ကြောင့် တိမ်းစောင်းသွားခဲ့ရာ ခေါင်းလောင်းကြီးသည် လှိုင်မြစ်အတွင်း နစ်မြုပ်သွားခဲ့သည်။ ယင်းခေါင်းလောင်းတော်ကြီးကိုဆယ်ယူ၍ ၁၈၂၇ ခုနှစ်တွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်တွင် ပြန်လည်ချိတ်ဆွဲခဲ့သည်။

**ဗဒုံမင်းခေါင်းလောင်းတော်နှစ်လုံး**

ကုန်းဘောင်မင်းဆက်၏ ပဉ္စမမြောက်ဘုရင်ဖြစ်သူ ဗဒုံမင်း(၁၇၈၂-၁၈၁၃)သည် ခေါင်းလောင်းတော်နှစ်လုံး လှူဒါန်းခဲ့ရာ ကမ္ဘာကျော်မင်းကွန်းခေါင်းလောင်းတော်ကြီးနှင့် စစ်ကိုင်းမြို့ အောင်မြေလောကစေတီတွင်ချိတ်ဆွဲထားသည့် ခေါင်းလောင်းတော်တို့ ဖြစ်သည်။ စစ်ကိုင်း အောင်မြေလောကစေတီ ခေါင်းလောင်းသည် စေတီတော်အရှေ့စောင်းတန်းမုခ်တွင် တည်ရှိပြီး ဗဒုံမင်းက မြန်မာသက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် တင်လှူခဲ့သည်။ ကြေးစင်အလေးချိန် ၂၅၀၀ ပိဿာဖြင့် သွန်းလုပ်ထားသည့် ယင်းခေါင်းလောင်းသည် အဝ သုံးပေ ငါးလက်မ၊ စောက် ၄ ပေ ၁၁ လက်မ၊ လုံးပတ် ၁၀ ပေ ၆ လက်မ ရှိသည်။

ဗဒုံမင်းသည် မင်းကွန်းပုထိုးတော်ကြီးတွင် ခေါင်းလောင်းကြီးတစ်လုံး ချိတ်ဆွဲပူဇော်ရန်ရည်ရွယ်၍ မင်းကွန်းရေလယ်ကျွန်းတွင် သွန်းလုပ်ခဲ့သည်။ ယင်းခေါင်းလောင်းကြီးသည် ကမ္ဘာပေါ်တွင် အသံထွက်နိုင်သောခေါင်းလောင်းများအနက် အကြီးဆုံးဖြစ်ပြီး မင်းကွန်းခေါင်းလောင်းဟု ထင်ရှားခဲ့သည်။ အလေးချိန် ကြေးပိဿာချိန် ၅၅၅၅၅ ခန့်ရှိသည့် ခေါင်းလောင်းပေါ်တွင် ‘မင်းဖြူမှန်မှန်ပြော’ဟု ရေးသားထားခြင်းသည် မြန်မာတို့အယူအဆအရ (၅)ဂဏန်းကိုကိုယ်စားပြုသော ကြာသပတေးနံအက္ခရာငါးလုံးဖြင့် ခေါင်းလောင်းအလေးချိန်ကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် မင်းကွန်းခေါင်းလောင်းကြီးကို သက္ကရာဇ် ၁၁၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၅ ရက်နေ့တွင် သွန်းလုပ်ခဲ့သည်ဟု ရေးသားထားပြီး ခေါင်းလောင်းကြီး၏အတိုင်းအတာကို အဝအချင်း ၃၀ တောင် ၄ သစ်၊ လုံးပတ် ၃၃ တောင် ၁ မိုက် ၄ သစ်၊ စောက် ၁၃ တောင် ၁ မိုက် ၄ သစ်ဟု ဖော်ပြထားသည်။ ခေတ်အတိုင်းအတာအရ အဝ ၁၆ ပေ ၃ လက်မ၊ လုံးပတ် ၅၀ ပေ ၉ လက်မ၊ အထူ ၆ လက်မမှ ၁ ပေ၊ ခေါင်းလောင်းအမြင့် ၁၂ ပေ၊ နှုတ်ခမ်းမှ ထိပ်ဖျားအထိအမြင့် ပေ ၂၀ နှင့် ၈ လက်မ ဖြစ်သည်။

**ဘကြီးတော်၏ ခေါင်းလောင်းတော်နှစ်လုံး**

ဘကြီးတော်ဟုထင်ရှားသည့် စစ်ကိုင်းမင်း(၁၈၁၉-၁၈၃၇)နှင့် နန်းမတော် မိဖုရားခေါင်ကြီးတို့လှူဒါန်းခဲ့သည့် ခေါင်းလောင်းတော်သည် အမရပူရမြို့ တောင်သမန်ရှိ မဟာဝိဇယရံသီပုထိုးတော်ကြီး၏ အရှေ့မြောက်ထောင့်ရင်ပြင်တွင် ရှိသည်။ မြန်မာသက္ကရာဇ် ၁၁၈၉ ခုနှစ် တပေါင်းလဆုတ် ၁၃ ရက်တွင် တင်လှူခဲ့သည့် ယင်းခေါင်းလောင်းသည် အလေးချိန် ကြေးစင် ၁၅၀၀၀၀ ကျပ်(ပိဿာ ၁၅၀၀) ရှိသည်။ အချင်း သံတောင်ငါးတောင်၊ အမြင့် သံတောင်ငါးတောင်နှစ်မိုက်ရှိကာ ပုဇွန်တုပ်ကွေးနေရာတွင် ခြင်္သေ့ရုပ်များသွန်းလုပ်ထားပြီး ‘မဟာမေရုမကုဋ ဃဏ္ဍာရာဇာ’ဟု ကမ္ပည်းတပ်ခဲ့သည်။ ခေါင်းလောင်းစာများကို ဝက်မစွပ်မြို့စားစာဆို ‘ဒုတိယနဝဒေး’ဟု ကျော်ကြားသည့် ဦးနုက ရေးသားခဲ့သည်။

ဘကြီးတော်၏ အခြားခေါင်းလောင်းတော်တစ်လုံးကို ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ ရွှေဘုံသာစေတီတွင် မြင်တွေ့နိုင်သည်။ ခေါင်းလောင်းစာတွင် အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၆ ခုနှစ် တန်ခူးလပြည့်ကျော် ၁ ရက်(ခရစ်နှစ် ၁၇၅၅ ခုနှစ် မတ်လ ၂၈ ရက်)သောကြာနေ့တွင် ကူတွတ်မြို့ဟောင်း(လွန်ဆေး)ကို မြန်အောင်ဟုသမုတ်လျက် မြန်အောင်ဘုံသာစေတီကိုတည်ခဲ့ကြောင်း ကမ္ပည်းထိုးထားသည်။ အလောင်းမင်းတရားတည်ထားခဲ့သည့် မြန်အောင်ဘုံသာဘုရား၏ မြစ်ကမ်းပြိုပျက်ခဲ့သဖြင့် ဓာတ်တော်များသိမ်းဆည်းထားရကြောင်း မြန်အောင်မြို့သူကြီး စည်သူရာဇရွှေတောင်က လျှောက်ထားလာသဖြင့် ဘကြီးတော်သည် သက္ကရာဇ် ၁၁၉၀ ပြည့်နှစ် နှောင်းတန်ခူးလဆုတ် ၂ ရက်(ခရစ်နှစ် ၁၈၂၉ ခုနှစ် မတ်လ ၂၁ ရက်)စနေနေ့တွင် ဌာပနာရင်း ဓာတ်တော်မွေတော်များကို ဓာတ်တော်မွေတော် ရုပ်တုတော်များ ထပ်မံဖြည့်ဆည်း၍ သင့်ရာနေရာသို့ ပြောင်းရွှေ့တည်လုပ်စေခဲ့ပြီး မြန်အောင်ဘုံသာဟု ကမ္ပည်းတပ်စေခဲ့ကြောင်း ခေါင်းလောင်းစာတွင် ဖတ်ရှုနိုင်သည်။

**သာယာဝတီမင်းခေါင်းလောင်းတော်**

သာယာဝတီမင်း(၁၈၃၇-၁၈၄၆)သည် မြန်မာသက္ကရာဇ် ၁၂၀၃ ခုနှစ် တော်သလင်းလဆုတ် ၇ ရက် (ခရစ်နှစ် ၁၈၄၁ ခုနှစ် စက်တင်ဘာလ ၉ ရက်)တနင်္လာနေ့တွင် ဒဂုံဆံတော်ရှင် ရွှေတိဂုံစေတီတော်မြတ်ကိုဖူးမြော်ရန် နေပြည်တော် အမရပူရမှ ဥက္ကလာပ(ရန်ကုန်)သို့ ဖောင်တော်ဖြင့်စုန်ခဲ့သည်။ ၁၈၄၁ ခုနှစ် အောက်တိုဘာလ ၃ ရက်တွင် သာယာဝတီမင်းသည် ရွှေတိဂုံစေတီတော်မြတ်အား ဖူးမြော်ခဲ့ကာ စေတီတော်ငှက်ပျောဖူးမှ ဖိနပ်တော်အထိ ရွှေသင်္ကန်းကပ်လှူခဲ့သည်။

သာယာဝတီမင်းသည် ရွှေတိဂုံစေတီတော်ရင်ပြင်တော်တွင်ချိတ်ဆွဲရန် ခေါင်းလောင်းကြီးတစ်လုံးကို ၁၂၀၃ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့တွင် စတင်သွန်းလောင်းခဲ့သည်။ ခေါင်းလောင်းတော်ကြီးအား သုံးနှစ်ကြာသွန်းလောင်းခဲ့ရပြီး မြန်မာသက္ကရာဇ် ၁၂၀၆ ခုနှစ် တပေါင်းလတွင် ဟံသာဝတီမြို့ဝန်နှင့် အရာရှိများကြီးကြပ်ကာ ပွဲသဘင်စုံလင်စွာဖြင့် ရွှေတိဂုံစေတီတော်တွင်ချိတ်ဆွဲ၍ ရေစက်ချလှူဒါန်းခဲ့သည်။ ခေါင်းလောင်းတော်ကြီးအား ‘မဟာတိသဒ္ဒ ဃဏ္ဍာရာဇာ’ဟု ဘွဲ့အမည်တပ်ခဲ့သည်။

သာယာဝတီ ခေါင်းလောင်းတော်ကြီး၏ အတိုင်းအတာနှင့် အလေးချိန်တို့ကို



ကုန်းဘောင်ဆက်မဟာရာဇဝင်တွင် “အရပ် ကိုးတောင်တမိုက်သုံးသစ်၊ အနားလုံးပတ် တဆဲ့ငါးတောင်၊ ခါးစည်းလုံးပတ် တဆဲ့သုံးတောင် တမိုက်လေးသစ်၊ ထု နှစ်မိုက်လေးသစ်၊ ကြေးစင်ချိန်ပိဿာ နှစ်သောင်းငါးထောင်ကိုးရာလေးဆယ်ကျပ်လေးဆဲ့ကိုးကျပ်”ဟု ရေးသားဖော်ပြထားသည်။ (မူရင်းသတ်ပုံအတိုင်းဖြစ်ပါသည်။)

သာယာဝတီမင်းခေါင်းလောင်းကြီးသည် ယခုခေတ်အတိုင်းအတာအရ အမြင့် ပေ ၂၀၊ အဝ ၇ ပေ ၆ လက်မ ခန့်ရှိကြောင်း Shwedagon-Symbol of strength and serenity စာအုပ်တွင် ဖော်ပြထားသည်။ သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းကလည်း အနားလုံးပတ် ၂၂ ပေ ၆ လက်မ၊ ထု ၁ ပေ ၃ လက်မရှိကြောင်း ရေးသားခဲ့သည်။

**ပုဂံမင်းနှင့် မင်းတုန်းမင်း ခေါင်းလောင်းတော်များ**

ကုန်းဘောင်မင်းဆက်၏ ကိုးဆက်မြောက်ဘုရင် ပုဂံမင်း(၁၈၄၆-၁၈၅၃)သည် မြန်မာသက္ကရာဇ် ၁၂၁၂ ခုနှစ်တွင် မဟာလောကရံသီစေတီတော်အား တတိယပစ္စယံအထက် ကွန်းတောင်တွင် ဓာတ်တော်မွေတော်စသည်တို့ကို ဌာပနာသွင်းပြီး စေတီတော်အားရည်မှန်းလျက် ခေါင်းလောင်းတော်တစ်လုံး သွန်းလုပ်လှူဒါန်းခဲ့သည်။ ယင်းခေါင်းလောင်းတော်သည် ကြေးစင်သပြာ ၆၇၀၀၀ ဖြင့် သွန်းလုပ်ထားကာ ခေါင်းလောင်းစာတွင် သဗ္ဗညုတဘုရားအဖြစ်သို့ရောက်ရှိလိုကြောင်း ဆုကြီးပန်ခဲ့သည်။ ခေါင်းလောင်းစာတွင် ကမ္ပည်းစာ ၁၈ ကြောင်း ရေးထိုးထား၍ ခေါင်းလောင်းတော်အရွယ်ပမာဏကို ထည့်သွင်းရေးထိုးထားခဲ့သည်။ ပုဂံမင်း၏အလှူတော်ခေါင်းလောင်းကို မန္တလေးမြို့ရှိ အိမ်တော်ရာစေတီတွင် မြင်တွေ့နိုင်သည်။ စေတီတော်ကို မဟာလောကရံသီဟု ဘွဲ့မည်တပ်ခဲ့သော်လည်း အိမ်တော်ရာစေတီအဖြစ် ပိုမိုထင်ရှားခဲ့သည်။

အိမ်တော်ရာစေတီသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မတဲရပ်တွင် တည်ရှိပြီး ပုဂံမင်းသည် ဘုရင်မဖြစ်မီ မင်းသားဘဝကစံခဲ့သည့် အိမ်တော်ရာတွင် တည်ထားသည့်စေတီဖြစ်သည်။ ယင်းစေတီဝင်းမှာပင် ပုဂံမင်း၏ညီဖြစ်သူ မင်းတုန်းမင်း(၁၈၅၃-၁၈၇၈)လှူဒါန်းခဲ့သည့် ခေါင်းလောင်းတော်ကို မြင်တွေ့နိုင်သည်။

မင်းတုန်းမင်းကြီးသည် အလှူတော်ခေါင်းလောင်းကို မြန်မာသက္ကရာဇ် ၁၂၁၆ ခုနှစ် နတ်တော်လတွင် စေတီတော်သို့ သဒ္ဒါဒါနအဖြစ် လှူဒါန်းခဲ့သည်။ ခေါင်းလောင်းတော်ကို ကြေးချိန်သပြာ ခြောက်သောင်းကျော်ဖြင့် သွန်းလုပ်ပြီး မဂ်ဖိုလ်ရောက်ခွင့်အဆင့်ဆင့်ကို ဖြည့်ကျင့်ဆောင်ရွက်လိုကြောင်း ဆုပန်ခဲ့သည်။

ကုန်းဘောင်ခေတ်က မြန်မာရှင်ဘုရင်များ သွန်းလုပ်လှူဒါန်းခဲ့ကြသည့် ခေါင်းလောင်းတော်များတွင် ကမ္ပည်းစာများကိုရေးထိုးထားခဲ့ကြသည်။ ဘုရင်များသည် မိမိတို့သွန်းလုပ်ခဲ့သည့် ခေါင်းလောင်းအရွယ်အစား၊ အလေးချိန်၊ တင်လှူသည့်စေတီဘုရား၊ တင်လှူသည့်နေ့စွဲ၊ ဆုတောင်း စသည့်အချက်များကို ခေါင်းလောင်းများပေါ်၌ ရေးထိုးမှတ်တမ်းပြုခဲ့ကြသဖြင့် ခိုင်မာသော သမိုင်းအထောက်အထားများကို သိရှိနိုင်ခဲ့ကြပေသည်။

နိုင်ငံတစ်ခု၏ အတိတ်သမိုင်းကြောင်းကိုဖော်ထုတ်ကြရာတွင် ကျောက်စာများကို အဓိက အားကိုးပြုလေ့ရှိရာ သမိုင်းမှတ်တမ်း တစ်စိတ်တစ်ပိုင်းကို ရေးထိုးထားလေ့ရှိသည့် ခေါင်းလောင်းများသည်လည်း သုတေသီများ အားကိုးပြုကြရသည့် သမိုင်းအထောက်အထား ရှေးဟောင်းပစ္စည်းများပင် ဖြစ်ကြပေသည်။ ။

**ကုန်းဘောင်ခေတ်က မြန်မာရှင်ဘုရင်များ သွန်းလုပ်လှူဒါန်းခဲ့ကြသည့် ခေါင်းလောင်းတော်များတွင် ကမ္ပည်းစာများကို ရေးထိုးထားခဲ့ကြသည်။ ဘုရင်များသည် မိမိတို့သွန်းလုပ်ခဲ့သည့် ခေါင်းလောင်းအရွယ်အစား၊ အလေးချိန်၊ တင်လှူသည့် စေတီဘုရား၊ တင်လှူသည့်နေ့စွဲ၊ ဆုတောင်း စသည့်အချက်များကို ခေါင်းလောင်းများပေါ်၌ ရေးထိုးမှတ်တမ်းပြုခဲ့ကြသဖြင့် ခိုင်မာသော သမိုင်းအထောက်အထားများကို သိရှိနိုင်ခဲ့ကြပေသည်**

**ကိုးကား**

**ကုန်းဘောင်ခေတ် လက်ရွေးစင်ခေါင်းလောင်းစာများ (ဦးစိန်မောင်ဦး)**

**မြန်မာ့ရက်စွဲသမိုင်း၊ ကုန်းဘောင်ဆက် (ဒေါက်တာသန်းထွန်း)**

**ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး (ဦးမောင်မောင်တင်)**

# မိတ္ထီလာမြောက်ကန် ရေကျော်နေရာတွင် ရေချိုးသူ၊ ငါးဖမ်းသူများဖြင့် စည်ကား



**မိတ္ထီလာ စက်တင်ဘာ ၂၆**

မိတ္ထီလာမြို့ မီးရထားသံလမ်းနှင့် ဓမ္မသုခရွှေစည်းခုံစေတီတော်အနီးရှိ မိတ္ထီလာမြောက်ကန် ရေကျော်နေရာတွင် စက်တင်ဘာ ၂၃ ရက်မှစ၍ ကန်ရေလျှံတက်လာပြီးနောက် အဆိုပါ ရေလျှံသည့်နေရာ၌ ရေချိုးသူ၊ ငါးဖမ်းသူ၊ မော်တော်ယာဉ် ရေဆေးသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

"မိုးကလည်း နေ့စဉ်လို ရွာသွန်းနေတယ်။ မုန်တိုင်းဆည်ကနေ ရေလည်းလွှတ်ထားတယ်ထင်တယ်။ ဒီရေကျော်နေရာကနေ မနေ့က စပြီးတော့ ရေလျှံတက်တယ်။ အဲဒါကြောင့် မိတ္ထီလာမြောက်ကန် ရေလျှံတက်တာနဲ့အတူ ပါလာတဲ့ငါးကို ဖမ်းသူတွေ၊ ရေချိုးသူတွေ၊ ဆိုင်ကယ်၊ မော်တော်ကား ရေဆေးသူတွေနဲ့ နေ့စဉ်စည်ကားနေတာပါ။ ဒီလိုရေကျော်နေရာမှာ ကန်ရေလျှံတက်တာက ရက်ပိုင်းလောက်ပဲရှိတာမို့ အမှတ်တရ ဓာတ်ပုံလာရိုက်တဲ့သူတွေလည်း ရှိတယ်။ ၂၀၁၅ ခုနှစ်တုန်းက မိတ္ထီလာကန်တူးဖော်ပြီး ကန်ထဲမှာရေသိပ်မရှိလို့ စိုက်ပျိုးရေနဲ့ သောက်သုံးရေအတွက် အခက်အခဲဖြစ်မယ်ထင်ခဲ့တာ အခုလို ကန်ရေပြည့်ရေလျှံတော့ ဝမ်းသာပါတယ်"ဟု ဈေးအရှေ့ပြင်ရပ်ကွက်နေ ဒေသခံတစ်ဦးက ပြောသည်။

မိတ္ထီလာမြောက်ကန်ကို ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက ကျပ်သန်းပေါင်းထောင်ချီ၍ အကုန်အကျခံကာ ပြန်လည်တူးဖော်ခဲ့ပြီး မိတ္ထီလာမြောက်ကန် ကန်ပေါင်ပေါ်တွင်တည်ထားသည့် ဓမ္မသုခရွှေစည်းခုံစေတီတော်၏ အရှေ့ဘက် ကန်သာယာရပ်နှင့် ပွဲစားတန်းရပ်အနီး ကန်ပတ်လမ်းတွင် ရေစီးရေလာကောင်းမွန်သည့် ရေနုတ်မြောင်း မရှိခြင်းကြောင့် မိုးရွာသွန်းမှုများသည့်နေ့များတွင် ယင်းနေရာ၌ မိုးရေ၊ မြောင်းရေလျှံတက်ခြင်းများ အမြဲဖြစ်ပေါ်နေပြီး လမ်းပေါ်တွင်ရေဝပ်မှုကြောင့် လမ်းနေရာတချို့တွင် ပျက်စီးမှုများဖြစ်လျက်ရှိနေသည်ကိုလည်း တွေ့ရသည်။

**ချမ်းသာ(မိတ္ထီလာ)**



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ ရက် နံနက် ၇ နာရီက ပဲခူးရွှေမော်ဓောဘုရားပေါ်တွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦး ဦးဆောင်၍ ပဲခူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွေးနှင့် ရဲတပ်ဖွဲ့ဝင် ၂၀၀ က စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်စဉ်
သန့်စင် (ပဲခူး)

# စနစ်တကျစီမံခန့်ခွဲမှုဆိုင်ရာသင်တန်း ဖွင့်လှစ်

**မကွေး စက်တင်ဘာ ၂၆**

နိုင်ငံပေါင်း ၁၀၀ ကျော်တွင် လက်ခံအသုံးပြုနေသည့် စနစ်တကျစီမံခန့်ခွဲမှုဆိုင်ရာသင်တန်း သင်ရိုးညွှန်းတမ်းများထဲမှ မိမိတို့လုပ်ငန်းရှိဝန်ထမ်းများအား စနစ်တကျစီမံခန့်ခွဲမှုနှင့် ပတ်သက်သော People and Productivity Course ကို မကွေးမြို့ ပြည်တော်သာလမ်း ကန်သာရပ်ကွက်ရှိ Soft Guide(Magway)သင်တန်းခန်းမ၌ စက်တင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်က ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ဂျာမနီနိုင်ငံ GIZ နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့(ILO) တို့၏ အသိအမှတ်ပြု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ဆောင်မှုသင်တန်းကျောင်းဖြစ်သော မကွေးမြို့ HYW စီးပွားရေးသင်တန်းကျောင်းမှ ILO အသိအမှတ်ပြု ဆရာမ ဒေါ်ဌေးယဉ်ဝင်းက သင်ကြားပို့ချခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် အခြားသောလုပ်ငန်းများမှ စီမံခန့်ခွဲမှုအပိုင်းတွင် အလုပ်လုပ်နေသော သင်တန်းသား သင်တန်းသူ ၂၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

စွန့်ဦးတီထွင် စီးပွားရေးသင်တန်းသည် နိုင်ငံပေါင်း ၁၀၀ တွင် ထင်ပေါ်ကျော်ကြားသည့်သင်ရိုးဖြစ်သော SIYB နှင့် CEFE method များဖြင့် သင်ကြားခြင်းဖြစ်ပြီး သင်တန်းပြီးဆုံး၍ သင်ရိုးအတိုင်းလုပ်ဆောင်ရာတွင် အဆင်ပြေမှုရှိ/မရှိ စသည်တို့ကိုပါ ပေါင်းစပ်ကူညီသွားမည်ဖြစ်ကြောင်း၊ သင်တန်းကို မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့များတွင် ဖွင့်လှစ်လျက်ရှိရာ ယခုသင်တန်းမှာ (၁၂) ကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ဝမ်းတွင်းဆည်တာပေါင် ရေတိုက်စားမှုကာကွယ်ရန် စုပေါင်းဆောင်ရွက်

**ဝမ်းတွင်း စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်ရှိ ဝမ်းတွင်းဆည် ရေလွှဲမြောင်းတာပေါင်မှာ ရေတိုက်စားသဖြင့် ဝမ်းတွင်းမြို့ ရန်ကုန်-မန္တလေး ကားလမ်းမဘေး အနောက်ဘက် သုံးဖာလုံအကွာတွင် တာပေါင်အရှည် ပေ ၂၀၀၊ အကျယ် ၁၀ ပေခန့် စက်တင်ဘာ ၂၃ ရက် ည ၁၁ နာရီခန့်က ပြိုကျခဲ့ရာ ယခုအခါ တာပေါင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် ဌာနဆိုင်ရာများနှင့် ပြည်သူများ စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ရေတိုက်စား၍ တာပေါင်ပြိုကျသည့်နေရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလွင်၊ မြို့မစခန်းမှူး ဒုရဲမှူးသိန်းနိုင်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ၊ မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ အင်အား ၇၀ ခန့်က ဝင်းထရံကာခြင်း၊ သဲအိတ်များကာခြင်း၊ မြေဖို့ပိတ်ဆို့ခြင်းနှင့် ရေလမ်းကြောင်းလွှဲနိုင်အောင် ချောင်းအတွင်းရှိဆူးခြုံများကို ရှင်းလင်းခြင်း စသည့်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး တာဝန်ရှိသူများကလည်း တာပေါင်၏အခြေအနေကို စောင့်ကြပ်ကြည့်ရှုကာ ရေတိုက်စားပြိုကျမှု ထပ်မံမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဌေးလှိုင်(ဝမ်းတွင်း)**

# ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြော

**သရက် စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကြာကန်ကျေးရွာနေ ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက စက်တင်ဘာ ၂၄ ရက်က ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ကျန်းမာရေးဆိုင်ရာများလည်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲကို ကျေးရွာစာသင်ကျောင်း၌ ပြုလုပ်ပြီး ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာစိုးက သွေးတိုးရောဂါနှင့် ဇီကာဗိုင်းရပ်စ်ရောဂါများအကြောင်းကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးမှူး ဦးသိန်းနိုင်က သန့်ရှင်းရေးနှင့် ကျန်းမာရေးဆက်စပ်မှုများကိုလည်းကောင်း၊ မြို့နယ်သူနာပြု(၁) ဒေါ်နီရင်းက ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများအား စောင့်ရှောက်ရေးဆိုင်ရာများကိုလည်းကောင်း၊ ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်ထွေးရီက တီဘီရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ သွားဆရာဝန် ဒေါက်တာစိုးလင်းနိုင်က သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း အသေးစိတ် ရှင်းလင်းဟောပြောကြသည်။

**ဇော်ထက်(သရက်)**

# အနောက်ဆယ်လံကျေးရွာ မြေနေရာသစ်သို့ပြောင်းရွှေ့နိုင်ရေး ကွင်းဆင်းကြည့်ရှု

**ပခုက္ကူ စက်တင်ဘာ ၂၆**

ပခုက္ကူမြို့နယ် ပေါက်တောကျေးရွာအုပ်စု အနောက်ဆယ်လံကျေးရွာကို မြေနေရာသစ်သို့ ပြောင်းရွှေ့နိုင်ရေးအတွက် မြို့နယ်သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကျေးရွာသစ်ပြောင်းရွှေ့ရန် လျာထားသည့်နေရာသို့ စက်တင်ဘာ ၂၄ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ပြီးခဲ့သည့်လများအတွင်း ဧရာဝတီမြစ်ရေ မြင့်တက်ခဲ့စဉ်ကာလတွင် မြစ်ကမ်းပါးပြိုကျနိုင်သည့်အန္တရာယ်ကြောင့် အနောက်ဆယ်လံကျေးရွာရှိ မူလတန်းလွန်ကျောင်းနှင့် အိမ်ထောင်စု ၂၆ စုမှာ ကျောင်းနှင့်အိမ်များကိုဖျက်၍ စုပုံထားရကာ ကျောင်းသားကျောင်းသူများ ကျောင်းတက်နိုင်ရန်အတွက် ယာယီကျောင်းကို ဆောက်လုပ်ပေးထားပြီး အိမ်ထောင်စု ၂၆ စုမှာလည်း နီးစပ်ရာ ဆွေမျိုးတော်စပ်သူများ၏နေအိမ်များတွင် နေထိုင်နေကြရသဖြင့် နေရာရွှေ့ပြောင်းပေးရန် ကွင်းဆင်းကြည့်ရှုခြင်းဖြစ်ကြောင်း သိရသည်။

ပခုက္ကူမြို့နယ် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးကျော်နိုင်နှင့် မြို့နယ်ပညာရေးမှူးဒေါ်သန်းသန်းဌေးတို့ ဦးဆောင်သည့်အဖွဲ့များက အနောက်ဆယ်လံကျေးရွာတွင် မြစ်ကမ်းပါးပြိုကျမှုအခြေအနေကို စက်လှေဖြင့် လိုက်လံကြည့်ရှုပြီး ကမ်းပါးပြိုကျမှု၊ မြစ်ရေစီးကြောင်းပြောင်းလဲမှု အခြေအနေများကြောင့် ကျေးရွာသစ်ပြောင်းရွှေ့ရန် လျာထားသည့်မြေနေရာကိုလည်း ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးကော်မတီအဖွဲ့သည် ကျေးရွာရပ်မိရပ်ဖများ၊ ပြည်သူများနှင့်လည်း ယာယီဆောက်လုပ်ထားသော အမှတ်(၈၀) မူလတန်းလွန်ကျောင်း၌ တွေ့ဆုံခဲ့ပြီး မြစ်ကြောင်းပြောင်းလဲမှုဖြစ်စဉ်နှင့် ရေစီးကြောင်းပြောင်းလဲမှုကြောင့် ဧရာဝတီမြစ်ရေသည် ရွာကိုဦးတိုက်စီးဆင်းနေကြောင်း၊ ထို့ကြောင့် မြစ်ကမ်းပါးများ ပြိုကျလျက်ရှိပြီး အန္တရာယ်များသည့်အတွက် လာမည့်နှစ်ရေတက်ကာလမရောက်မီ ရွာကို နေရာရွှေ့ပြောင်းနိုင်ရေးနှင့် မြေနေရာသစ်ရရှိရေးကိစ္စများကို ဆွေးနွေးခဲ့ကာ ပြောင်းရွှေ့နေရသော အိမ်ထောင်စု ၂၆ စုအတွက် ဆန်လေးပြည်၊ ဆီ ၅၀ ကျပ်သား၊ စားသောက်ကုန်နှင့် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



ပြောင်းရွှေ့အိမ်ထောင်စုတစ်စုအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

# ယူရိုပါလိဂ်မှာ နိုင်ပွဲဆက်မယ့်မန်ယူ၊ ခြေကုန်သွန်ကစားရဦးမယ့် အင်တာမီလန်

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ကြားရက်တွေမှာတော့ ပွဲကောင်းတွေနဲ့ စည်ဝေနေတာမို့ ပရိသတ်တွေလည်း စိတ်တိုင်းကျ ပွဲစဉ်တွေကို ခံစားစီးမျောခွင့် ရရှိနေပါတယ်။ ချန်ပီယံလိဂ်ပွဲစဉ်တွေအပြီးမှာ ယူရိုပါလိဂ်ပွဲတွေက စက်တင်ဘာ ၂၉ ရက်နဲ့ ၃၀ ရက်တွေမှာ အသင့်စောင့်ကြိုနေပါတယ်။ ဒီပွဲတွေမှာ နာမည်ကြီးအသင်းတွေဖြစ်တဲ့ မန်ယူ၊ အင်တာမီလန်၊ ဗီလာရီးရဲနဲ့ ရှော်ကေးတို့ အခြေအနေကောင်းတွေနဲ့ ဆုံတွေ့နိုင်မလားဆိုတာ စောင့်ကြည့်အကဲခတ်ခွင့်ရရှိတော့မှာ ဖြစ်ပါတယ်။




**မန်ယူနှင့် ဇိုရာ**

အုပ်စု(A)မှာ တစ်ပွဲကစားပြီးချိန်မှာ မန်ယူတို့ ဖီယင်နုအသင်းကို ရှုံးထားတာမို့ အမှတ်မရသေးပါဘူး။ ဇိုရာတို့ကလည်း ဖီနာဘာချီနဲ့ ပွဲမှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့လို့ တစ်မှတ်တော့ ရရှိထားပါတယ်။ မန်ယူဟာ ရှုံးပွဲတွေ ရပ်တန့်ပြီး နော့သမ်တန်၊ လက်စတာအသင်းတွေကို နိုင်ပွဲဆက်လာတာမို့ အခုပွဲမှာလည်း နိုင်ပွဲဆက်ဖို့ အားထုတ်လာပါလိမ့်မယ်။ ဇိုရာတို့က လောလောဆယ် ခြေစွမ်းကိုကြည့်ရင် ဒိုင်နမိုကိဗ်ကို တစ်ဂိုးဂိုးမရှိနဲ့ နိုင်ထားပြီး ဖီနာဘာချီကို တစ်ဂိုးစီသရေပွဲဖြစ်ကာ ကာမီယန်တီကိုတော့ နှစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ ခြေစွမ်းက လျှော့တွက်လို့တော့ မရပါဘူး။ လက်ရှိအနေအထားအရ မန်ယူတို့ ပုံမှန်ခြေစွမ်းပြန်ရဖို့ ကြိုးစားနေတာမို့ ဒီပွဲမှာ သုံးမှတ်အပြည့် ရယူသွားနိုင်ပါတယ်။

**စပါတာပရပ်နှင့် အင်တာမီလန်**

အုပ်စု(K)မှာ စပါတာပရပ်ရော အင်တာမီလန်ပါ တစ်ပွဲစီကစားပြီး ရှုံးပွဲကိုယ်စီ ကြုံတွေ့ထားရလို့ အမှတ်မရသေးပါဘူး။ စပါတာပရပ်တို့က ဆောက်သမ်တန်ကို သုံးဂိုးပြတ်ရှုံးပြီး အင်တာမီလန်တို့က ရှီဗာကို အိမ်ကွင်းမှာ နှစ်ဂိုးပြတ်ရှုံးထားပါတယ်။ ဒါပေမယ့် နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဂျူဗင်တပ်စ်လိုအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူထားတဲ့ အင်တာမီလန်ရဲ့ စိတ်ဓာတ်နဲ့ ခြေစွမ်းကြောင့် စပါတာပရပ်တို့ ဒီပွဲမှာ ပွဲကျပ်အဖြစ် ရင်ဆိုင်ရဖို့ရှိနေပါတယ်။ အကြိုက်က အင်တာမီလန်ဖြစ်ပြီး ဂိုးမပြတ်ပေမယ့် အောင်ပွဲခံသွားနိုင်ပါတယ်။

**စတူအာဘူခါရက်နှင့် ဗီလာရီးရဲ**

အုပ်စု(L)မှာ ဗီလာရီးရဲတို့က အဖွင့်ပွဲစဉ်မှာ ဇူးရစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရပြီး သုံးမှတ်ရရှိထားပြီဖြစ်ပါတယ်။ စတူအာဘူခါရက်တို့ကတော့ ရှုံးပွဲကြုံထားလို့ အမှတ်မရသေးပါဘူး။ စတူအာဘူခါရက်တို့က လောလောဆယ်မှာ ခြေစွမ်းက အားရစရာမရှိသလို တိုက်စစ်ပိုင်းကလည်း ထက်မြက်မှုမရှိပါဘူး။ ဗီလာရီးရဲတို့ကတော့ လတ်တလောကစားထားတဲ့ ဆိုစီဒက်၊ ဇူးရစ်၊ မာလာဂါအသင်းတွေကို ရှုံးပွဲမရှိအောင် ကစားထားနိုင်တာမို့ အခုပွဲရဲ့ အနိုင်ရလဒ်က ဗီလာရီးရဲတို့အတွက် ဖြစ်သွားပါလိမ့်မယ်။

**အေဂျက်နှင့် စတန်းဒက်လီဂျီ**

အုပ်စု(G)မှာ အေဂျက်တို့က တစ်ပွဲကစား၊ တစ်ပွဲနိုင်၊ သုံးမှတ်နဲ့ အုပ်စုထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ စတန်းဒက်လီဂျီတို့ကတော့ ဆယ်လ်တာဗီဂိုအသင်းကို သရေပွဲကစားပြီး တစ်မှတ်ရရှိထားပါတယ်။ အေဂျက်ရဲ့ ခြေစွမ်းက အိမ်ကွင်း၊ အဝေးကွင်း ရလဒ်ကောင်းအောင် စွမ်းဆောင်နိုင်ပြီး အသင်းလိုက်ကစားအားလည်း ကောင်းပါတယ်။ ကွင်းလယ်ပိုင်း အားနည်းချက်ရှိတဲ့ စတန်းဒက်လီဂျီရဲ့ လက်ရှိခြေစွမ်းအရ အေဂျက်ကို ကျော်ဖြတ်ဖို့တော့ မလွယ်ပါဘူး။ အေဂျက်တို့ အမှတ်ပြည့်ယူနိုင်မယ့်ပွဲပါပဲ။

**ကာဘာလာနှင့် မိန့်ဇ်**

အုပ်စု(C)မှာ မိန့်ဇ်တို့ စိန့်အီတင်နဲ့ တစ်ဂိုးစီသရေပွဲဖြစ်ပြီး တစ်မှတ်ရရှိထားပါတယ်။ ကာဘာလာတို့ကတော့ ပထမပွဲစဉ်မှာ အန်ဒါလက်ခ်ျကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့လို့ အမှတ်မရသေးပါဘူး။ တိုက်စစ်အားကောင်းပေမယ့် ခံစစ်ပိုင်းလျော့ရဲနေတဲ့ မိန့်ဇ်တို့အနေနဲ့ ဒီပွဲကို သေသေချာချာပြင်ဆင်ကစားမှ ရပါလိမ့်မယ်။ အကြိုက်က မိန့်ဇ်တို့ဖြစ်ပေမယ့် သရေရလဒ်လည်း ထွက်ပေါ်နိုင်တဲ့ပွဲပါပဲ။

**ဆယ်လ်တာဗီဂိုနှင့် ပါနာသီနာကော့စ်**

အုပ်စု(G)မှာ ဆယ်လ်တာဗီဂိုတို့ တစ်ပွဲကစားပြီး တစ်မှတ်ရရှိထားပေမယ့် ပါနာသီနာကော့စ်တို့က အေဂျက်ဇ်ကို ရှုံးထားလို့ အမှတ်မရသေးပါဘူး။ ဆယ်လ်တာဗီဂိုရဲ့ လက်ရှိခြေစွမ်းကိုကြည့်ရင် ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့ထားရလို့ ဒီပွဲမှာ အားထည့်မှ ရပါလိမ့်မယ်။ ပါနာသီနာကော့စ်ရဲ့ လက်ရှိခြေစွမ်းကိုကြည့်ရင် တိုက်စစ်မှူးတွေ ပွဲတိုင်း ဂိုးသွင်းနိုင်နေတာမို့ ဒီပွဲမှာ တိုက်စစ်ဖွင့်ကစားမယ့် ပါနာသီနာကော့စ်တို့ အောင်ပွဲခံသွားနိုင်ပါတယ်။

**ရှော်ကေးနှင့် ဆဲလ်ဘတ်**

အုပ်စု(I)မှာ ရှော်ကေးတို့ နိုက်စ်အသင်းကို တစ်ဂိုးဂိုးမရှိနဲ့ နိုင်ခဲ့လို့ သုံးမှတ်ရရှိထားပါတယ်။ ဆဲလ်ဘတ်တို့ကတော့ ခရက်စ်နိုဒါကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပြီး အမှတ်မရသေးပါဘူး။ နောက်တစ်ဆင့်တက်နိုင်ရေးအတွက် ရှော်ကေးတို့ ဒီပွဲကို မဖြစ်မနေ နိုင်ပွဲရအောင် ဖော်ဆောင်ပါလိမ့်မယ်။ ရှော်ကေးရဲ့ ခြေစွမ်းက ပြန်လည်တည်ငြိမ်နေတာမို့ ဒီပွဲမှာ ဂိုးမပြတ်ပေမယ့် နိုင်ပွဲရသွားနိုင်ပါတယ်။

**ရှီဗာနှင့် ဆောက်သမ်တန်**

အုပ်စု(K)မှာ ဆောက်သမ်တန်ရော ရှီဗာပါ ခြေစွမ်းပြနိုင်ပြီး သုံးမှတ်စီ ရရှိထားပါတယ်။ ဆောက်သမ်တန်ဟာ အာဆင်နယ်ကို ရှုံးခဲ့ပေမယ့် ဆွမ်ဆီး၊ စပါတာပရပ်အသင်းတွေကို နိုင်ပွဲရအောင် ကြိုးစားထားနိုင်ခဲ့ပါတယ်။ ရှီဗာတို့ကလည်း အသင်းလိုက်စွမ်းဆောင်မှု ကောင်းနေတာမို့ ဒီပွဲဟာ အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။ ။



# အသင်းကြီးမဟုတ်တော့တဲ့ ချယ်လ်ဆီး

အာစင်ဝင်းဂါးရဲ့ အာဆင်နယ်နည်းပြသက်တမ်း နှစ် ၂၀ ပြည့်အဖြစ် အာဆင်နယ်အသင်းအိမ်ကွင်းကို ချယ်လ်ဆီးက သွားရောက်ကစားတဲ့ပွဲမှာ ကွန်တီရဲ့အပြာရောင် ချယ်လ်ဆီးတို့ သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်သွားခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး နည်းပြကွန်တီက ချယ်လ်ဆီးအသင်းဟာ အသင်းကြီးဖြစ်တယ်ဆိုတာ စာရွက်ပေါ်မှာသာရှိပြီး တကယ့်လက်တွေ့ကွင်းထဲမှာ မရှိတော့ပါဘူးလို့ ဝန်ခံပြောဆိုလိုက်ရပါတယ်။ ကွန်တီရဲ့ လတ်တလောကစားတဲ့ ပြိုင်ပွဲသုံးပွဲမှာ ရမှတ်တစ်မှတ်သာရရှိခဲ့ပါတယ်။ နည်းပြကွန်တီကတော့ သူ့ရဲ့ကစားသမားတွေအပေါ် အပြင်းအထန် ဝေဖန်ပြောဆို သတိပေးမှုတွေ ပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးကစားသမားတွေဟာ အသင်းကြီးဖြစ်တဲ့အကြောင်း စာရွက်ပေါ်မှာသာ မဟုတ်ဘဲ တကယ့်လက်တွေ့ ကွင်းထဲမှာ အစွမ်းပြနိုင်ဖို့ အချိန်တန်ပြီလို့လည်း ပြောဆိုခဲ့ပါတယ်။ ကွင်းထဲမှာ အကောင်းဆုံးဖြစ်အောင် ပြောင်းလဲသွားဖို့လည်း သူက တိုက်တွန်းခဲ့ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ခုနစ်နှစ်တာအတွင်း ပထမဆုံးအကြိမ်အဖြစ် လူစားနေရာမှ ဝင်ကစားခဲ့ရတဲ့ စီရော်နယ်ဒို

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု နှစ်ကြိမ်ဆွတ်ခူးခဲ့တဲ့ တောင်ပံတိုက်စစ်မှူး စီရော်နယ်ဒိုဟာ ရီးရဲမက်ဒရစ်နဲ့ လက်ပါးမတ်စ်တို့ ကစားခဲ့တဲ့ စပိန်လာလီဂါပွဲမှာ ခုနစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် လူစားလဲအဖြစ်သာ ပါဝင်ကစားခွင့်ရခဲ့ပါတယ်။ ဇီးနက်ဒင်းဇီဒန်းရဲ့ ရီးရဲမက်ဒရစ်အသင်းဟာ နှစ်ဂိုးအသာနဲ့ ဦးဆောင်ကစားခဲ့ပြီးမှ ပါးမတ်စ်ရဲ့ ချေပဂိုးကြောင့် တစ်ဖက်နှစ်ဂိုးစီနဲ့ ရီးရဲမက်ဒရစ်တို့ ထိုက်တန်တဲ့ ရမှတ်တွေ ဆုံးရှုံးသွားခဲ့ပါတယ်။ အဆိုးရွားဆုံးကတော့ စီရော်နယ်ဒိုကို ပွဲပြီးခါနီး ၁၈ မိနစ်အလိုရောက်မှ နည်းပြဇီဒန်းက ထည့်သွင်းကစားခွင့်ပေးခဲ့ပါတယ်။ စီရော်နယ်ဒိုရဲ့ ပါဝင်ကစားမှုကြောင့် ရီးရဲမက်ဒရစ်အသင်းဟာ ဒုတိယပိုင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ဦးဆောင်ကစားနိုင်ခဲ့ပါတယ်။ သို့သော်လည်း ပါးမတ်စ်တိုက်စစ်မှူး အာရူဂျိုရဲ့ နောက်ကျ ချေပဂိုးကြောင့် သရေပွဲဖြစ်ခဲ့ရပါတယ်။ ဒီပွဲဟာ စီရော်နယ်ဒိုရဲ့ ရီးရဲမက်ဒရစ် ကစားသမားဘဝတစ်လျှောက် ပထမဆုံး လူစားဝင်ကစားခြင်း ဖြစ်လာခဲ့ပါတယ်။





# ၁၀ ပွဲ ဆက်တိုက် အနိုင်ရရှိထားတဲ့ ဂွာဒီယိုလာရဲ့ မန်စီးတီး

မန်စီးတီးအသင်းက ဆွမ်ဆီးအိမ်ကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိလိုက်ခြင်းဟာ ဂွာဒီယိုလာ ကိုင်တွယ်တဲ့ ၁၀ ပွဲမှာ ၁၀ ပွဲစလုံး အနိုင်ရအောင် ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြ ဂွာဒီယိုလာရဲ့အရည်အချင်းကို ပြသမှုဖြစ်တယ်လို့ ဆိုပါတယ်။ ဂွာဒီယိုလာဟာ စပိန်လာလီဂါမှာ ဘာစီလိုနာအသင်းကို ဖလားတွေရအောင် ကိုင်တွယ်နိုင်ခဲ့သလို ဂျာမန်ဘွန်ဒက်စ်လီဂါမှာလည်း အောင်မြင်မှုတွေဆက်တိုက်ယူပေးခဲ့ပါတယ်။ ဒါအပြင် သူဟာ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပရီမီယာလိဂ်ကို ပြောင်းရွှေ့ခဲ့ရာမှာလည်း ယခုအချိန်အထိတော့ အောင်မြင်မှုတွေ ဆက်လက်ရရှိနေတယ်လို့ ဆိုပါတယ်။ သူစတင်ကိုင်တွယ်ချိန်မှစပြီး မန်စီးတီးအသင်းဟာလည်း ဆက်တိုက်အနိုင်ရရှိနေပြီး ၁၀ ပွဲဆက်တိုက် အနိုင်ရရှိထားပြီဖြစ်ပါတယ်။

# ကျောက်ပန်းတောင်းဒေသမှ ထန်းသီးဆံများကို တရုတ်နိုင်ငံမှလာရောက်ဝယ်ယူ၍ ဒေသခံများအပိုဝင်ငွေရ

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာဒေသများမှထွက်သော ထန်းသီးဆံများကို တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်အချို့က ဒေသအထိလာရောက်ပြီး ရနိုင်သမျှ ကွင်းဆင်းဝယ်ယူလာကြခြင်းကြောင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးလက်နေပြည်သူများအနေဖြင့် တစ်နိုင်တစ်ပိုင် မိသားစုအလိုက် ထန်းသီးများရှာဖွေစုဆောင်းပြီး ထန်းသီးဆံများ ထုခွဲရောင်းချခြင်းဖြင့် အပိုဝင်ငွေရရှိနေကြကြောင်း သိရသည်။

"ကျွန်မတို့ ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာတွေအထိ တရုတ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက တစ်နှစ် တစ်ကြိမ် နှစ်ကြိမ်ခန့်လာပြီးတော့ ဒေသထွက်ထန်းသီးဆံတွေကို အခုလိုပဲ ဝယ်ယူလေ့ရှိပါတယ်။ ထန်းသီးဆံကို သူတို့နိုင်ငံမှာ ဘယ်လိုပြန်အသုံးချလဲတော့ မသိပါဘူး။ ကျွန်မတို့အနေနဲ့ကတော့ ဒေသထွက်ထန်းသီးဆံဟာ ကျွန်မတို့ဒေသမှာ ပေါပေါများများရှိနေတော့ သူတို့လာဝယ်တဲ့အချိန်ဆိုရင် မိသားစုအလိုက်ဝိုင်းဖွဲ့ပြီး ထန်းသီးလုံးတွေ ရှာဖွေစုဆောင်းပြီးတော့ ထန်းသီးဆံထုခွဲရောင်းချရလို့ မိသားစုဝင်ငွေရရှိတဲ့အတွက် အလုပ်ဖြစ်ပါတယ်"ဟု ကျောက်ပန်းတောင်းမြို့နယ် နှစ်ကျပ်ခွဲကျေးရွာအုပ်စု စမ်းပြားတဲတိုက်မှ ဒေသခံအမျိုးသမီးတစ်ဦးက ထန်းသီးဆံရောင်းရခြင်းကြောင့်ဝင်ငွေပိုမိုရရှိနေပုံကိုရှင်းပြသည်။

"သူတို့ဝယ်ယူတဲ့ဈေးနှုန်းကတော့ ထန်းသီးဆံတစ်လုံးကို ၁၅ ကျပ်ခန့်နဲ့ ဝယ်ယူပါတယ်။ ထန်းသီးဆံထုခွဲတဲ့နေရာမှာ ထန်းသီးတစ်လုံးရဲ့အတွင်းမှာရှိတဲ့ထန်းသီးစေ့ကို ထန်းသီးဆံအလုံးလိုက်ရအောင် ထုခွဲရပါတယ်။ ဒါမှ တရုတ်လူမျိုးက ဝယ်တာပါ။ ထန်းသီးဆံကို အလုံးလိုက်မဟုတ်ပဲ ကွဲအက်အနာအဆာပါတယ်ဆိုရင် မဝယ်ပါဘူး။ ဒါပေမယ့် တစ်ယောက်တစ်လက် မိသားစုဝိုင်းဖွဲ့ပြီး စုပေါင်းလုပ်တဲ့အတွက် တစ်ရက်ကို ထန်းသီးဆံရောင်းရငွေ ကျပ် ၁၅၀၀၀ မှ ၂၀၀၀၀ ဝန်းကျင်အထိ ရပါတယ်။ ဒါကြောင့် အခုလို ဒေသထွက်ထန်းသီးဆံ လာဝယ်တဲ့အချိန်ဆိုရင် ကျွန်မတို့ ကျောက်ပန်းတောင်းမြို့နယ်မှာရှိတဲ့ ကျေးရွာတွေက ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်ရပြီး မိသားစုဝင်ငွေရရှိနေကြလို့ အဆင်ပြေပါတယ်"ဟု အဆိုပါအမျိုးသမီးက ဆက်ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူငယ်တွေ့ဆုံဆွေးနွေးပွဲ (Youth Forum) တာချီလိတ်၌ကျင်းပ

**တာချီလိတ် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံ၏ လူငယ်မူဝါဒတွင် လူငယ်များကိုယ်တိုင်ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏အသံများ ပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များကဦးဆောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူငယ်တွေ့ဆုံဆွေးနွေးပွဲ(Youth Forum)ကို တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ စက်တင်ဘာ ၂၄ ရက်က စတင်ကျင်းပခဲ့ကြောင်း သိရသည်။

လူငယ်တွေ့ဆုံဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးတင်ဝင်းရွှေက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူနိုင်က အဖက်ဖက်မှ ကူညီဆောင်ရွက်ပေးသူများအား ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တာချီလိတ်လူငယ်ကွန်ရက်အဖွဲ့မှ တာဝန်ခံ ဒေါ်မေဇာခြည်လင်းက လူငယ်တွေ့ဆုံပွဲကျင်းပသည့် ရည်ရွယ်ချက်များနှင့် လူငယ်တွေ့ဆုံပွဲများမှ ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲဖြစ်မြောက်ရေးအတွက် ကဏ္ဍအလိုက် ကူညီဆောင်ရွက်ပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။

လူငယ်တွေ့ဆုံဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တာချီလိတ်ခရိုင်မှ လူငယ် ၁၂၀ ဦး၊ ကျိုင်းတုံခရိုင်မှ လူငယ် ၄၀ နှင့် မိုင်းဆတ်ခရိုင်မှ လူငယ် ၄၀၊ စုစုပေါင်း လူငယ် ၂၀၀ တက်ရောက်ကြပြီး လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် ငြိမ်းချမ်းရေး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် ပညာရေး၊ လူငယ်များအတွက် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ၊ လူငယ်နှင့် သဘာဝပတ်ဝန်းကျင် စသည့်အကြောင်းအရာများနှင့်ပတ်သက်၍ ကောင်းမွန်သော အကြံပြုချက်များရရှိရန် စက်တင်ဘာ ၂၄ ရက်နှင့် ၂၅ ရက် နှစ်ရက်ကြာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကလေးများဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရေး ပန်းချီပြိုင်ပွဲကျင်းပ

**ဟားခါး စက်တင်ဘာ ၂၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဟားခါးခရိုင် ပြည်သူ့စာကြည့်တိုက်၌ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပန်းချီပြိုင်ပွဲကို စက်တင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲမစတင်မီ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပုမ်ခန့်နွမ်က ပြိုင်ပွဲကျင်းပခြင်း ရည်ရွယ်ချက်နှင့် ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ကလေးများစိတ်ဝင်စားသည့် ပုံပြင်စာအုပ်၊ ကာတွန်းနှင့်ရွှေသွေး ဂျာနယ်များအပြင် ကလေးများ ဉာဏ်စမ်းကစားစရာရုပ်ပုံများ၊ ပုံဆွဲစာအုပ်နှင့်ရောင်စုံ ခဲတံများ၊ Tablet များကို ထားရှိပေးပြီး ကလေးများအတွက် ဝန်ဆောင်မှုပေးနေပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပန်းချီပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ဟားခါးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ချင်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးခမ်လျန်ဆုမ်က ဆုများချီးမြှင့်ပေးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**



# ပုဇွန်တောင်မြို့နယ်အတွင်း နောက်ဖေးလမ်းကြားများတွင် သန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ နောက်ဖေးလမ်းကြားများ သန့်ရှင်းစေရန်အတွက် ရန်ကုန်တောင်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ခရိုင်အရာရှိ ဦးမြင့်ဆွေ ကြီးကြပ်သော ဝန်ထမ်းအင်အား ၄၀ ခန့်က သန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၂၀ ရက်မှစ၍ ပုဇွန်တောင်မြို့နယ် အမှတ်(၂) ရပ်ကွက်အတွင်းရှိ နောက်ဖေးလမ်းကြားများတွင် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



နောက်ဖေးလမ်းကြားများရှိ အမှိုက်များရှင်းလင်းခြင်း၊ မိလ္လာပိုက်လိုင်းများ ပြုပြင်ပေးခြင်း၊ ရေပိုက်လိုင်းများ ရေစီးဆင်းမှုကောင်းမွန်စေရန် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည့်အပြင် နောက်ဖေးလမ်းကြားအတွင်း ကျူးကျော်များကိုလည်း ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရသည်။ ရပ်ကွက်နေပြည်သူတစ်ဦးက "တိုက်ခန်းအပေါ်ထပ်၊ အောက်ထပ် နေတဲ့သူတွေကလည်း အမှိုက်ပစ်တာ စည်းကမ်းရှိဖို့လိုပါတယ်။ အမှိုက်တွေကို သတ်မှတ်ထားတဲ့နေရာမှာ အိတ်နဲ့ထည့်ပြီး သွားပစ်နိုင်မယ်ဆိုရင် အခုလို နောက်ဖေးလမ်းကြားတွေ သန့်ရှင်းသွားတာကို ရေရှည်ထိန်းသိမ်းသွားနိုင်မှာပါ။ ရပ်ကွက်နေပြည်သူများအားလုံးမှာ တာဝန်ရှိပါတယ်"ဟု ပြောသည်။

**လှလှ**

# ပေါင်လီမြို့၌ အရက်သောက်သုံးခြင်းကြောင့်ဖြစ်တတ်သော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ကာကွယ်ရေးနှိုးဆော်ချက်ပိုစတာစိုက်ထူ

**သံတွဲ စက်တင်ဘာ ၂၆**

အရက်သောက်သုံးခြင်းကြောင့်ဖြစ်တတ်သော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ကာကွယ်ရေးနှိုးဆော်ချက် ပိုစတာစိုက်ထူခြင်းကို စက်တင်ဘာလ ဒုတိယပတ် နံနက် ၉ နာရီက သံတွဲမြို့နယ် ပေါင်လီမြို့လမ်းဆုံနှင့် ဂျိတ္တောရပ်ကွက်လမ်းဆုံတို့တွင် စိုက်ထူကြရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်မောင်စိုး၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ ပေါင်လီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်စိုက်ထူပေးကြသည်။

နှစ်စဉ် ကမ္ဘာ့လူဦးရေ သန်းနှစ်ထောင်ကျော်သည် အရက်ကိုစွဲစွဲမြဲမြဲ သောက်သုံးနေကြပြီး သန်း၈၀ နီးပါးသည် အရက်ကြောင့်ဖြစ်သော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများခံစားနေရကြောင်း၊ လူငယ်အမျိုးသား၊ အမျိုးသမီးများသည်ပင် အရက်ဆိုင်ထိုင်ကာ အရက်သောက်သုံးမှုများ တွေ့ရှိရကြောင်း၊ ယင်းနောက်ဆက်တွဲရောဂါများအပြင် မတော်တဆ ထိခိုက်မှုဖြစ်ပွားသောကြောင့် သေဆုံးမှုပိုမိုများပြားခြင်း၊ လူမှုရေးပြဿနာများ၊ ရာဇဝတ်မှုများ ပိုမိုများပြားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့စစ်တမ်းများအရ တွေ့ရှိရသည်။

ထို့အပြင် အရက်သောက်သုံးခြင်းကြောင့် ကျန်းမာရေးနောက်ဆက်တွဲပြဿနာဖြစ်သော အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း၊ သွေးအန်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း အစရှိသောရောဂါများအပြင် စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာဖြစ်သော အရက်မူးခြင်းကြောင့် ရာဇဝတ်မှုများကို ဆင်ခြင်မှုကင်းမဲ့စွာ ပြုမူခြင်း၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးများထိခိုက်ပြီး သက်တမ်းစေ့ မနေရခြင်းတို့ဖြစ်ပေါ်သဖြင့် အသက်အရွယ်မရွေး အရက်သောက်သုံးခြင်းကို ရှောင်ကြဉ်ရန်လိုအပ်သကဲ့သို့ အရက်သောက်သုံးမှုမှ လုံးဝရှောင်ကြဉ်ကြရန်နှင့် အရက်စွဲရောဂါဖြစ်နေပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနများတွင် စောလျင်စွာပြသ၍ စနစ်တကျ ကုသမှုခံယူကြရန် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရှိရသည်။ **သန့်ဇင် (ပြန်/ဆက်)**

## သတင်းတိုများ

### တရုတ်-မြန်မာချစ်ကြည်ရေးပဒေသာကပွဲ မန္တလေး၌ကျင်းပ

မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းက ကြီးမှူး၍ မန္တလေးမြို့ ဖူကျင့်ကွန်ဖြူးရှပ်စင်တာ(FITC)၏ ၂၀၁၆ ခုနှစ် ဆွေမျိုးပေါက်ဖော် ယဉ်ကျေးမှုပဒေသာကပွဲကို မန္တလေးမြို့ ရွှေပြည်သာဟိုတယ်ခန်းမ၌ စက်တင်ဘာ ၂၄ ရက်ညပိုင်းက ကျင်းပခဲ့သည်။ ပဒေသာကပွဲတွင် FITC မှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မန္တလေးမြို့ရှိ ကိုယ်ပိုင်ကျောင်းများနှင့် ဘာသာကျောင်းများမှ ကျောင်းသားကျောင်းသူများက ပြဇာတ်နှင့် အဆိုအက အစီအစဉ်များဖြင့် တင်ဆက်ပြီး တရုတ်ကောင်စစ်ဝန်ချုပ် ဦးကျော်ရင်(ခ)Mr Wang Zanjying၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးပိုမြင့်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

### အခြေခံပညာကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ကျင်းပလျက်ရှိသော မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။ ဗိုလ်လုပွဲတွင် ဇုတ်သုတ်ကျေးရွာ အထက(ခွဲ)အသင်းနှင့် ဘီးလင်း အထက(၁)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ဇုတ်သုတ် အထက(ခွဲ)အသင်းက ဘီးလင်းအထက(၁)အသင်းကို အနိုင်ရရှိခဲ့ကာ ဆုရအသင်းများနှင့် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက်မှ စတင်ကျင်းပခဲ့ပြီး မြို့နယ်အတွင်း နယ်မြေဇုန်ခြောက်ခုရှိ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများမှ ဘောလုံးအသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ကသာမြို့မြစ်ကမ်းဘေး သာယာလှပစေရေးဆောင်ရွက်

**ကသာ စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ ရပ်ကွက်(၂)အတွင်း ကမ်းနားလမ်းနှင့် မြစ်ကမ်းဘေးတစ်လျှောက် သာယာလှပရေးအတွက် ကသာမြို့စည်ပင်သာယာရေးကော်မတီက စက်တင်ဘာ ၂၄ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကသာမြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှဝေနှင့် အဖွဲ့ဝင် ဦးအောင်သန်း၊ အငယ်တန်းအင်ဂျင်နီယာဒေါ်တင်နီလာအောင်တို့က ဦးဆောင်၍ ကမ်းနားလမ်းနှင့် မြစ်ကမ်းဘေး ရေထိန်းနံရံနှင့် လက်ရမ်းအလှမီးတိုင်များကို တပ်ဆင်ခြင်းကို ဆောင်ရွက်နေခြင်းဖြစ်ပြီး ကမ်းနားလမ်းအလုပ်သမားရုံးမှ ရွှေကူကြီးဘုရားထိ အရှည်ပေ ၂၅၀ တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းများပြီးစီးပါက ဒေသခံပြည်သူများနှင့် ကသာမြို့သို့လာရောက်သော ပြည်တွင်းနှင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ကျန်းမာရေးလေ့ကျင့်မှု ပြုလုပ်နိုင်ရန်အတွက် အထောက်အကူပြုကိရိယာ၊ အသုံးဆောင်ပစ္စည်းများကိုလည်း ထားရှိပေးသွားမည်ဖြစ်ကြောင်း ကသာမြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။ **ခင်မောင်ဆွေ(မော်လူး)**

## စာဖတ်စွမ်းရည်နှင့် ကဗျာရွတ်ပြိုင်ပွဲကျင်းပ

**နွားထိုးကြီး စက်တင်ဘာ ၂၆**

နွားထိုးကြီးမြို့မြို့မ အထကကျောင်း၏ KG လေ့ကျင့်ရေးအစီအစဉ်အရ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို စက်တင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်ငြိမ်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲစည်းကမ်းများကို ရှင်းပြသည်။ ထို့နောက် သူငယ်တန်းနှင့် ပထမတန်းကျောင်းသား ကျောင်းသူများအတွက် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဒုတိယတန်း ကျောင်းသား ကျောင်းသူများအတွက် အီဘိုလာရောဂါပိုးအကြောင်း စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် တတိယတန်း ကျောင်းသား ကျောင်းသူများအတွက် ဇီကာဗိုင်းရပ်(စ်)ရောဂါပိုးအကြောင်း သိကောင်းစရာများ စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆရာ ဆရာမများက ဆုများချီးမြှင့်ခဲ့သည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**



## လူကုန်ကူးမှု တိုက်ဖျက်ရေးဟောပြော

**မိုးညို စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ အခြေခံပညာအထက်တန်းကျောင်း သရဖူခန်းမ၌ လူကုန်ကူးမှုတိုက်ဖျက်ရေး ဟောပြောပွဲကို စက်တင်ဘာ တတိယပတ်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်လွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း၊ အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ပဲခူး) ရုံးခွဲ(သာယာဝတီ)မှ ရဲအုပ် လှဇော်ဝင်းက လူကုန်ကူး/လူမှောင်ခိုနှင့်ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **သန်းဇော်(မြို့နယ် ပြန်/ဆက်)**

## အစေ့ထုတ်ပြောင်း အထွက်ကောင်းသော်လည်း ဝယ်ဈေးကျဆင်း၍ တောင်သူများအရှုံးပေါ်

**နေပြည်တော် စက်တင်ဘာ ၂၆**

နေပြည်တော်အတွင်းရှိ မြို့နယ်များတွင် ယခုနှစ် စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းများ အထွက်နှုန်းကောင်းသော်လည်း ဝယ်ယူသည့်ဈေးနှုန်းမှာ ကျဆင်းနေခြင်းကြောင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးခဲ့သော တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်ပင်မရရှိဘဲ အရှုံးနှင့်ရင်ဆိုင်နေရကြောင်း ပုဗ္ဗသီရိမြို့နယ်အတွင်းမှ အစေ့ထုတ်ပြောင်းစိုက်ပျိုးသည့် တောင်သူများထံမှ သိရသည်။



ပြောင်းစိုက်ခင်းတစ်ခုအတွင်း ရိတ်သိမ်းထားသောပြောင်းဖူးများ

"ကျွန်တော်တို့ရွာနဲ့ အနီးပတ်ဝန်းကျင်ရွာတွေက အစေ့ထုတ်ပြောင်းကို အဓိကစိုက်ပျိုးကြတာပါ။ မနှစ်ကဆို ပြောင်းတစ်တင်းကို တစ်သောင်းကျပ်ဝန်းကျင်ရောင်းရတယ်။ ဒီနှစ်က ပြောင်းအထွက်နှုန်းကောင်းပေမယ့် တစ်တင်းကို ငါးထောင်ကျပ်၊ ခြောက်ထောင်ကျပ် ဝန်းကျင်လောက်ပဲ ဈေးရှိတော့ စိုက်ပျိုးစရိတ် အရင်းတောင် ပြန်မရဘူး။ တစ်တင်းကို ခုနစ်ထောင်ကျပ်လောက်ရမှ ကျွန်တော်တို့ရဲ့ ထွန်ရှည်းခ၊ မြေသြဇာ၊ မျိုး၊ အလုပ်သမားခ အားလုံးကျေရုံလောက်ပဲရှိတယ်။ အစေ့ထုတ်ပြောင်းက မနှစ်ကထက် ထက်ဝက်နီးပါး ဝယ်ဈေးကျနေတဲ့အတွက် စိုက်ပျိုးတဲ့တောင်သူတွေ အကျိုးအမြတ်မရတဲ့အပြင် စိုက်ပျိုးစရိတ်အရှုံးနဲ့ပါ ရင်ဆိုင်နေရတယ်"ဟု ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ အစေ့ထုတ်ပြောင်းများကို စိုက်ပျိုးရာတွင် ဧပြီလမှ စတင်စိုက်ပျိုးရပြီး စက်တင်ဘာလတွင် ရိတ်သိမ်းကာ ပုဗ္ဗသီရိမြို့နယ်အတွင်း စိုက်ခင်းများမှာ ယခုနှစ်တွင် တစ်ဧကလျှင် ပျမ်းမျှ တင်း ၆၀ အထိ ထွက်ရှိကြောင်းနှင့် စိုက်ပျိုးစရိတ်မှာ တစ်ဧကလျှင် ကျပ်သုံးသိန်းခွဲခန့် ကုန်ကျခဲ့ကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်များအရ သိရသည်။ **မင်းမဟော်(ပြန်/ဆက်)**

## အထူးကုဆရာဝန်ကြီးများအဖွဲ့က ကျေးရွာနေပြည်သူများအား အခမဲ့ကွင်းဆင်းဆေးကုသပေး

**ဖျာပုံ စက်တင်ဘာ ၂၆**

ဖျာပုံမြို့နယ် ကျုံတာကျေးရွာမှ ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပူးပေါင်းပါဝင်မှုဖြင့် ဖျာပုံခရိုင် ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများပါဝင်သည့် ဆေးကုသရေးအဖွဲ့က စက်တင်ဘာ ၂၃ ရက်က သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖျာပုံခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာစိန်စိန်နှင့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမများ စုစုပေါင်း ၂၅ ဦးပါဝင်သည့် ကွင်းဆင်းဆေးကုသရေးအဖွဲ့က ကျေးရွာအရောက်သွားရောက်ပြီး အခမဲ့ဆေးကုသပေးခဲ့ရာ မျက်စိ၊ သွားနှင့် ခံတွင်း၊ သားဖွားမီးယပ်၊ အကြောအဆစ်၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး၊ အရေပြားရောဂါ၊ အရိုး၊ ကလေးရောဂါ၊ ခွဲစိတ်နှင့် အထွေထွေ စသည့် ရောဂါဝေဒနာရှင်လူနာပေါင်း ၄၀၀ ကျော်ကို အထူးကုဆရာဝန်ကြီးများကိုယ်တိုင် စမ်းသပ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ အခမဲ့ ဆေးကုသပေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျအုန်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်အသင်းဥက္ကဋ္ဌ ဒေါ်နွယ်နွယ်ဝင်းနှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

